# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


**လောကကို မင်္ဂလာကျောင်းဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မင်္ဂလာကျောင်းဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၄ ရက် | ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၅ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၀)၊ အမှတ် (၁၄၈)




ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) တို့ တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

## ထိုင်းနိုင်ငံဝန်ကြီးချုပ်၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ထိုင်းနိုင်ငံသို့ သွားရောက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း)၏ ဖိတ်ကြားချက်အရ နိုင်ငံခြားရေးဝန်ကြီးဌာန၊ ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ထိုင်းနိုင်ငံသို့ ယနေ့နံနက်ပိုင်းတွင် အထူးလေယာဉ်ဖြင့် သွားရောက်ခဲ့ပြီး ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိသည်။

ထိုင်းနိုင်ငံသို့ ရောက်ရှိနေစဉ်အတွင်း ပြည်ထောင်စုဝန်ကြီးသည် ထိုင်းနိုင်ငံဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ပရာယုဒ် ချန်အိုချာ (ငြိမ်း) နှင့် ထိုင်း ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး

*စာမျက်နှာ ၃ ကော်လံ ၁* ❑

### ယနေ့ မာတိကာ


**တန်ဖိုးကြီးလှ လူ့ဘဝ**

ဆောင်းပါး စာ ၆

**သက်ဆိုင်သူသို့ ...**

ဆောင်းပါး စာ ၁၀

**ကုန်စုံဆိုင်ငယ်များသို့ အတိုးနှုန်းသက်သာသောချေးငွေဖြင့် တစ်ဆိုင်လျှင် အများဆုံး ချေးငွေပမာဏ ကျပ်သိန်း (၅၀) အထိ ထုတ်ချေးမည်**

ပြည်တွင်းသတင်း စာ ၁၁

**ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ကမ္ဘာ့ပြည်သူတစ်ရပ်လုံး မျှမျှတတရရှိစေရန် ကုလအတွင်းရေးမှူးချုပ် ပြောကြား**

နိုင်ငံတကာသတင်း စာ ၁၃


## မလေးရှားနိုင်ငံရောက် နေရပ်ပြန်လိုသည့် မြန်မာနိုင်ငံသားများအား ခေါ်ဆောင်လာသော တပ်မတော်စစ်ရေယာဉ်များ နိုင်ငံတကာရေပြင်မှ မြန်မာနိုင်ငံသို့ ဆက်လက်ခုတ်မောင်းလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ လမ်းညွှန်ချက်အရ မလေးရှားနိုင်ငံရောက် မြန်မာနိုင်ငံသား ၁၀၈၆ ဦးအား ပြန်လည်ခေါ်ဆောင်လာသော တပ်မတော်စစ်ရေယာဉ်များသည် ဖေဖော်ဝါရီ ၂၃ ရက် မလေးရှားစံတော်ချိန် ညနေ ၅ နာရီ မိနစ် ၄၀ တွင် လူမွတ် (Lumut) ရေတပ်ဆိပ်ကမ်းမှတစ်ဆင့် ပြန်လည်ထွက်ခွာလာခဲ့ကြောင်း သိရသည်။ **(ယာပုံ)**



မြန်မာ့တပ်မတော်မှ စစ်ရေယာဉ်များနှင့်အတူ လိုက်ပါလာသော မြန်မာနိုင်ငံသားများအား စနစ်တကျနေရာချထားပေးခြင်း၊ လမ်းခရီးတစ်လျှောက် လုံခြုံရေး၊ စားသောက်နေထိုင်ရေးနှင့် လိုအပ်သော ကျန်းမာရေးဆိုင်ရာ စောင့်ရှောက်မှုပေးခြင်းတို့အား ပင်လယ်သွား ဆေးရုံရေယာဉ် (သံလွင်) အပါအဝင် စစ်ရေယာဉ်များ၌ တာဝန်ထမ်းဆောင်နေသည့် တပ်မတော်သားများက ကူညီဆောင်ရွက်ပေးလျက်ရှိရာ ၎င်းတို့အနက်မှ ဖျားနာရောဂါ၊ ချောင်းဆိုးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်သည့် လူနာ ၅၉ ဦးတို့အား ဆေးအဖွဲ့က လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ၎င်းတို့၏ မိသားစုဝင်များနှင့် အမြန်ဆုံးတွေ့ဆုံရန်၊ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိစေရန် စီစဉ်ဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး ဖေဖော်ဝါရီ ၂၇ ရက်တွင် မြန်မာနိုင်ငံသို့ ပြန်လည်ရောက်ရှိမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

မြန်မာ့အလင်း

## မြို့ကြီးပြကြီးနှင့် သစ်ပင် ပန်းပင် အရိပ်ရပင်များ

သစ်ပင်ပန်းပင်စိုက်ပျိုးခြင်း၊ အရိပ်ရ သစ်ပင်စိုက်ပျိုးခြင်း၊ တံတားဆောက်လှူဒါန်းခြင်း၊ ရေချမ်းစင်တည်၍ လှူဒါန်းခြင်း၊ ရေတွင်းရေကန် တူးဖော်လှူဒါန်းခြင်း၊ ကျောင်းဇရပ် တန်ဆောင်း တည်ဆောက်လှူဒါန်းခြင်းတို့သည် နေ့ရောညပါ ကုသိုလ်ရနေသည့် ထာဝရကုသိုလ်ခြောက်မျိုးဖြစ်သည်။ သီးပင်စားပင် ပန်းပင်အရိပ်ရပင်ဟူသမျှတို့က လူသားတို့ကို အဘက်ဘက်မှ အကျိုးပြုနိုင်ကြသည့်အတွက် သစ်ပင်ပန်းပင်အရိပ်ရပင်တို့ စိုက်ပျိုးခြင်းကို ကောင်းမှုကုသိုလ်အဖြစ် သတ်မှတ်ထားခြင်းဖြစ်သည်။ ကောင်းမှုကုသိုလ်တွင်မှ နေ့နေ့ညညရနေသည့် ထာဝရကုသိုလ်အဖြစ် ထူးခြားသည်။

သစ်ပင် ပန်းပင် အရိပ်ရပင်များက မြို့ကြီးပြကြီးများတွင် ပို၍လိုအပ်သည်။ ဥယျာဉ်ပန်းခြံများ၊ လမ်းဘေးဝဲယာနှင့် လမ်းလယ်ကျွန်းတို့တွင် မြက်ခင်းများနှင့် စိမ်းစိုသည့် သစ်ပင်များ စသည်တို့က မြို့၏အဆင်တန်ဆာများဖြစ်သလို မရှိမဖြစ် လိုအပ်ချက်များလည်း ဖြစ်သည်။ တိုက်တာအဆောက်အအုံများ၊ ကွန်ကရစ်လမ်းများ၊ ပလက်ဖောင်းများနှင့် ကွန်ကရစ်တောဖြစ်နေသည့် မြို့မှာ အပူလွန်ကဲခြင်း၊ လေထုညစ်ညမ်းခြင်း၊ မြေအောက်ရေခြောက်ခန်းခြင်းကဲ့သို့သော ဖြစ်စဉ်များနှင့် ကြုံတွေ့ရမည်ဖြစ်သည်။ မြို့ပြဧရိယာအတွင်း မြက်ခင်းများ၊ အရိပ်ရသစ်ပင်များ၊ သစ်ပင်ပန်းပင်များ များပြားထူထပ်စွာရှိနေပါက လေထုသန့်စင်ခြင်း၊ အပူအအေးမျှခြင်း၊ မြေအောက်ရေကို ပြန်လည် ဖြည့်တင်းပေးနိုင်ခြင်းစသည့် အကျိုးကျေးဇူးများရရှိနိုင်သည်။ မြို့ပြဧရိယာအတွင်း သစ်ပင်များ တစ်အုပ်တစ်မ စိုက်ပျိုးထားခြင်း၏ အကျိုးဆက်အဖြစ် လူသားများတွင် အဆုတ်နှင့် အသက်ရှူလမ်းကြောင်းဆိုင်ရာရောဂါ၊ နှလုံးရောဂါများ ဖြစ်ပွားမှုကို လျော့ကျစေနိုင်သည်။ လေထုထဲရှိ အမှုန်အမွှားများကို ဖယ်ရှားနိုင်ခြင်း၊ ကာဗွန်ဒိုင်အောက်ဆိုဒ်ဓာတ်ငွေ့ကို စုပ်ယူပြီး အောက်ဆီဂျင်ဓာတ်ငွေ့ကို ပြန်လည်ထုတ်လုပ်ပေးခြင်းဖြင့် လေထုထဲမှ အဆိပ်အတောက်များကို ဖယ်ရှားပေးနိုင်သည်။ အရွယ်ရောက်သည့် သစ်ပင်တစ်ပင်သည် တစ်နှစ်လျှင် လေထုထဲမှ ကာဗွန်ဒိုင်အောက်ဆိုဒ် ၄၈ ပေါင်ကို စုပ်ယူပေးနိုင်ရာ သစ်ပင်အများအပြား စိုက်ပျိုးထားခြင်းဖြင့် မြို့ပြ၏ လေထုသန့်စင်စေရန် မည်မျှအကျိုးပြုနိုင်မည်ဖြစ်ကြောင်း တွက်ဆနိုင်သည်။

စိမ်းလန်းသည့် မြက်ခင်းများနှင့် သစ်ပင်များ၊ ရောင်စုံလှပသည့်ပန်းပင်များ၊ အေးမြသည့် သစ်ရိပ် ဝါးရိပ်တို့က လူသားတို့အတွက် စိတ်ရောကိုယ်ပါ ကောင်းကျိုးရလဒ်များကို ရရှိစေသည်။ သစ်ပင်သစ်ရိပ်များအုံ့ဆိုင်းနေသည့် ရိပ်သာလမ်းမျိုးတွင် ပုံမှန်လမ်းလျှောက် လေ့ကျင့်သူအဖို့ ကိုယ်ခန္ဓာကျန်းမာမည့်အပြင် မှတ်ဉာဏ်နှင့် စိတ်စွမ်းအင်တို့ပါ တိုးတက်ကောင်းမွန်လာသည်ဟု သုတေသီတို့က ပြောကြားသည်။ စိမ်းလန်းသည့်သစ်ပင်တို့က လူသားတို့၏ စိတ်အပေါ် လွှမ်းမိုးနိုင်စွမ်းရှိသည့်အတွက် သစ်ပင်ကင်းမဲ့ခြောက်သွေ့သည့် ပတ်ဝန်းကျင်ကြောင့်လည်း လူသားတို့၏စိတ်တွင် အေးချမ်းမှုကင်းမဲ့ ခြောက်သွေ့စေကြောင်းလည်း သိရသည်။

ယခုကာလသည် လာမည့်မိုးရာသီ သစ်ပင်စိုက်ပျိုးရေး၊ ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှုအတွက် သစ်ပင်ပျိုးပင်များ ပျိုးထောင်မှု ပြုလုပ်နေသည့်ကာလဖြစ်သည်။ မိမိတို့နိုင်ငံတွင် နှစ်စဉ်မိုးရာသီ သစ်ပင်စိုက်ပွဲတော်များပြုလုပ်ပြီး ပတ်ဝန်းကျင် စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်ခဲ့ရာ စိုက်ပျိုးသစ်ပင်များ၏ ရာခိုင်နှုန်းအနည်းငယ်မျှသာ ရှင်သန်ပြီး အများစုမှာ ဆက်လက်ရှင်သန်အောင်ပြုစုခြင်း၊ သေသွားသည့် အပင်များနေရာတွင် အစားထိုးပြန်လည်စိုက်ပျိုးခြင်းတို့ အလျင်းကင်းမဲ့ခြင်းကြောင့် စိုက်ပျိုးသစ်ပင်များ အဟောသိကံဖြစ်မှုများကို တွေ့ရှိရသည်။ အသစ်စိုက်ပျိုးခြင်းနှင့်အတူ စဉ်ဆက်မပြတ်ဆက်လက်ပြုစုပြီး ရှင်သန်အောင် ထိန်းသိမ်းနိုင်သည်နှင့် အမျှ နှစ်စဉ်စိုက်ပျိုးခဲ့သည့် သန်းပေါင်းများစွာသော သစ်ပင်များ ရှင်သန်အကျိုးပြုနိုင်မည်ဖြစ်ပါကြောင်း။ ။

# နိုင်ငံ့ဝန်ထမ်းများအား Social punishment ဖြင့် ခြိမ်းခြောက်အကျပ်ကိုင်မှုများ ဖြစ်ပေါ်ပါက သက်ဆိုင်ရာသို့ ဆက်သွယ်တိုင်ကြားနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်နှင့် နိုင်ငံသားတို့၏အကျိုးကို သယ်ပိုးဆောင်ရွက်ရန်အတွက် နိုင်ငံ့ဝန်ထမ်းတာဝန်များကို မပျက်မကွက် ဆက်လက်ထမ်းဆောင်လျက်ရှိသော နိုင်ငံ့ဝန်ထမ်းများအား လုပ်ငန်းခွင်သို့ ဝင်ရောက်ခြင်းမပြုနိုင်စေရန်အတွက် Social Media များမှ လည်းကောင်း၊ လူမှုပတ်ဝန်းကျင်များတွင်လည်းကောင်း နိုင်ငံတော်ကို ဆန့်ကျင်နှောင့်ယှက်မှုပြုလုပ်နေသူတချို့က နည်းမျိုးစုံဖြင့် နှောင့်ယှက်၍ Social punishment ပြုလုပ်လျက်ရှိကြောင်း သိရှိရသည်။

သို့ဖြစ်၍ အထက်ပါခြိမ်းခြောက်ဟန့်တားမှုများ၊ အကျပ်ကိုင်မှုများကြုံရပါက အောက်ပါဖုန်းနံပါတ်များနှင့် e-mail လိပ်စာများသို့ ဆက်သွယ်တိုင်ကြားနိုင်ကြောင်းနှင့် သက်ဆိုင်ရာမှလည်း စိစစ်ဖော်ထုတ်၍ ဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါသည်။

**ဆက်သွယ်ရန်ဖုန်းနံပါတ်များနှင့် e-mail လိပ်စာများ**

| စဉ် | တိုင်းဒေသကြီး/ ပြည်နယ် | ဖုန်းနံပါတ်များ | e-mail လိပ်စာများ |
|---|---|---|---|
| ၁ | နေပြည်တော် | ၀၆၇-၅၅၀၂၅၁<br>၀၆၇-၅၅၀၂၅၂<br>၀၆၇-၅၅၀၂၅၃<br>၀၆၇-၅၅၀၂၅၄<br>၀၆၇-၅၅၀၂၅၅ | mpf-naypyitaw@e-moha.gov.mm |
| ၂ | ကချင်ပြည်နယ် | ၀၇၄-၂၅၂၆၆၇၁<br>၀၇၄-၂၅၂၆၆၇၂ | mpf-kachin@e-moha.gov.mm |
| ၃ | ကယားပြည်နယ် | ၀၈၃-၂၂၂၄၃၁၅<br>၀၈၃-၂၂၂၄၃၁၆ | mpf-kayar@e-moha.gov.mm |
| ၄ | ကရင်ပြည်နယ် | ၀၅၈-၂၀၂၁၀၉၆<br>၀၅၈-၂၀၂၁၀၀၉ | mpf-kayin@e-moha.gov.mm |
| ၅ | ချင်းပြည်နယ် | ၀၇၀-၂၀၂၂၁၁၁<br>၀၇၀-၂၀၂၂၃၃၃ | mpf-chin@e-moha.gov.mm |
| ၆ | စစ်ကိုင်းတိုင်းဒေသကြီး | ၀၇၁-၂၀၂၆၂၅၃<br>၀၇၁-၂၀၂၆၂၅၄ | mpf-sagaing@e-moha.gov.mm |
| ၇ | တနင်္သာရီတိုင်းဒေသကြီး | ၀၅၉-၂၀၂၄၀၂၉<br>၀၅၉-၂၀၂၄၀၃၀ | mpf-tanintharyi@e-moha.gov.mm |
| ၈ | ပဲခူးတိုင်းဒေသကြီး | ၀၅၂-၂၂၀၁၉၂၀<br>၀၅၂-၂၂၀၁၉၂၁ | mpf-bago@e-moha.gov.mm |
| ၉ | မကွေးတိုင်းဒေသကြီး | ၀၆၃-၂၀၂၈၈၅၅<br>၀၆၃-၂၀၂၈၈၅၆ | mpf-magway@e-moha.gov.mm |
| ၁၀ | မန္တလေးတိုင်းဒေသကြီး | ၀၂-၄၀၃၅၈၉၁<br>၀၂-၄၀၃၅၈၉၂<br>၀၂-၄၀၃၅၈၉၃<br>၀၂-၄၀၃၅၈၉၄<br>၀၂-၄၀၃၅၈၉၅ | mpf-mandalay@e-moha.gov.mm |
| ၁၁ | မွန်ပြည်နယ် | ၀၅၇-၂၀၂၇၈၈၀<br>၀၅၇-၂၀၂၇၈၈၄ | mpf-mon@e-moha.gov.mm |
| ၁၂ | ရခိုင်ပြည်နယ် | ၀၄၃-၂၀၂၄၅၅၇<br>၀၄၃-၂၀၂၄၅၅၈ | mpf-rakhine@e-moha.gov.mm |
| ၁၃ | ရန်ကုန်တိုင်းဒေသကြီး | ၀၁-၈၃၀၀၀၁၁<br>၀၁-၈၃၀၀၀၁၂<br>၀၁-၈၃၀၀၀၁၃<br>၀၁-၈၃၀၀၀၁၄<br>၀၁-၈၃၀၀၀၁၅ | mpf-yangon@e-moha.gov.mm |
| ၁၄ | ရှမ်းပြည်နယ် | ၀၈၁-၂၀၂၂၄၁<br>၀၈၁-၂၀၂၂၄၂ | mpf-shan@e-moha.gov.mm |
| ၁၅ | ဧရာဝတီတိုင်းဒေသကြီး | ၀၄၂-၂၀၂၃၁၀၃<br>၀၄၂-၂၀၂၃၁၀၆ | mpf-ayeyarwaddy@e-moha.gov.mm |

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
သတင်းထုတ်ပြန်ရေးအဖွဲ့

# နိုင်ငံ့ဝန်ထမ်းများအကျိုးအတွက် လိုအပ်တာတွေ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်

ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) အရ နိုင်ငံ့ဝန်ထမ်းများနဲ့ပတ်သက်ပြီး “ နိုင်ငံတော်သည် နိုင်ငံ့ဝန်ထမ်းများ၏ လုပ်ငန်းခွင်အာမခံချက် ရရှိရေး၊ စားဝတ်နေမှုဖူလုံရေး၊ အိမ်ထောင်ရှင် အမျိုးသမီးဝန်ထမ်းများ မီးဖွားခြင်းဆိုင်ရာ အကျိုးခံစားခွင့်ရှိရေးနှင့် အငြိမ်းစားဝန်ထမ်းများ စားဝတ်နေမှုသက်သာချောင်ချိရေးတို့အတွက် လိုအပ်သည့်ဥပဒေများ ပြဋ္ဌာန်းရမည် ” လို့ ပြဋ္ဌာန်းထားပါတယ်။ နိုင်ငံ့ဝန်ထမ်းများအတွက် ဥပဒေများ ပြဋ္ဌာန်းထားပြီးဖြစ်ပါတယ်။ လိုအပ်ချက်တွေ ရှိကောင်းရှိနေနိုင်ပါတယ်။ ကျွန်တော်တို့အနေနဲ့ ပြန်လည်စိစစ်ပြီး နိုင်ငံ့ဝန်ထမ်းများအကျိုးအတွက် လိုအပ်တာတွေ ထပ်မံဖြည့်ဆည်းဆောင်ရွက်ပေးသွားပါမယ်။ နိုင်ငံ့ဝန်ထမ်းများဟာ နိုင်ငံ့အကျိုး၊ ပြည်သူ့အကျိုးကို တိုက်ရိုက်သယ်ပိုးခွင့် ရရှိသူများလည်း ဖြစ်ပါတယ်။ နိုင်ငံတော်ရဲ့ ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနဲ့ တရားစီရင်ရေးကဏ္ဍများ ကောင်းမွန်စွာလည်ပတ်နိုင်ဖို့အတွက် အဆင့်ဆင့် တာဝန်ယူမှု၊ တာဝန်ခံမှုတွေနဲ့ ပြည်သူ့ကောင်းကျိုးကို လုပ်ဆောင်နေကြရတဲ့ ဂုဏ်ယူစရာကောင်းသူများ ဖြစ်ကြပါတယ်။ ဒီဂုဏ်သိက္ခာကို ကျွန်တော်တို့ စောင့်ထိန်းကြရမှာဖြစ်ပါတယ်။

(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် က ၁၁-၂-၂၀၂၂ ရက်နေ့ နိုင်ငံတော်၏အခြေအနေအရပ်ရပ်အား ပြည်သူလူထုသို့ ပြောကြားသည့် မိန့်ခွန်းမှ ကောက်နုတ်ချက်)



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်နှင့် ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွန်းဝီနိုင်းတို့ တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်



ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်၊ အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စစ် ရက်နို မာဆူဒီ နှင့် ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီး မစ္စတာ ဒွန်ပရာမွန်းဝီနိုင်း တို့ တွေ့ဆုံဆွေးနွေးစဉ်။

သတင်းစဉ်

❑ *ရှေ့ဖုံးမှ*

မစ္စတာ ဒွန်ပရာမွန်းဝီနိုင်းတို့နှင့် သီးခြားစီတွေ့ဆုံခဲ့သည်။

**ရင်းနှီးပွင့်လင်းစွာ ဆွေးနွေး**

ယင်းသို့တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ထိုင်းနိုင်ငံ အကြားရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်း ဆောင်ရွက်မှုများ အရှိန်အဟုန်မပျက် ဆက်လက်အကောင်အထည်ဖော်သွားရေး၊ နယ်စပ်ဒေသလုံခြုံရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် ထိုင်းနိုင်ငံရောက် မြန်မာရွှေ့ပြောင်းအလုပ်သမားများ၏ အခွင့်အရေး ပိုမိုရရှိရေးနှင့် တရားဝင်လုပ်ကိုင်နိုင်ရေး ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

**အမြင်ချင်းဖလှယ်**

ထို့ပြင် အာဆီယံမိသားစု စိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ကို အခြေခံလျက် အာဆီယံပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ဆက်လက် ပူးပေါင်းဆောင်ရွက်သွားမည့် လုပ်ငန်းစဉ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**နိုင်ငံခြားရေးမူဝါဒ**

ပြည်ထောင်စုဝန်ကြီးသည် ထိုင်းဝန်ကြီးချုပ်နှင့် ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးတို့အား မြန်မာနိုင်ငံ၏ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ရှေ့ဆက်ဆောင်ရွက်သွားမည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များနှင့် နိုင်ငံခြားရေးမူဝါဒများကို ရှင်းလင်းပြောကြားခဲ့သည်။

**ဆက်လက်ပူးပေါင်း**

ယင်းနောက် ပြည်ထောင်စုဝန်ကြီးသည် အင်ဒိုနီးရှားနိုင်ငံခြားရေးဝန်ကြီး မစ္စစ် ရက်နို မာဆူဒီအား ထိုင်းဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးနှင့် အတူ တွေ့ဆုံ၍ မြန်မာနိုင်ငံနှင့် အာဆီယံအကြား ပူးပေါင်းဆောင်ရွက်ရေး ကိစ္စရပ်များအပြင် အာဆီယံ မိသားစုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ကိုအခြေခံလျက် အာဆီယံ ပူးပေါင်းဆောင်ရွက်မှု မူဘောင်အောက်မှ ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရန် ကိစ္စရပ်များကို အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့သည်။

**သတင်းစဉ်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍ တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကိုဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်း အစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှု စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး



## ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှုအခြေအနေများ လှည့်လည်ကြည့်ရှုစစ်ဆေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပညာရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ဒုတိယဝန်ကြီးများဖြစ်ကြသော ဒေါက်တာဇော်မြင့်၊ ဦးဇော်ဝင်းနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ဥတ္တရသီရိမြို့နယ် အမှတ် (၁၂) အခြေခံပညာ အထက်တန်းကျောင်း၊ ပုဗ္ဗသီရိမြို့နယ် အမှတ် (၁၃) အခြေခံပညာ အထက်တန်းကျောင်းနှင့် ပုဗ္ဗသီရိမြို့နယ် ရေပြာအခြေခံပညာ အထက်တန်းကျောင်း (ခွဲ) သို့ သွားရောက်၍ အခြေခံပညာကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေး ပြင်ဆင်ထားရှိမှု အခြေအနေများကို လှည့်လည်ကြည့်ရှုသည်။

**အထူးဂရုပြုလိုက်နာ**

ကြည့်ရှု စစ်ဆေးစဉ် ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေက သက်ဆိုင်ရာ ပညာရေးမှူးများ၊ ကျောင်းအုပ်များ၊ ဆရာ ဆရာမများနှင့် တွေ့ဆုံရာတွင် မိမိတို့ ကျန်းမာရေးအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေး နည်းလမ်းများကို အထူးဂရုပြု လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်တားဆီးရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းဥပဓိရုပ် ကောင်းမွန်ရေး၊ ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာရေးအတွက် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားကြရမည် ဖြစ်ပါကြောင်း၊ ကျောင်းသားများ စာသင်ယူလိုစိတ်ကို ပံ့ပိုးပေးနိုင်ရန် ကျောင်းပရဝဏ်သာယာလှပရေး၊ စာသင်ဆောင်၊ စာသင်ခန်းများ၊ မျက်နှာကြက်များ၊ စာသင်ခုံများ ပြင်ဆင်မွမ်းမံရေး၊ ဆရာ ကျောင်းသားအချိုးအရ လိုအပ်သောသန့်စင်ခန်းများ ဖြည့်ဆည်းပေးရေး၊ ဆရာ ဆရာမဝန်ထမ်းအိမ်ရာများ ဖြည့်ဆည်းပေးရေး အတွက် မှာကြားသည်။ **(အပေါ်ပုံ)**

**ဝိုင်းဝန်းပူးပေါင်း**

ထို့ပြင် ပြည်ထောင်စုဝန်ကြီးက ဆရာ ဆရာမများသည် နိုင်ငံ့ဝန်ထမ်းများဖြစ်သဖြင့် နိုင်ငံ့တာဝန်ကို ထမ်းဆောင်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများအနေဖြင့် ဝန်ထမ်းစည်းမျဉ်းစည်းကမ်းများကို လိုက်နာစောင့်ထိန်းကာ ပညာရေးတိုးတက်ရေးအတွက် ဝိုင်းဝန်းဆောင်ရွက်ကြရမည်ဖြစ်ပါကြောင်း၊ ဆရာ ဆရာမများ၏ သင်ကြားရေး အရည်အသွေးမြင့်မားရေးအတွက် အရည်အသွေး မြှင့်တင်ရေးသင်တန်းများ ဖွင့်လှစ်ပေးရေးကိုလည်း စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်း၊ အခြေခံပညာကျောင်းများ ဖွင့်လှစ်နိုင်ရေးအတွက် သင်ကြားရေးနှင့် စီမံခန့်ခွဲရေး ပြင်ဆင် ဆောင်ရွက်မှုများကို သတ်မှတ်ကာလအတွင်း ထိရောက်မြန်ဆန်စွာ ပြီးစီးနိုင်ရေးအတွက် ဝိုင်းဝန်းပူးပေါင်း ဆောင်ရွက်ကြစေလိုပါကြောင်း မှာကြားသည်။

**လှည့်လည်ကြည့်ရှုစစ်ဆေး**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကျောင်းများပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် ကျောင်းအတွင်း ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးကာ လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးနိုင်ရန် စီစဉ်မှာကြားခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

## မစ္စတာ ဂျာရိုဆလပ်ဗ် အောက်စ် အား မြန်မာနိုင်ငံဆိုင်ရာ ဆလိုဗက်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူ

**နေပြည်တော် ဖေဖော်ဝါရီ ၂၅**

ဗန်ကောက်မြို့အခြေစိုက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဆိုင်ရာ အထူးအာဏာကုန်လွှဲအပ်ခြင်းခံရသော ဆလိုဗက်သမ္မတနိုင်ငံသံအမတ်ကြီး မစ္စတာ စတန်နီစလဗ် အိုပီလာ၏ နေရာတွင် မစ္စတာ ဂျာရိုဆလပ်ဗ် အောက်စ် အား ခန့်အပ်ရန် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်က သဘောတူညီပြီးဖြစ်သည်။

မစ္စတာ ဂျာရိုဆလပ်ဗ် အောက်စ် ကို ၁၉၆၀ ပြည့်နှစ်၊ ဇူလိုင်လတွင် မွေးဖွားခဲ့သည်။ ၎င်းသည် ဆလိုဗက်နိုင်ငံ Košice နည်းပညာတက္ကသိုလ်တွင်လည်းကောင်း၊ ဗြိတိန်နိုင်ငံ အောက်စ်ဖို့ဒ်တက္ကသိုလ် Foreign Service Programme တွင်လည်းကောင်း တက်ရောက် ပညာဆည်းပူးခဲ့သည်။ ၎င်းသည် ၁၉၉၃ ခုနှစ်မှ ၂၀၁၃ ခုနှစ်အထိ ဆလိုဗက်နိုင်ငံခြားရေးဝန်ကြီးဌာနတွင် ရာထူးအဆင့်ဆင့်ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၇ ခုနှစ်အထိ ဆွီဒင်နိုင်ငံဆိုင်ရာ ဆလိုဗက်သံအမတ်ကြီးအဖြစ်လည်းကောင်း၊ ၂၀၁၇ ခုနှစ်မှစ၍ ဥရောပသမဂ္ဂမူဝါဒရေးရာဦးစီးဌာန၏ အကြီးအကဲအဖြစ်လည်းကောင်း တာဝန်ထမ်းဆောင်ခဲ့သည်။ ၎င်းသည် အင်္ဂလိပ်၊ ဂျာမန်၊ ပြင်သစ်နှင့် ရုရှားဘာသာစကားတို့ကို တတ်ကျွမ်းသည်။

၎င်းသည် အိမ်ထောင်သည် တစ်ဦးဖြစ်ပြီး သားသမီး နှစ်ဦး ရှိသည်။

**သတင်းစဉ်**

## ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နေပြည်တော်နှင့် အနီးတစ်ဝိုက်တွင် ယနေ့တိမ်အသင့်အတင့်ဖြစ်ထွန်းမည်။ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ အများအားဖြင့် သာယာမည်။

မနက်ဖြန်အတွက်ခန့်မှန်းချက်မှာ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ် လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော် အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော် တောင်ပိုင်းတို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် အများအားဖြင့် သာယာနေသည်။

**မိုး/ဇလ**

*ကျောဖုံးမှ*

မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်း ဖြစ်သည်-

| စဉ် | အကြောင်းအရာ | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြုပြီး | ကျန်ရမည့် အရေအတွက် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | အလျော့ | အတိုး |
| ၁ | ဇမ္ဗူသီရိမြို့နယ် | ၄၅ | ၉၈၅၅၀ | ၆၇၅၆၅ | ၃၀၉၈၅ | ၂၅၀၀၅ | ၅၉၈၀ | |
| ၂ | ဒက္ခိဏသီရိမြို့နယ် | ၂၀ | ၃၅၁၅၃ | ၂၄၄၆၅ | ၁၀၆၈၈ | ၁၀၄၈၅ | ၂၀၃ | |
| ၃ | ဇေယျာသီရိမြို့နယ် | ၇၄ | ၉၀၅၄၉ | ၇၂၀၉၂ | ၁၈၄၅၇ | ၁၈၃၁၃ | ၄၃၈ | ၂၉၄ |
| ၄ | ပုဗ္ဗသီရိမြို့နယ် | ၇၉ | ၁၀၈၉၅၉ | ၇၈၅၇၆ | ၃၀၃၈၃ | ၃၀၃၁၆ | ၉၇၈ | ၉၁၁ |
| ၅ | ဥတ္တရသီရိမြို့နယ် | ၄၉ | ၆၀၅၉၀ | ၄၆၁၅၈ | ၁၄၄၃၂ | ၁၄၁၉၇ | ၂၃၅ | |
| ၆ | တပ်ကုန်းမြို့နယ် | ၁၃၄ | ၂၀၄၃၉၈ | ၁၂၉၂၆၈ | ၇၅၁၃၀ | ၆၈၃၇၄ | ၆၈၀၄ | ၄၅ |
| ၇ | လယ်ဝေးမြို့နယ် | ၁၄၄ | ၂၄၅၆၁၁ | ၁၆၄၀၁၇ | ၈၁၅၉၄ | ၈၁၆၂၈ | ၂၇၄ | ၃၀၈ |
| ၈ | ပျဉ်းမနားမြို့နယ် | ၁၀၁ | ၁၅၀၉၄၁ | ၁၀၅၇၆၂ | ၄၅၁၇၉ | ၄၃၁၉၁ | ၁၉၈၈ | |
| | စုစုပေါင်း | ၆၄၆ | ၉၉၄၇၅၁ | ၆၈၇၉၀၃ | ၃၀၆၈၄၈ | ၂၉၁၅၀၉ | ၁၆၉၀၀ | ၁၅၅၈ |

**ဇမ္ဗူသီရိမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၉၆၂၀၀ | ၆၇၁၇၅ | ၂၉၀၂၅ | ၂၃၀၆၄ | ၅၉၆၁ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၅၀၀ | ၃၉၀ | ၁၁၀ | ၉၁ | ၁၉ | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၈၅၀ | - | ၁၈၅၀ | ၁၈၅၀ | | |

ဇမ္ဗူသီရိမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၉၆၂၀၀ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၆၇၁၇၅ ဖြစ်သည်။ လက်ကျန် ၂၉၀၂၅ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၃၀၆၄ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၅၉၆၁ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် လက်ကျန် ၁၁၀ ဖြစ်ရမည်ဖြစ်သော်လည်း မြေပြင်စိစစ်တွေ့ရှိချက်အရ ၉၁ ဖြစ်သည့်အတွက် ၁၉ စောင်လိုအပ်သည်ကို စိစစ်တွေ့ရှိရပါသည်။

**ဒက္ခိဏသီရိမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၃၃၄၀၀ | ၂၄၃၉၆ | ၉၀၀၄ | ၈၈၀၁ | ၂၀၃ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၆၉ | ၆၉ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၈၄ | - | ၁၆၈၄ | ၁၆၈၄ | | |

ဒက္ခိဏသီရိမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၃၃၄၀၀ ဖြစ်ပြီး သုံးစွဲခဲ့သည့်မဲလက်မှတ်အရေအတွက်မှာ ၂၄၃၉၆ ဖြစ်သည်။ လက်ကျန် ၉၀၀၄ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၈၈၀၁ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၀၃ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

**ဇေယျာသီရိမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၈၃၅၀၅ | ၆၈၈၂၂ | ၁၄၆၈၃ | ၁၄၂၄၅ | ၄၃၈ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၃၂၇၀ | ၃၂၇၀ | - | - | - | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၃၇၇၄ | - | ၃၇၇၄ | ၄၀၆၈ | | ၂၉၄ |

ဇေယျာသီရိမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၈၃၅၀၅ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၆၈၈၂၂ ဖြစ်သည်။ လက်ကျန် ၁၄၆၈၃ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၁၄၂၄၅ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၄၃၈ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်တွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်မှာ ၃၇၇၄ ဖြစ်သော်လည်း မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ၄၀၆၈ ဖြစ်သဖြင့် ၂၉၄ စောင် တရားမဝင်အပိုဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည်။

**ပုဗ္ဗသီရိမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၉၉၂၅၀ | ၇၇၂၆၅ | ၂၁၉၈၅ | ၂၁၀၀၇ | ၉၇၈ | - |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၃၁၁ | ၁၃၁၁ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၃၉၈ | | ၈၃၉၈ | ၉၃၀၉ | | ၉၁၁ |

ပုဗ္ဗသီရိမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၉၉၂၀၅ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၇၇၂၆၅ ဖြစ်သည်။ လက်ကျန် ၂၁၉၈၅ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၂၁၀၀၇ သာ ကျန်ရှိသဖြင့် ၉၇၈ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်တွင်ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်မှာ ၈၃၉၈ ဖြစ်ပြီး မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ၉၃၀၉ စောင်ဖြစ်သဖြင့် ၉၁၁ စောင် တရားမဝင်အပိုဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည်။

**ဥတ္တရသီရိမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၅၉၂၅၀ | ၄၅၃၇၁ | ၁၃၈၇၉ | ၁၃၆၄၄ | ၂၃၅ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၇၈၇ | ၇၈၇ | | | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၅၅၃ | | ၅၅၃ | ၅၅၃ | | |

ဥတ္တရသီရိမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ် ၅၉၂၅၀ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၄၅၃၇၁ ဖြစ်သည်။ လက်ကျန် ၁၃၈၇၉ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၁၃၆၄၄ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၃၅ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

**တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၉၄၇၅၀ | ၁၂၇၆၁၈ | ၆၇၁၃၂ | ၆၀၃၂၈ | ၆၈၀၄ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၆၄၇ | ၁၆၅၀ | -၃ | | | ၃ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၈၀၀၁ | | ၈၀၀၁ | ၈၀၄၆ | | ၄၅ |

တပ်ကုန်းမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ်မှာ ၁၉၄၇၅၀ ဖြစ်ပြီး သုံးစွဲခဲ့သည့်မဲလက်မှတ်အရေအတွက်မှာ ၁၂၇၆၁၈ ဖြစ်သည်။ လက်ကျန် ၆၇၁၃၂ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၆၀၃၂၈ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၆၈၀၄ စောင်ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ် ၁၆၄၇ စောင်ထုတ်ယူရရှိသော်လည်း ၁၆၅၀ စောင် သုံးစွဲထားသဖြင့် ၃ စောင် တရားမဝင် အပိုသုံးစွဲထားကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်တွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက်မှာ ၈၀၀၁ ဖြစ်သော်လည်း မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ၈၀၄၆ စောင် ဖြစ်သဖြင့် ၄၅ စောင် တရားမဝင်အပိုဖြစ်နေကြောင်း စိစစ်တွေ့ရှိရသည်။

မြို့နယ်တွင် ကြိုတင်ဆန္ဒမဲလက်မှတ်လက်ကျန်၌ ဆန္ဒမဲပေးထားပြီးသူ အမည်ပါရှိသည့် အသုံးမပြုရသေးသော ဆန္ဒပြုတံဆိပ်တုံးထုပြီး မဲလက်မှတ် ၂ စောင် တွေ့ရှိရသည်။

**လယ်ဝေးမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၂၂၈၁၆၁ | ၁၆၂၆၀၉ | ၆၅၅၅၂ | ၆၅၂၇၈ | ၂၇၄ | - |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၁၃၀၀ | ၁၄၀၈ | -၁၀၈ | | | ၁၀၈ |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၆၁၅၀ | - | ၁၆၁၅၀ | ၁၆၃၅၀ | - | ၂၀၀ |

စာမျက်နှာ ၁၂ သို့

# တန်ဖိုးကြီးလှ လူ့ဘဝ

## လေးလေးနွယ်

လူ့ဘဝဟူသည်ကား ရခဲပေစွ။ "မနုဿတ္တ ဘာဝေါ ဒုလ္လဘော"ဟု ဘုရားရှင် ဟောကြားတော်မူခဲ့သည်။ ကောင်းကင်မှ အပ်တစ်စင်း၊ မြေပြင်မှာ ထောင်ထားသော အပ်တစ်စင်း၊ အပ်ဖျားချင်းဆုံမိအောင် ကျလာထိမိဖို့ရာ ခဲယဉ်းသည့်ပမာ လူ့ဘဝက ရခဲလှစွာ ဖြစ်နိုင်ခြေ နည်းပါးလွန်းလှသည်ဟု အဆိုရှိပါ၏။

မြတ်စွာဘုရားရှင်က လူ့ဘဝရခဲပုံကို ဟောကြားတော်မူရာတွင် လူ့ဘဝမှ သေလွန်ပြီးနောက်လူ့ဘဝကို ပြန်ရောက်ရသည့် ပုဂ္ဂိုလ် အရေအတွက်မှာ ငါ့ဘုရားလက်သည်းခွံပေါ်မှ မြေမှုန်လောက်သာရှိပြီး လူ့ဘဝမှ သေလွန်ကာ အပယ်လေးဘုံကျရောက်ရသည့် ပုဂ္ဂိုလ်များကတော့ မဟာပထဝီမြေကြီး အထုလောက်ရှိသည်ဟူ၍ ဖြစ်ပါသည်။

ထို့ပြင် အပယ်ဘုံသားတို့ လူ့ဘဝပြန်ရဖို့ ခဲယဉ်းပုံနှင့်ပတ်သက်၍လည်း မဟာသမုဒ္ဒရာကြီးထဲမှာ အပေါက်တစ်ပေါက်သာ ဖောက်ရသေးသည့် နွားလှည်းမှ ထမ်းပိုးတုံးကြီးတစ်ခု အရပ်လေးမျက်နှာ မျောချင်ရာ မျောနေ၏။ လိပ်ကန်းကြီးတစ်ကောင် နှစ်တစ်ရာနေလို့ ရေပေါ်သို့ ပေါ်လာသည့်အချိန်နှင့် ဆိုက်ဆိုက်မြိုက်မြိုက် တိုက်တိုက်ဆိုင်ဆိုင် အဆိုပါလိပ်ကန်းကြီး၏ ဦးခေါင်းက ယင်းထမ်းပိုးတုံးကြီး၏ အပေါက်ထဲသို့ ဝင်စွပ်မိရန်မှာ ခက်ခဲသော တိုက်ဆိုင်မှုမျိုး မဟုတ်ပါလား။ အပယ်ဘုံသားတို့ လူ့ဘဝပြန်ရရန် အလွန်ပင် ခက်ခဲလှကြောင်း ဟောကြားတော်မူခဲ့ပါသည်။ ထို့ကြောင့် လူ့ဘဝကိုလေးစားကြရမည်။

မြတ်စွာဘုရား၏ အဆုံးအမ တရားတော် အပါအဝင် ရတနာသုံးပါးထွန်းကားသော ဤမြန်မာနိုင်ငံတွင် လူဖြစ်လာရခြင်းက ပို၍မြတ်၏။ လူလူချင်း မေတ္တာအရင်းခံကာ ကူညီဖေးမ စာနာရိုင်းပင်းတတ်ကြသော တိုင်းရင်းသားများ ဖြစ်ကြသဖြင့် ပတ်ဝန်းကျင်သည် အေးချမ်းသည်။ လုံခြုံသည်။ စိတ်ထားကောင်းသူများသဖြင့်သာယာသည်။ မိမိက သူတစ်ပါးကို ထိပါးနှောင့်ယှက် တားဆီးခြင်းမပြုရသလို လူလူချင်း စာနာထောက်ထားစိတ်ရှိရမည်။

### ဦးတည်ရာ

လူသားတစ်ယောက်၏ ဘဝခရီးသည် မည်သည့်လမ်းညွှန်မှုဖြင့် ရွေ့လျားနေသနည်း။ သူ၏ အမြင်၊ သဘောထား၊ ခံယူချက်၊ ဘဝအဘိဓမ္မာ၊ အတွေးအခေါ်စေစားရာ လိုက်ပါနေခြင်းဖြစ်၏။ မနောကံဟုခေါ်သော စိတ်၏တွေးတောမှု၊ စဉ်းစားပုံ၊ ဆင်ခြင်ပုံ၊ ရှုမြင်ပုံအပေါ်တွင်မူတည်၍ သမ္မာဒိဋ္ဌိ မှန်ကန်သည့်အမြင်ရှိလျှင် သူ၏ဘဝခရီးလမ်းသည် ဖြောင့်တန်းမည်။ ဆင်းရဲဒုက္ခနည်းမည်။

အဝိဇ္ဇာမသိမှု သို့မဟုတ် မှန်ကန်သည့်အသိအမြင် ကင်းလွတ်လွဲချော်ခဲ့သော် ဆင်းရဲပင်ပန်းခြင်း၊ အန္တရာယ်များခြင်း၊ ဘဝတစ်ခုလုံးဆုံးရှုံးရခြင်းအထိ အလွယ်တကူ ပျက်စီးနစ်နာနိုင်လေသည်။

### တိမ်တစ်ခဲနက် ကြည့်ရင်းပျက်သို့

လူ့အသက်သည် မြေအိုးမြေခွက်၊ ကြွေအိုးကြွေခွက်၊ ဖန်ခွက်၊ ဖန်ပန်းကန်ကဲ့သို့ ဖျတ်ခနဲလွတ်ကျကွဲ၍ ပျက်စီးတတ်ပေသည်။ အသိဉာဏ်နည်းသူသည် အသက်တိုတတ်၏။ လူတစ်ယောက်မွေးဖွားရပ်တည်လာပြီဟုဆိုသည်နှင့် ဘဝတာဝန်များ ထမ်းရွက်ရင်းနှင့် အချိန်တစ်ခု (ကံ၊ ကံ၏ အကျိုးခွင့်ပြုသည့်အလျောက်) လွန်မြောက်သွားသောအခါ နာခြင်း၊ သေခြင်းတို့က ရောက်ရှိသွား၏။ မည်သူမျှ တားဆီး၍မရ။ မည်သူမှလွှန်ဆန်၍ မရနိုင်။ ကယ်တင်နိုင်သော တန်ခိုးရှင်လည်းမရှိ။ အစရှိက အဆုံးလည်းရှိရစမြဲပင်ဖြစ်ရာ မသေမီမှာ တန်ဖိုးရှိအောင် မှန်ကန်စွာရွေးချယ်တတ်၊ ဆုံးဖြတ်တတ်ဖို့ လိုလေသည်။

**"မင်းမဲ့စရိုက်ကို နိုင်ငံအကျိုး၊ ပြည်သူ့အကျိုးလိုလားသော မျိုးချစ်စိတ်ရှိ သူတိုင်းက မလိုလားကြပါ။ အန္တရာယ်ဖြစ်လာမည်ကို နားလည်ကြပါသည်။ မင်းမဲ့စရိုက်ဝါဒလှုပ်ရှားမှု လုပ်ဆောင်ချက်သည် တိုင်းပြည်နှင့် ပြည်သူပြည်သားများ၏ အကျိုးကို လည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်းကိုလည်းကောင်း ဖျက်ဆီးနှောင့်ယှက်မှု၊ အဖျက်လမ်းစဉ် သက်သက်မျှသာ အမှန်တကယ်ဖြစ်သဖြင့် လောကတ္ထစရိယာနှင့်မညီ၊ ဉာတတ္ထစရိယာ လမ်းကြောင်းနှင့်လည်း ဖီလာဆန့်ကျင်ပါသည်"**

### လမ်းမှန်ပါစေ

သေရမည့် ဘဝတစ်ခု၌ နေရစဉ်ကာလအတွင်းလေးတွင် တန်ဖိုးရှိအောင် လုပ်ဆောင်ကြရန် တာဝန်သိအပ်ပါ၏။

**"မြိုင်ဝေတောကြီး၊ ဤခရီးဝယ်၊**
**ချည်းနှီးသက်သက်၊ သေသော့ထက်ကား၊**
**ဆက်လက်တညီ၊ တစီတလျဉ်၊**
**သားစဉ်မြေး,မြစ်၊ ပြောထုံးဖြစ်အောင်၊**
**တစစ်,တမက်၊ ကိုယ်နှင့်သက်ကို၊**
**နှင်းဆက်တိုက်မည်၊ အားသန်ရည်၍၊**
**ဦးလည်မသုန်၊ ထမ်းပါကုန်လော့။ ။"**

ဟု ကုန်းဘောင်ခေတ်စာဆို လက်ဝဲသုန္ဒရ ဦးမြတ်စံ (၁၇၂၇ ခန့် – ၁၇၉၉) က ရေးဖွဲ့ခဲ့သည်။

သားစဉ်မြေးဆက် အနာဂတ်ကောင်းကျိုးအတွက် ရှေးရှုဦးတည်ကာ စေတနာထားလျက် အသက်ကိုနှင်းဆက်ပြီး ရှေ့ကမြန်မာများ တာဝန်ကျေခဲ့ကြပေသည်။ ကျေးဇူးသိတတ်၊ ကျေးဇူးဆပ်ရပေမည်။ လူဖြစ်လာကြ လူ့ဘဝမှာ တာဝန်သိစွာ ထမ်းဆောင်ကြရမည့် လူ့တာဝန်၊ လူ့ဝတ္တရားများ ရှိနေပါသည်။

### ရည်ရွယ်ချက်မှန်ကန်ပါစေ

လောကကောင်းကျိုး၊ လူသားများ၏ ကောင်းကျိုးကို တိုးတက်ဖွံ့ဖြိုးအောင် အပြုသဘောဘက်မှ မေတ္တာ၊ စေတနာတို့ဖြင့် ပါဝင်ရွက်ဆောင်သယ်ပိုးသူသည် လောကတ္ထစရိယာကို ဖြည့်ကျင့်ခြင်းပင်ဖြစ်သည်။

ပြည်ထောင်စုဖွားတိုင်းရင်းသား၊ မိမိနိုင်ငံသူ၊ နိုင်ငံသား၊ မိမိတို့ လူ့အဖွဲ့အစည်း၏ ကောင်းကျိုးကို ဆောင်ရွက်ခြင်းသည် ဉာတတ္ထစရိယာ ဖြစ်သည်။ ဆန့်ကျင်တိုက်ခိုက်ခြင်း၊ ငါနှင့်မတူ ငါ့ရန်သူဟု ရန်လို မုန်းတီးခြင်း၊ ရူးသွပ်မိုက်မဲစွာ မင်းမဲ့စရိုက်သို့ လိုက်ပါလျက် အချင်းချင်း တိုက်ခိုက်ဖျက်ဆီးမှုများကို အသိတရားဝင်၊ စဉ်းစားသုံးသပ်ရမည့် အချိန်လည်း ဖြစ်သည်။

လူ့အဖွဲ့အစည်း၏ အေးချမ်းရေး၊ လုံခြုံရေး၊ တည်ငြိမ်ရေး၊ တိုးတက်ရေးအတွက် ရေးဆွဲချမှတ်ထားသော ဥပဒေ၊ စည်းကမ်း၊ ကျင့်ဝတ်၊ နီတိများကို မနာယူဘဲ ချိုးဖောက်ဖျက်ဆီးခြင်း၏ နောက်ဆုံးရလဒ်သည် နိုင်ငံနှင့် လူမျိုးအတွက် အဘယ်မှာလျှင် ကောင်းကျိုးဖြစ်နိုင်ပါမည်နည်း။

"မကူညီလျှင်နေပါ၊ မနှောင့်ယှက်ပါနှင့်"ဟူသော ဆိုရိုးစကားရှိပါ၏။ ရှေ့က ပုဂ္ဂိုလ်များက ဥပဒေနှင့်အညီ အကြိမ်ကြိမ်ညှိနှိုင်းစည်းဝေး ဆွေးနွေးဆုံးဖြတ်ခဲ့ကြသော ဥပဒေများ ရှိပါသည်။ ပြည်သူလူထုများက အေးချမ်းလုံခြုံစွာ ဖွံ့ဖြိုးတိုးတက်လာစေရန် ဆန္ဒရှိကြပါသည်။

ဆူဆူပူပူ ဖျက်ဆီးဆန့်ကျင်စေလိုသည့် နိုင်ငံခြားမှ နည်းနာများဖြင့် ပြိုကွဲကျရှုံးသော ဒီမိုကရေစီတိုက်ပွဲများသည် ကမ္ဘာအဝှမ်း ၈၅ ရာခိုင်နှုန်း ကျရှုံးပျက်သုဉ်းကာ ဖရိုဖရဲ ဆင်းရဲဒုက္ခ ရောက်ခဲ့ကြသော မျက်မှောက်ခေတ် အာရပ်နွေဦး၏ သင်ခန်းစာကို ယူရမည်။ နိုင်ငံရေးအရွေ့က ခေတ်ပြောင်းဖို့မှာ သိမ်မွေ့ပါသည်။

ရှေ့က ခေါင်းဆောင်များ အမြော်အမြင်ကြီးမားခဲ့ပါ၏။ လွဲချော်ပျက်သုဉ်း၍ မရပါ။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီ၊ ပါတီစုံဒီမိုကရေစီစနစ်သို့ သိမ်မွေ့ညင်သာစွာဖြင့် အောင်မြင်စွာ ကူးပြောင်းခဲ့သော အတိတ်ကာလတိုးတက်မှုများကို မဖျက်ဆီး မဟန့်တားသင့်ပေ။ ပကတိအမှန် အခြေအနေကို ကြည့်မြင်ပါ။ ဒီမိုကရေစီအရေခြုံပြီး "မင်းမဲ့စရိုက်လမ်းကြောင်း လှုပ်ရှားစေခြင်း" ကို အဘယ်ကြောင့် နားယောင်မိရမည်နည်း။ ကိုယ်ပိုင်သုံးသပ်ဆုံးဖြတ်ပါလေ။

မင်းမဲ့စရိုက်ကို နိုင်ငံအကျိုး၊ ပြည်သူ့အကျိုး လိုလားသော မျိုးချစ်စိတ်ရှိသူတိုင်းက မလိုလားကြပါ။ အန္တရာယ်ဖြစ်လာမည်ကို နားလည်ကြပါသည်။ မင်းမဲ့စရိုက်ဝါဒလှုပ်ရှားမှု လုပ်ဆောင်ချက်သည် တိုင်းပြည်နှင့် ပြည်သူပြည်သားများ၏ အကျိုးကိုလည်းကောင်း၊ ဒီမိုကရေစီလမ်းကြောင်းကိုလည်းကောင်း ဖျက်ဆီးနှောင့်ယှက်မှု၊ အဖျက်လမ်းစဉ် သက်သက်မျှသာ အမှန်တကယ်ဖြစ်သဖြင့် လောကတ္ထစရိယာနှင့်မညီ၊ ဉာတတ္ထစရိယာ လမ်းကြောင်းနှင့်လည်း ဖီလာဆန့်ကျင်ပါသည်။

လူညီရင် 'ဤ' ကို 'ကျွဲ' ဖတ်ဆိုသလို လူအုပ်စုက လုပ်ဆောင်တိုင်း လမ်းမှန်မဟုတ်။ ဆိုးသောအတွေးကြောင့် ဆိုးသောလှုပ်ရှားမှုမျိုးသာ ဖြစ်ပေါ်သည်။ ဆိုးရွားမှားယွင်းသော အကုသိုလ်လှုပ်ရှားမှုများသည် ပြုလုပ်သူအတွက် ပျက်စီးနစ်နာရဖို့သာ (ကိုယ်ပြုကိုယ်ခံ) သဘာဝနိယာမအတိုင်း သွားပါလိမ့်မည်။

သမိုင်းမသိသူသည် အမှားကို ထပ်ပြုမိတတ်သည်။ အမှားဆိုသည်မှာ မည်သူ့မျှမကင်း။ မှားခြင်းကိုသိလျှင် အချိန်မီပြင်ကြရမည်။ မှားလျှင်ဝန်ခံ၊ အမြန်ပြုပြင်။ ပြုပြင်ဖို့ရာ ခေါင်းမမာနှင့်။ ကောင်းရာကောင်းမှု၊ ကုသိုလ်လမ်းကြောင်းကြီး ထင်ထင်ရှားရှားရှိနေသော၊ ဘာသာ၊ သာသနာ အလွန်တရာထွန်းကားခဲ့သော လူ့အဖွဲ့အစည်း ဖြစ်ပါသည်။ ယဉ်ကျေးသူများ၏ တိုက်တွန်းချက်ကို နာယူကြပါ။ မေတ္တာကို ခံယူကြပါ။ အမှန်မြင်ပါစေ။

မိမိကိုယ်ကို ပြန်လည်ဖျက်ဆီးတတ်သည့် နိယာမအမှန်တရားကို နားလည်သိမြင်ကာ မိမိနှင့်တကွ နိုင်ငံနှင့် လူမျိုးအကျိုးမဲ့စေမည့် မှားယွင်းသော မင်းမဲ့စရိုက် အဖျက်လုပ်ရပ်ကို ရပ်ဆိုင်းပြောင်းလဲကြပါစို့။ တန်ဖိုးကြီးမားလှသော အနာဂတ်ခေါင်းဆောင် ချစ်စွာသော လူငယ်အပေါင်းတို့ အမှားအမှန်၊ အဆိုးအကောင်း၊ အကျိုးအကြောင်းကို မှန်ကန်စွာ သိမြင်ကြပါစေ။

လောကကို နှောင့်ယှက်ဖျက်ဆီးမိသည်ရှိသော် တန်ဖိုးရှိသော မိမိ၏လူ့ဘဝပါ ပျက်စီးတတ်ပါသည်။ အမှားသိမြင် အမှန်ပြင်၍ တရားဥပဒေ၊ စည်းကမ်းကျင့်ဝတ်များကို လိုက်နာခြင်း၊ တရားနှင့်အညီ လုပ်ကိုင်ပြုမူဆောင်ရွက်ခြင်းဖြင့် ဘေးကင်းနိုင်ကြပါစေ။ မိမိဘဝကို တန်ဖိုးထားကြပါလေ။ လောကကို အလှဆင်နိုင်ကြပါစေ။ လောကကို ဖျက်ဆီးသော အမှားသည် အဝေးလျာဟွန့်ကွာ အားလုံးဘေးရန်ကင်းကွာ လုံခြုံပါစေ။ ရန်မရှိကြပါစေနှင့် သင်ရော မိမိပါ ဘေးရန်ခပ်သိမ်း ကင်းငြိမ်းကြပါစေ။ သူတစ်ပါးကို ရန်လုပ်သူများ၏ ဘေးမှ ကင်းဝေးကြပါစေ။ ။

**"လောကကို နှောင့်ယှက်ဖျက်ဆီးမိသည်ရှိသော် တန်ဖိုးရှိသော မိမိ၏လူ့ဘဝပါ ပျက်စီးတတ်ပါသည်။ အမှားသိမြင် အမှန်ပြင်၍ တရားဥပဒေ၊ စည်းကမ်းကျင့်ဝတ်များကို လိုက်နာခြင်း၊ တရားနှင့်အညီ လုပ်ကိုင်ပြုမူဆောင်ရွက်ခြင်းဖြင့် ဘေးကင်းနိုင်ကြပါစေ။ မိမိဘဝကို တန်ဖိုးထားကြပါလေ။ လောကကို အလှဆင်နိုင်ကြပါစေ။ လောကကို ဖျက်ဆီးသောအမှားသည် အဝေးလျာဟွန့်ကွာ အားလုံး ဘေးရန်ကင်းကွာ လုံခြုံပါစေ။ ရန်မရှိကြပါစေနှင့် သင်ရော မိမိပါ ဘေးရန်ခပ်သိမ်း ကင်းငြိမ်း ကြပါစေ။ သူတစ်ပါးကို ရန်လုပ်သူများ၏ ဘေးမှ ကင်းဝေးကြပါစေ"**

# မြန်မာစီးပွားရေးသံမှူးများ၏ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်မှုနှင့် အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး ဆွေးနွေးပွဲ (ဒုတိယနေ့) ကျင်းပ



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မြန်မာစီးပွားရေးသံမှူးများ၏ နှစ်နိုင်ငံ ကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်မှုနှင့် အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး ဆွေးနွေးပွဲ (ဒုတိယနေ့)ကို ယနေ့မွန်းလွဲ ၁ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။ (ဃာပုံ)

**နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး**

အစည်းအဝေးဒုတိယနေ့တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံ (ပေကျင်း၊ နန်နင်း၊ ဟောင်ကောင်၊ ကူမင်း)၊ စင်ကာပူ၊ ဂျပန်၊ ကိုရီးယားနှင့် ဆွစ်ဇာလန်နိုင်ငံတို့မှ စီးပွားရေးသံမှူးများ/ကမ္ဘာ့ကုန်သွယ်ရေးအဖွဲ့ဆိုင်ရာ သံမှူးများက ၎င်းတို့တာဝန်ထမ်းဆောင်နေသည့် နိုင်ငံများနှင့် မြန်မာနိုင်ငံတို့အကြား နှစ်နိုင်ငံကုန်သွယ်မှုမြှင့်တင်ရေး ဆောင်ရွက်နိုင်မှုနှင့် အမယ်သစ်ပို့ကုန်များ တိုးချဲ့တင်ပို့နိုင်ရေး ဆောင်ရွက်မည့် အခြေအနေများကို တင်ပြကြသည်။

**ကုန်သွယ်မှုအချက်အလက်များ ရယူ**

စီးပွားရေးသံမှူးများ၏ တင်ပြဆွေးနွေးမှုများအပေါ် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက စီးပွားရေးသံမှူးများ၏ တင်ပြချက်များပါ အခက်အခဲများ၊ အတွေ့အကြုံများကို အပြန်အလှန်မျှဝေခြင်းဖြင့် အဆိုပါကိစ္စရပ်မျိုးကို မိမိတို့ကြုံတွေ့လာပါက ကောင်းမွန်စွာ ဖြေရှင်းနိုင်မည့် အခွင့်အရေးကောင်းအဖြစ် မှတ်ယူ၍ ဆောင်ရွက်သွားစေလိုကြောင်း၊ စီးပွားရေးသံမှူးများအနေဖြင့် ကုန်သွယ်မှုမြှင့်တင်ရေးလုပ်ငန်းများ ဆောင်ရွက်နေစဉ် လုပ်ငန်းလိုအပ်ချက်အရ ကုန်သွယ်မှု စေ့စပ်ညှိနှိုင်းရေးကိုပါ အောင်မြင်စွာ ဆောင်ရွက်နေသည်ကို မြင်တွေ့ရသည့်အတွက် ကျေးဇူးတင်ဝမ်းမြောက်ပါကြောင်း၊ နှစ်နိုင်ငံကုန်သွယ်မှုဆိုင်ရာ အချက်အလက်များနှင့်စပ်လျဉ်း၍ မိခင်နိုင်ငံမှ အချက်အလက်များနှင့် မိမိတို့ တာဝန်ထမ်းဆောင်နေသည့်နိုင်ငံမှ ကုန်သွယ်မှုအချက်အလက်များကို ရယူ၍ နှိုင်းယှဉ်သုံးသပ်တင်ပြသွားရန်လိုကြောင်း ပြောကြားသည်။

ဆက်လက်၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ထွဋ်ဦးက လက်ရှိအခြေအနေအရ မိမိတို့နိုင်ငံ၏ အဓိကပို့ကုန်များမှာ စိုက်ပျိုးရေးထွက်ကုန်များဖြစ်သဖြင့် Sanitary and Phytosanitary (SPS) ကဲ့သို့သော ပို့ကုန်ဆိုင်ရာ စံနှုန်းလိုအပ်ချက်များကို ပြည့်မီအောင် ကြိုးပမ်းဆောင်ရွက်သွားကြရမည်ဖြစ်ပြီး သက်ဆိုင်ရာဌာနများဘက်ကလည်း လိုအပ်ချက်များကို အချိန်နှင့်တစ်ပြေးညီ ပံ့ပိုးကူညီဆောင်ရွက်ပေးသွားမည် ဖြစ်ပါကြောင်း၊ လုပ်ငန်းများ အချိန်တိုအတွင်း လျင်မြန်စွာ ပြီးစီးစေရန်အတွက် Physical Inspection မှလွဲ၍ ကျန်လုပ်ငန်းများအား online စနစ်ဖြင့် ဆောင်ရွက်နိုင်ရန် စတင်နေပြီဖြစ်ပါကြောင်း၊ တန်ဖိုးမြှင့်ထုတ်ကုန်များ တိုးမြှင့်တင်ပို့နိုင်ရေးအတွက် Processing Industry များ၊ အအေးခန်းသိုလှောင်ရုံများစသည့် ထောက်ပံ့ပို့ဆောင်ရေးဆိုင်ရာ လိုအပ်ချက်များကိုလည်း သက်ဆိုင်ရာဝန်ကြီးဌာနများအကြား ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**နီးကပ်စွာ ပူးပေါင်းဆောင်ရွက်**

ထို့နောက် ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအောင်နိုင်ဦးက မိမိတို့နိုင်ငံသည် ကုန်သွယ်ဖက်နိုင်ငံများနှင့် နှစ်နိုင်ငံ ကုန်သွယ်ရေးသဘောတူညီချက် (Bilateral Trade Agreement) ချုပ်ဆိုထားခြင်း မရှိသေးသည့်အတွက် လက်မှတ်ရေးထိုးနိုင်ရေး ကြိုးပမ်းဆောင်ရွက်သွားသင့်ကြောင်း၊ သို့ရာတွင် သက်ဆိုင်ရာနိုင်ငံများနှင့် ကုန်သွယ်မှုပမာဏ (Trade Volume)၊ ကုန်သွယ်မှုအလားအလာ (Trade Potential) အပါအဝင် Cost Benefit Analysis တို့ကို ကြိုတင်လေ့လာထားစေလိုပါကြောင်း၊ Regional Comprehensive Economic Partnership (RCEP) နှင့် Comprehensive and Progressive Agreement for Trans–Pacific Partnership (CPTPP) အဖွဲ့ဝင်နိုင်ငံများတွင် တာဝန်ထမ်းဆောင်နေသော သံမှူးများအနေဖြင့် အဆိုပါ အစီအစဉ်များအပေါ် ၎င်းအဖွဲ့ဝင်နိုင်ငံများ၏ ဆောင်ရွက်နေမှုအခြေအနေများကို စဉ်ဆက်မပြတ်လေ့လာပြီး အစီရင်ခံစာများ တင်ပြသွားစေလိုကြောင်း၊ စီးပွားရေးဆိုင်ရာ ကွန်ရက်ချိတ်ဆက်ဆောင်ရွက်နိုင်မှု (Networking) သည် ကုန်သွယ်မှုမြှင့်တင်နိုင်ရန် အရေးကြီးသဖြင့် မိမိတို့တာဝန်ထမ်းဆောင်နေသည့်နိုင်ငံများမှ အစိုးရအဖွဲ့အစည်းများနှင့် လုပ်ငန်းရှင်များနှင့် နီးကပ်စွာ ပူးပေါင်းဆောင်ရွက်သွားစေလိုပါကြောင်း ပြောကြားသည်။

အစည်းအဝေးသို့ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ၊ ညွှန်ကြားရေးမှူးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

သတင်းစဉ်

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီအစည်းအဝေးဆုံးဖြတ်ချက်များတွင် ဆောင်ရွက်ရန်ကျန်ရှိသည့် ဆုံးဖြတ်ချက်တို့ကို ဦးစားပေးဆောင်ရွက်



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၏ လုပ်ငန်းတာဝန်များ ရှင်းလင်းတင်ပြသည့် အစည်းအဝေးကို ယနေ့နံနက်ပိုင်းတွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့ရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ပြန်လည်ထူထောင်ရေးဦးစီးဌာနက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ဖြစ်ပေါ်လာပုံနှင့် အကြောင်းအရာများ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ၏ လုပ်ငန်းတာဝန်များ၊ အမျိုးသားကော်မတီနှင့် ဆက်စပ်ဆောင်ရွက်သည့် လုပ်ငန်းစဉ်များ၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ ပြင်ဆင်ဖွဲ့စည်းရန် အဆိုပြုခြင်းတို့ကို ပြည်ထောင်စုဝန်ကြီးထံ ရှင်းလင်းတင်ပြသည်။

အစည်းအဝေးနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးကမသန်စွမ်းမှုအဆင့် သတ်မှတ်ခြင်းနှင့် မသန်စွမ်းသူများ မှတ်ပုံတင်ခြင်း လုပ်ငန်းအား အရှိန်အဟုန်မပျက် ဆက်လက်လုပ်ဆောင်ရန် လိုအပ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ(၅)နှစ် စီမံကိန်းအချော သပ်ရေးဆွဲနိုင်ရေး အတွက်လည်း ကြိုးပမ်းဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသား ကော်မတီ အစည်းအဝေး ဆုံးဖြတ်ချက်များတွင် ဆောင်ရွက်ရန် ကျန်ရှိသည့် အစည်းအဝေး ဆုံးဖြတ်ချက်တို့ကို ဦးစားပေးအဆင့်အလိုက် ဆောင်ရွက်သွားရမည် ဖြစ်ပါကြောင်း၊ မသန်စွမ်းသူများ၏အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီကိုလည်း ပြန်လည်ပြင်ဆင်ဖွဲ့စည်း၍ အစည်းအဝေးများ ဆက်လက် ကျင်းပသွားမည်ဖြစ်ပါကြောင်း၊ မသန်စွမ်းအရေး ဆောင်ရွက်နေကြသည့် UN, INGO, NGO အဖွဲ့အစည်းများနှင့်လည်းတွေ့ဆုံ၍ လုပ်ငန်းစဉ်များ အရှိန်အဟုန်မပျက် ဆက်လက် ဆောင်ရွက်နိုင်ရေး အတွက် ဝိုင်းဝန်းကြိုးပမ်းကြရမည်ဖြစ်ပါကြောင်း လမ်းညွှန်ဆွေးနွေးပြောကြားပြီး အစည်းအဝေးသို့ တက်ရောက်လာသူများနှင့် ရင်းရင်းနှီးနှီးဆွေးနွေးခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## တပ်ကုန်းမြို့၌ အမှတ်(၂) ခရိုင်ချင်းဆက်လမ်း အဆင့်တိုးမြှင့်တည်ဆောက်မှု ၃၅ ရာခိုင်နှုန်းပြီးစီး

**တပ်ကုန်း ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် တပ်ကုန်းမြို့နယ်နှင့် မန္တလေးတိုင်းဒေသကြီး ရမည်းသင်းမြို့နယ် ဆက်သွယ်ထားရှိသော အမှတ်(၂) ခရိုင်ချင်းဆက်လမ်းပိုင်း အရှည် (၆)မိုင်၊ (၆) ဖာလုံ၊အကျယ်ပေ၄၀၊ မြေသားတာပေါင်တည်ဆောက်ခြင်းနှင့် အကျယ် ၁၂ ပေ ကတ္တရာလမ်း အဆင့် တိုးမြှင့်တည်ဆောက်ခြင်း လုပ်ငန်းများကို ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နေပြည်တော်ကောင်စီ၏ ငွေလုံးငွေရင်းခွင့်ပြုရန်ပုံငွေကျပ်၂၃၂၈ ဒသမ ၀၀ သန်းဖြင့် ဥတ္တရခရိုင် လမ်းဦးစီးဌာနက ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၂၀ ရက်မှ စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းအားလုံး ၃၅ ရာခိုင်နှုန်း ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်လမ်းဦးစီးဌာနမှ သိရသည်။ **တင်စိုးလွင် (ပြန်/ဆက်)**

## တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ
အမိန့်အမှတ်၊ ၈၈ /၂၀၂၁
၁၃၈၂ ခုနှစ်၊ တပို့တွဲလဆန်း ၁၃ ရက်
(၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်)

**တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင် ဖြည့်စွက်ဖွဲ့စည်းခြင်း**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ ရန်ကုန်မြို့တော်ဝန်အား ရန်ကုန်တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီ အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ၊ မန္တလေးမြို့တော်ဝန်အား မန္တလေးတိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်အဖြစ်လည်းကောင်း ဖြည့်စွက်ဖွဲ့စည်းလိုက်သည်။

အမိန့်အရ

(ပုံ)အောင်လင်းဒွေး
ဒုတိယဗိုလ်ချုပ်ကြီး
အတွင်းရေးမှူး
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံး ကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# သစ်တောဦးစီးဌာန တိုင်းဒေသကြီး/ ပြည်နယ် တာဝန်ခံများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို Virtual Meeting ဖြင့် ကျင်းပ





ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီ Virtual Meeting ဖြင့် ကျင်းပသည့် သစ်တောဦးစီးဌာန တိုင်းဒေသကြီးနှင့် ပြည်နယ် တာဝန်ခံများနှင့် လုပ်ငန်းညှိနှိုင်း အစည်းအဝေးတွင် အမှာစကား ပြောကြားစဉ်။

သတင်းစဉ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန သစ်တောဦးစီးဌာန တိုင်းဒေသကြီးနှင့်ပြည်နယ် တာဝန်ခံများနှင့် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ၌ Virtual Meeting ဖြင့် ကျင်းပသည်။

### ကြပ်မတ်ဆောင်ရွက်သွားရန်လို

အစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ယခုအခါ နိုင်ငံတော်အနေဖြင့် သယံဇာတများ ရေရှည်တည်တံ့ပြီး သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး၊ သစ်တောစိုက်ခင်း တည်ထောင်ခြင်းကဲ့သို့သော လုပ်ငန်းများကို အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် အလေးထားဆောင်ရွက်လျက်ရှိကြောင်း၊ သစ်တောနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်ထုတ်လုပ်ခြင်း အပိုင်း၌ တရားဝင်သစ်ထုတ်လုပ်ခြင်းဆောင်ရွက်ရာတွင် ဥပဒေ၊ လုပ်ထုံးလုပ်နည်းများကို လိုက်နာရန်နှင့် တရားမဝင်သစ်ထုတ်လုပ်ခြင်းလုပ်ငန်းများကိုလည်း ကာကွယ်တားဆီးနိုင်ရေး ကြပ်မတ်ဆောင်ရွက်သွားရန်လိုကြောင်း။

မြန်မာနိုင်ငံ သစ်တောများ ပြန်လည်တည်ထောင်ရေး စီမံကိန်း (Myanmar Reforestation and Rehabilitation Programme–MRRP) ကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်မှ ၂၀၂၆-၂၀၂၇ ဘဏ္ဍာနှစ်အထိ (၁၀)နှစ် စီမံကိန်းရေးဆွဲဆောင်ရွက်လျက်ရှိရာ ၂၀၂၀ -၂၀၂၁ ဘဏ္ဍာနှစ်အတွက် သစ်တောဦးစီးဌာနမှ စိုက်ခင်း ဧက၂၁၅၄၀၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာနမှ ဧက ၄၀၅၀၊ မြန်မာ့သစ်လုပ်ငန်းမှ ဧက ၁၅၀ စုစုပေါင်း ဧက ၂၅၇၄၀ ကို သစ်တောစိုက်ခင်းများတည်ထောင်ရန် မြေနေရာရွေးချယ်ခြင်း ၁၀၀ ရာခိုင်နှုန်းပြီးစီးခဲ့ပြီး စိုက်ခင်းတည်ထောင်ရန် လိုအပ်သောပျိုးပင် ၂၆ ဒသမ ၃၉ သန်း လျာထားရာတွင် ၈၄ ရာခိုင်နှုန်း ပျိုးထောင်ပြီးဖြစ်ပါကြောင်း၊ ဌာနဆိုင်ရာနှင့် လူထုဖြန့်ပျိုးပင် ၁၀ ဒသမ ၇ သန်း လျာထားရာတွင် ၈၉ ရာခိုင်နှုန်း ပျိုးထောင်ပြီးစီးပြီဖြစ်ပါကြောင်း။

### အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်

ထို့ကြောင့် ယခု ၂၀၂၁ ခုနှစ် မိုးရာသီအတွက် သစ်တောစိုက်ခင်းများတည်ထောင်ခြင်းလုပ်ငန်းစဉ်အတွက် အသင့်ဖြစ်နေသည့်အခြေအနေ တွေ့ရှိရပါကြောင်း၊ ၂၀၂၁ ခုနှစ် မိုးရာသီသစ်ပင်စိုက်ပျိုးခြင်းနှင့် လူထုဖြန့်ပျိုးပင်များ ပြုစုပျိုးထောင်ဖြန့်ဝေခြင်း လုပ်ငန်းများကိုလည်း လျာထားချက်များအတိုင်း ပြည့်မီအောင် ဆောင်ရွက်သွားရန်နှင့် ကျန်ရှိသည့်လုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း၊ ၂၀၂၁ ခုနှစ် မိုးရာသီတွင် ဆောင်ရွက်မည့်သစ်ပင်စိုက်ပျိုးခြင်းကို ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး လှုပ်ရှားမှု (Green Environment Campaign )ဖြင့် အင်အားအပြည့် စိုက်ပျိုးဆောင်ရွက်သွားရန်လိုကြောင်း၊ တိုင်းဒေသကြီး/ပြည်နယ် ခရိုင်၊ မြို့နယ်အလိုက် သစ်တောပြုန်းတီးမှုဖြစ်စေခဲ့သည့် အကြောင်းရင်းများကို ဖော်ထုတ်ပြီး ကာကွယ်တားဆီးနိုင်မည့်နည်းလမ်းများ ဖော်ထုတ်ဆောင်ရွက်သွားရန်လိုကြောင်း၊ သစ်တောသယံဇာတသဘာဝပတ်ဝန်းကျင်ထိန်းသိမ်းစောင့်ရှောက်ခြင်းကို စုပေါင်းဦးဆောင်မှုဖြင့် မိသားစုစိတ်ဓာတ် Team Work အားကောင်းကောင်းဖြင့် ဆောင်ရွက်သွားရန်လိုကြောင်း။

သစ်တောထိန်းသိမ်းကာကွယ်ရာတွင် အလေးထားဆောင်ရွက်ရသည့် လုပ်ငန်းတစ်ခုမှာ တရားမဝင် သစ်ခိုးယူထုတ်လုပ်မှုလျော့နည်းပပျောက်စေရေးဖြစ်ပါကြောင်း၊ ဌာနအစီအစဉ်ဖြင့်ဖမ်းဆီးခြင်း၊ ပြည်သူပူးပေါင်းပါဝင်မှုဖြင့် လူထုအခြေပြုစောင့်ကြပ်ကြည့်ရှု သတင်းပို့စနစ် (Community Monitoring and Reporting System– CMRS) ဖြင့် သတင်းရယူ ဖမ်းဆီးခြင်း၊ သစ်တောနယ်မြေအတွင်း တရားမဝင်သစ်ခိုးထုတ်နိုင်ရန် ဖောက်လုပ်ထားသည့် လမ်းကြောင်းများကို ဖျက်ဆီးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားရန်လိုကြောင်း ပြောကြားသည်။

### ဖြည့်စွက်ရှင်းလင်းတင်ပြ

ဆက်လက်၍ တိုင်းဒေသကြီးနှင့် ပြည်နယ်သစ်တောဦးစီးဌာန တာဝန်ခံများက လုပ်ငန်းဆောင်ရွက်ထားရှိမှုများကို ရှင်းလင်းတင်ပြမှုအပေါ် မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အပူပိုင်းဒေသစိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကား ပြောကြားသည်။

အခမ်းအနားသို့ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ အပူပိုင်းဒေသ စိမ်းလန်းစိုပြည်ရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ မြန်မာ့သစ်လုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးနှင့် တိုင်းဒေသကြီးနှင့်ပြည်နယ် သစ်တောဦးစီးဌာန တာဝန်ခံများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုကြီး အမြဲတမ်းရှိနေမယ်...

## ကိုသံချောင်း–မစာဥ တစ်ခန်းရပ်စကားပြောခန်း (၁)

**ဆယ်အိမ်မှူး ကိုသံချောင်း ရေပုံးတစ်လုံးကိုဘေးချ၍ မြေကိုတူးဆွလျက် သစ်ပင်ငယ်တစ်ပင်စိုက်ပျိုးရင်း သီချင်းတစ်ပိုင်းတစ်စကို စိတ်လွတ်ကိုယ်လွတ် သီဆိုနေသည်။**

**"သွေးချင်းညီအစ်ကိုများ..စည်းလုံးခြင်းရဲ့အင်အား ငြိမ်းချမ်းခြင်းအတွက် သီချင်းတစ်ပုဒ်ရှိနေမယ်.."**

**"အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး ခင်ဗျားသိပ်ကြောက်တဲ့ ကိုဗစ် -၁၉ ရောဂါကာကွယ်ရေးတွေကို ဆက်တိုက်လုပ်မယ်တဲ့။ ကိုဗစ်-၁၉ ကြောင့် ကျွန်တော်တို့ပြည်သူတွေ စီးပွားရေးနာလန်မထူနိုင်တာကို အမြန်ဆုံးပြန်လည်ကုစားပေးမယ်တဲ့။ ခုနက ကျွန်တော်ဆိုနေတဲ့ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ်လို တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားလုပ်ဆောင်မယ်တဲ့လေ။ အခုလည်း စတင်လုပ်ဆောင်နေပြီဗျ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်ဖွဲ့စည်းထားပြီး မဲစာရင်းစစ်တာတွေအပြင် လိုအပ်တာတွေကို စလုပ်နေပြီလေ။ အားလုံးပြီးတဲ့အခါ ရွေးကောက်ပွဲပြန်ကျင်းပပေးမယ်တဲ့"**

"ကိုသံချောင်းကြီး ဒီလိုကာလမျိုးမှာ ငြိမ်းချမ်းခြင်းအတွက် သီချင်းတစ်ပုဒ်တဲ့လားရှင့်။ ရှင်က သံပုံးမတီး၊ ဒို့အရေးမလုပ်၊ ဖွေ့စ်ဘွတ်မှာလည်း ခပ်စိမ်းစိမ်းနဲ့နေနေတာ တော်တော်နေနိုင်တဲ့သူပဲ"

အိမ်နီးချင်း ဘွဲ့ရအပျိုကြီး ဒေါ်စာဥက ဈေးခြင်းအလွတ်ကိုဆွဲလျက် ငေါ်တော့တော့ပြောရင်း ကိုသံချောင်း သစ်ပင်စိုက်ရာဆီသို့ ရောက်လာ၏။

"မဟုတ်ရပါဘူး မစာဥရယ်။ စည်းလုံးခြင်းအတွက် သီချင်းတစ်ပုဒ် သီချင်းဆိုနေတာပါ။ လက်ရှိကာလနဲ့လည်း သက်ဆိုင်တာပေါ့။ ဒါနဲ့ခင်ဗျားက တိတ်တိတ်လေး နားထောင်နေတယ်ပေါ့လေ။ ကျွန်တော်ဆိုနေတာ မကြိုက်ဘူးဆိုရင် ကေန္တမငြိမ်းချမ်းချင်တာများလားဗျာ"

"အမလေး ရှင့်အသံပြာကြီးကြားလို့သာ ဝင်လာတာပါတော်။ ကျွန်မ ဈေးသွားမလို့ပါ။ ခဏနေကျရင် အပေါင်းအသင်းတွေနဲ့ သံရုံးတွေရှေ့သွားပြီး ဆန္ဒပြရဦးမယ်။ ရှင်တို့လို ရေခဲတုံး ဖင်ခုမထိုင်နိုင်ပါဘူး။ တိုင်းပြည်အရေးမှာ ကျွန်မတို့က အဆုံးအထိတိုက်မှာ"

"ခင်ဗျားတောင် အတော်ဟုတ်လာပြီ။ စကားအကြီးကြီးတွေပြောတတ်လာပြီပေါ့။ ဝမ်းသာပါတယ်ဗျာ။ ခင်ဗျားပြောတဲ့အဆုံးအထိတိုက်မှာဆိုတာကို ကျွန်တော်တော့ တော်တော်သဘောကျမိတယ်ဗျ။ ဒါနဲ့ ဘယ်အဆုံးအထိ တိုက်ကြမှာတုန်း။ ပန်းတိုင်က ဘာတုန်း ကျွန်တော့်လည်း ရှင်းပြပါဦး"

"ရှင်းပြပါမယ်ရှင်၊ မသိသေးဘူးဆိုရင် မှတ်စုစာအုပ်လေးပါယူပြီးမှတ်ထားလိုက်ဦး။ ကျွန်မတို့က လက်သန်းတွေ မင်တောင်မပျက်သေးဘူး။ အရေးပေါ်အခြေအနေဖြစ်သွားပြီလေ။ လွှတ်တော်တက်မယ့်အမတ်တွေလည်း ဘယ်ရောက်ကုန်မှန်းမသိ။ အခုနိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီက အရေးပေါ်ကာလသတ်မှတ်ပြီး အုပ်ချုပ်နေတယ်။ ဒါကို မကြိုက်လို့ လမ်းပေါ်ထွက်ပြီး ပြည်သူတွေနဲ့ ဝန်ထမ်းတွေက CDM လုပ်တာ၊ ကန့်ကွက်နေကြတာ။ အဲဒါကို အဆုံးအထိသွားမှာလို့ပြောတာရှင့်။ အဲဒီလိုသွားရင် လက်ရှိအစိုးရက တောင့်မခံနိုင်ဘူးလေ။ အဲဒီတော့ ပြုတ်ကျမှာပေါ့။ ဒါဆိုရင် ပြည်သူတွေရွေးကောက်တဲ့ အစိုးရပြန်တက်။ ဝန်ထမ်းတွေပြန်အလုပ်ဆင်း။ အားလုံးသာယာတဲ့အထိ အားလုံးက တိုက်ပွဲဝင်မှာလို့ပြောရတာတော်ရေ။ ဆယ်အိမ်ခေါင်းဖြစ်ပြီး ဗဟုသုတကလည်း အတော်နည်းရှာသကိုး"

"ဗဟုသုတနည်းတယ်ပဲထားပါတော့ဗျာ။ ဒါပေမယ့် တပ်မတော်ကနေ ရွေးကောက်ပွဲမှာ မဲစာရင်းကွာဟတာနဲ့ ပတ်သက်ပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ဖြေရှင်းပေးဖို့ တောင်းဆိုတာကို ငြင်းဆန်ခဲ့တယ်ဗျ။ ပြည်ထောင်စုလွှတ်တော်ကလည်း ဖြေရှင်းပေးဖို့ တောင်းဆိုတာကို ဖြေရှင်းမပေးဘူးဗျ။ နောက် နိုင်ငံတော်အစိုးရ၊ ပြည်ထောင်စုလွှတ်တော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်တို့က နည်းလမ်းရှာ ဖြေရှင်းပေးဖို့ တောင်းဆိုတာကိုလည်း လျစ်လျူရှုခဲ့တယ်ဗျ။ နောက်ပြီး အရပ်ဘက်စစ်ဘက်အားလုံးကို ကိုယ်စားပြုတဲ့ အမျိုးသားကာကွယ်ရေးနဲ့ လုံခြုံရေးကောင်စီ အစည်းအဝေးခေါ်ယူပြီး တွေ့ဆုံဆွေးနွေးဖို့ တင်ပြတာကိုလည်း ဘယ်လို တုံ့ပြန်ခဲ့သလဲဗျ၊ အဲဒီနောက်ပိုင်း မဲစာရင်းပြဿနာကို ဖြေရှင်းမပေးဘဲ လွှတ်တော်တွေခေါ်ယူတယ်။ တတိယအကြိမ် လွှတ်တော်ခေါ်ယူမှုကို ရွှေ့ဆိုင်းဖို့ တပ်မတော်က တောင်းဆိုတဲ့ အခါမှာလည်း လက်မခံဘူးဗျ။ အဲဒီလို နိုင်ငံတော်သမ္မတထံကိုရော၊ ပြည်ထောင်စုလွှတ်တော်ကိုရော၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကိုရော တပ်မတော်က သတိပေးတာ၊ အကြောင်းကြားတာ၊ တောင်းဆိုတာ အကြိမ်ကြိမ်လုပ်ခဲ့သားနဲ့ ဘာကြောင့်များ ငြင်းဆန်ခဲ့တာလည်းလို့ ကျွန်တော်ကတော့ စဉ်းစားနေတာပဲ"

"အဲဒါတွေတော့ ကျွန်မ မသိဘူး။ အဲဒီလိုဆိုလည်း အကြီးအကဲတွေ ထပ်ပြီးဆွေးနွေးကြည့်ပေါ့ရှင့်"

"ခင်ဗျားတို့က အဲဒါကြောင့် စာဖတ်ပါဆိုတော့ ဟာသလောက်ဖတ်ကြတာကိုးဗျ။ ဒီတစ်ခါတော့ ခင်ဗျားမှတ်စုစာအုပ် ပြေးယူမှတ်ပေတော့ ကျွန်တော်ပြောတာနားထောင်။ မြို့နယ်အသီးသီးမှာ အဲဒီလို ရွေးကောက်ပွဲရလဒ်ကို လက်မခံတဲ့အကြောင်း ခင်ဗျားတို့အခု ဆန္ဒပြသလို ပြည်သူတွေပြခဲ့ကြတယ်လေ။ အခြားပါတီအဖွဲ့အစည်းတွေကလည်း ကန့်ကွက်တာတွေ လုပ်ကြတယ်လေ။ ဒါဟာ နိုင်ငံတော်တည်ငြိမ်မှုကို ထိခိုက်စေတာပေါ့ဗျာ။ မဲစာရင်းအကွဲအလွဲကို မှန်မှန်ကန်ကန်မဖြေရှင်းဘူးဆိုရင် နိုင်ငံတော်ရဲ့ ဒီမိုကရေစီ လျှောက်လှမ်းမှုမှာ အခက်အခဲဖြစ်စေမှာကိုသိလို့ တပ်မတော်ကဥပဒေနဲ့အညီ ဖြေရှင်းဖို့လိုအပ်တဲ့အတွက် ခင်ဗျားတို့ စာအုပ်အစိမ်းလို့ခေါ်နေတဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်) ပုဒ်မ ၄၁၇ အရ နိုင်ငံတော်ကို အရေးပေါ်အခြေအနေကြေညာလိုက်ရတာခင်ဗျ"

"ဒါကိုလက်မခံချင်တာလေ။ ပြည်သူ့အစိုးရပဲ လိုချင်တယ်"

"ခင်ဗျားခုနကပြောတဲ့ထဲ အဖြေပါပြီးသားလေ အပျိုကြီးရဲ့။ အရေးပေါ်အခြေအနေလို့ ပြောခဲ့သားနဲ့။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်တွေနဲ့အညီ လုပ်သင့်လုပ်ထိုက်တာတွေလုပ်ပြီးရင် စာအုပ်အစိမ်းအရ လွှတ်လပ်ပြီးတရားမျှတတဲ့ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ပြန်လည်ကျင်းပပြီး အနိုင်ရတဲ့ပါတီကို ဒီမိုကရေစီစံနှုန်းနဲ့အညီ နိုင်ငံတော်တာဝန်ကိုလွှဲအပ်မယ်လို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ရုံးကနေ ဖေဖော်ဝါရီ ၁ ရက်နေ့ကတည်းက ထုတ်ပြန်ထားခဲ့ပြီးသားပါ။ မပေးဘူးလို့ပြောတာမှ မဟုတ်တာဘဲ။ စနစ်တကျနဲ့ ပြန်လည်ဆောင်ရွက်ပေးပါမယ်ဆိုမှ ဘာကိုစိတ်ပူနေတာတုန်း အပျိုကြီးရဲ့။ အဲဒီအခါကျ ခင်ဗျားပေးချင်တဲ့ပါတီကို မဲပေးနိုင်လျက်သားနဲ့ အခုဘာကြောင့် အဆုံးထိတိုက်မယ်ချည်း ပြောနေရတာတုန်းဗျ"

"အို..ဒါတွေမသိဘူး။ ကျွန်မတစ်ယောက်တည်းမှ မဟုတ်တာ။ CDM လုပ်ကြတာ အများကြီးပဲလေ။ ဒါဆိုရင် ကျွန်မသိချင်တာတစ်ခုမေးရဦးမယ်။ လက်ရှိမှာ တာဝန်ယူနေတဲ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဆိုတာက ဘာတွေကို လုပ်ပေးမှာလဲ။ ဒီကြားထဲ ကျွန်မတို့လို ပြည်သူတွေက အေးအေးချမ်းချမ်းနေခွင့်ရပ့ါမလား။ စိတ်ပူတယ်ရှင့်"

"လက်ရှိ ဆူပူသောင်းကျန်းတာ၊ အကြမ်းဖက်မှုတွေဖြစ်တာမျိုး အထိမရောက်အောင် ဥပဒေနဲ့အညီ ကိုင်တွယ်ဖြေရှင်းနေတာ ခင်ဗျားအမြင်ပဲလေ။ ဒါက အေးချမ်းအောင်၊ တရားဥပဒေစိုးမိုးအောင်ပေါ့ဗျာ။ ဒါနဲ့အင်တာနက်မှာ အဓိကရုဏ်းနှိမ်နင်းတဲ့ နိုင်ငံတကာမြင်ကွင်းတွေ ခင်ဗျားကြည့်လို့ ရပါတယ်။ ဘယ်လိုအင်အားသုံးပြီး ကိုင်တွယ်တယ်ဆိုတာ။ ကျွန်တော်တို့ဆီမှာတော့ အဖိတ်အစဉ်အနည်းငယ်ရှိပေမယ့် နိုင်ငံတကာက အချို့အဓိကရုဏ်း နှိမ်နင်းတာမျိုးလို မကြမ်းတမ်းပါဘူးဗျာ။ ဥပဒေနဲ့အညီ ဒီမိုကရေစီနိုင်ငံတွေ ရဲ့ အရေးယူဆောင်ရွက်မှုနဲ့အညီ လုပ်နေတာပါ။ အခုတင် ခင်ဗျားဈေးသွားမလို့ မဟုတ်လား။ တကယ်မငြိမ်းချမ်းရင် ခင်ဗျားဈေးတောင် ဝယ်မရဘူးဗျ"

"ဒါတော့ဒါပေါ့ ကိုသံချောင်းရယ်။ ဒါနဲ့ ရှင်ပြောမယ့်ဟာ ဆက်ပါဦး"

"အခု နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဖွဲ့စည်းပြီး ခင်ဗျားသိပ်ကြောက်တဲ့ ကိုဗစ် –၁၉ ရောဂါကာကွယ်ရေးတွေကို ဆက်တိုက်လုပ်မယ်တဲ့။ ကိုဗစ်–၁၉ ကြောင့် ကျွန်တော်တို့ပြည်သူတွေ စီးပွားရေးနာလန်မထူနိုင်တာကို အမြန်ဆုံးပြန်လည်ကုစားပေးမယ်တဲ့။ ခုနက ကျွန်တော်ဆိုနေတဲ့ စည်းလုံးခြင်းအတွက်သီချင်းတစ်ပုဒ်လို တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးအတွက် အလေးထားလုပ်ဆောင်မယ်တဲ့လေ။ အခုလည်း စတင်လုပ်ဆောင်နေပြီဗျ။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်ဖွဲ့စည်းထားပြီး မဲစာရင်းစစ်တာတွေအပြင် လိုအပ်တာတွေကို စလုပ်နေပြီလေ။ အားလုံးပြီးတဲ့အခါ ရွေးကောက်ပွဲပြန်ကျင်းပပေးမယ်တဲ့"

"ဟုတ်ပါပြီရှင်။ ရှင်ပြောတော့လည်း ကျွန်မ ဗဟုသုတတိုးသွားပါတယ်။ အဲဒီတော့ ကျွန်မလည်း ရှင့်လို အေးအေးလူလူ ဒီကာလတော့ စောင့်ကြည့်ရမလား စဉ်းစားရဦးမယ်။ ကဲ အချိန်လည်းမနည်းတော့ဘူး။ ဈေးပြေးလိုက်ဦးမယ်။ အိမ်ကတူမတွေစားဖို့က အချိန်မီလုပ်ပေးရဦးမှာ"

"ဈေးချိန်လည်းမီ၊ သပိတ်စခန်းလူစည်ပြီး လမ်းမပိတ်သေးခင် ကျွန်တော်စက်ဘီးနဲ့ လိုက်ပို့ပေးပါရစေ"

"တော်ပါပြီ၊ ကျွန်မဘာသာ လမ်းလျှောက်ပါ့မယ်။ နိုင်ငံက အရေးပေါ်ကာလကြီးထဲ ကျွန်မနဲ့ ရှင့်ကို သူများက အထင်လွဲတာ မဖြစ်ချင်ပါဘူး"

"ဒါဆိုလဲ တာ့တာ၊ ဘိုင်ဘိုင်ပဲပေါ့ မစာဥရေ.."

ပြောပြောဆိုဆိုပင် မစာဥကြီး ဆန္ဒပြလူအုပ်ကိုရှောင်ရင်း ဈေးသို့သွားလေသည်။ ကိုသံချောင်းကြီးကတော့ ပြောချင်တာပြောလိုက်ရသဖြင့် ပီတိမျက်နှာနှင့် သီချင်းလက်ကျန်လေးကို ဆက်၍ "ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်၊ ရှမ်း ညီညွတ်နေတဲ့ ခိုင်မြဲတဲ့အင်အား ပြည်ထောင်စုကြီး အမြဲတမ်းရှိနေမယ်.." ဆိုလျက် ကျန်ရစ်လေသည်။

**ဒေါ်ဂင်**

---

## ည အပူချိန်များ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ညအပူချိန်များမှာ တနင်္သာရီတိုင်းဒေသကြီးတွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်အောက် ၃ ဒီဂရီ စင်တီဂရိတ် လျော့နည်းခဲ့ပြီး မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ကချင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၂ ဒီဂရီ စင်တီဂရိတ်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်တို့ထက် ၃ ဒီဂရီစင်တီဂရိတ်မှ ၄ ဒီဂရီ စင်တီဂရိတ်အထိနှင့် နေပြည်တော်တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှ အပူချိန်ထက် ၅ ဒီဂရီစင်တီဂရိတ်ပိုခဲ့ကာ ရန်ကုန်တိုင်းဒေသကြီး၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဖေဖော်ဝါရီလ၏ ပျမ်းမျှအပူချိန်ခန့်သာ ရှိခဲ့သည်။

မိုး/ဇလ

# သက်ဆိုင်သူသို့ ...

သက်ထားဆွေ

နိုင်ငံ့ဝန်ထမ်းဆိုသည်မှာ. . .

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံ အခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့် နိုင်ငံ့ဝန်ထမ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ပြည်ထောင်စုအစိုးရအဖွဲ့က အတည်ပြုထားသော ဝန်ထမ်းအဖွဲ့အစည်းတစ်ရပ်ရပ်၏ ဖွဲ့စည်းပုံပါ ရာထူးတစ်ခုခုတွင် ခန့်အပ်ခြင်းခံရသည့်၊ နိုင်ငံတော် ရသုံးမှန်းခြေငွေစာရင်းမှ ကျခံထုတ်ပေးသည့် လစာနှင့် စရိတ်များကို ခံစားခွင့်ရှိသည့်ဝန်ထမ်းကို ဆိုသည်။

နိုင်ငံ့ဝန်ထမ်းများသည် ဖွဲ့စည်းပုံအခြေခံဥပဒေ၊ တည်ဆဲဥပဒေ၊ နည်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရမည့်အပြင် နိုင်ငံ့ဝန်ထမ်းများနှင့် အဓိကသက်ဆိုင်သော နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများတွင် ပြဋ္ဌာန်းထားရှိသည့် ထမ်းဆောင်ရမည့်တာဝန်၊ လိုက်နာရမည့်စည်းကမ်း၊ စောင့်ထိန်းရမည့်ကျင့်ဝတ်တို့ကိုလည်း သိရှိ၊ လိုက်နာဆောင်ရွက်ကြရမည်ဖြစ်ပါသည်။

သက်ဆိုင်သူ နိုင်ငံ့ဝန်ထမ်းများအား ဖွဲ့စည်းပုံအခြေခံဥပဒေ၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများမှ လက်ရှိကာလနှင့် ဆက်စပ်လျက်ရှိသော ပြဋ္ဌာန်းချက်အချို့ကို ထုတ်နုတ်၍တင်ပြရမည်ဆိုလျှင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)၊ ပုဒ်မ ၂၆၊ ပုဒ်မခွဲ (က) တွင် "နိုင်ငံ့ဝန်ထမ်းများသည် ပါတီနိုင်ငံရေးကင်းရှင်းရမည်" ဟုလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၁၀ တွင် "ဝန်ထမ်းသည် နိုင်ငံတော်၏ကျေးဇူးသစ္စာကို စောင့်သိရိုသေခြင်း၊ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့် တည်ဆဲဥပဒေများပါ ပြဋ္ဌာန်းချက်များကိုလိုက်နာခြင်း၊ မိမိအား ပေးအပ်ထားသော တာဝန်နှင့် ဝတ္တရားများကို ကျေပွန်စွာထမ်းဆောင်ခြင်း၊ နိုင်ငံ့ဝန်ထမ်းဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်းစည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များ၊ ဝန်ထမ်းအဖွဲ့အစည်းအလိုက် သီးခြားသတ်မှတ်ထားသော လုပ်ငန်းခွင်စည်းကမ်းများ၊ အမိန့်နှင့် ညွှန်ကြားချက်များကိုလိုက်နာခြင်း၊ ပါတီနိုင်ငံရေးကင်းရှင်းခြင်းတို့ကို လိုက်နာရန် တာဝန်ရှိသည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားရှိပါသည်။

နိုင်ငံ့ဝန်ထမ်းဥပဒေ၊ ပုဒ်မ ၃၇ တွင် "ဝန်ထမ်းသည် နိုင်ငံ့ဝန်ထမ်းဥပဒေအရ ပြုလုပ်သော နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများကို စောင့်ထိန်းလိုက်နာရမည့်အပြင် ဝန်ထမ်းအဖွဲ့အစည်း၏ လုပ်ငန်းသဘာဝနှင့် ဝန်ထမ်းအမျိုးအစားအလိုက် သီးခြားသတ်မှတ်ထားသည့် ကျင့်ဝတ်နှင့် လုပ်ငန်းခွင်စည်းကမ်းများကိုလည်း စောင့်ထိန်းလိုက်နာရမည်" ဟုလည်းကောင်း၊ ပုဒ်မ ၃၈ တွင် "ဝန်ထမ်းကျင့်ဝတ်ပျက်ယွင်းမှု၊ စည်းကမ်းဖောက်ဖျက်မှုနှင့် တာဝန်ပျက်ကွက်မှုတို့အတွက် ဝန်ထမ်းစည်းကမ်းထိန်းသိမ်းရေးဆိုင်ရာ ဥပဒေ၊ နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဌာနဆိုင်ရာနည်းလမ်းအရ အရေးယူနိုင်သည်။ ဝန်ထမ်း၏ ပြုလုပ်မှု သို့မဟုတ် ပျက်ကွက်မှုသည် ပြစ်မှုမြောက်နိုင်သည့်ကိစ္စဖြစ်ပါက ဥပဒေကြောင်းအရ အရေးယူရန်ဆောင်ရွက်ရမည်" ဟုလည်းကောင်း ပြဋ္ဌာန်းထားပါသည်။

နိုင်ငံ့ဝန်ထမ်းများအတွက် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၁ တွင် အလုပ်ချိန်နှင့် သက်ဆိုင်သည့်စည်းကမ်းများကို ပြဋ္ဌာန်းထားရာ ခွင့်စည်းကမ်းများကိုဖောက်ဖျက်ပြီး ခွင့်မဲ့ပျက်ကွက်ခြင်း မပြုရပါ။ ထို့အတူ တာဝန်ထမ်းဆောင်မှုဆိုင်ရာနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်း ဥပဒေ ၁၆၂ တွင် ဥပဒေနှင့်အညီ ထုတ်ပြန်ထားသည့် အမိန့်၊ ညွှန်ကြားချက်များကို လိုက်နာရန် ပျက်ကွက်ခြင်း မပြုရပါ။ ထို့အပြင် ပြုမူဆက်ဆံမှုဆိုင်ရာ စည်းကမ်းနှင့်စပ်လျဉ်း၍ နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၃ တွင် အလုပ်ခွင်ငြိမ်းချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားစေရန် လှုံ့ဆော်ခြင်း သို့မဟုတ် ပြုလုပ်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို အားပေးကူညီခြင်း၊ ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် စောင့်ထိန်းလိုက်နာရန် သတ်မှတ်ထားသည့် အခြားကျင့်ဝတ်နှင့် စည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ တာဝန်အရ အထက်အကြီးအမှူးက ဥပဒေနှင့်အညီ ပေးသည့်အမိန့်ကို ဝန်ထမ်းကိုယ်တိုင်ဖီဆန်ခြင်း၊ အခြားဝန်ထမ်းတို့ကို ဆန့်ကျင်စေရန် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်စည်းရုံးခြင်း၊ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် ဌာနဆိုင်ရာ စာရွက်စာတမ်းများကိုထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များကို မသက်ဆိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသိပေးခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းများ ရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့ကို မကျူးလွန်ကြရပါ။

"နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများ၊ နည်းဥပဒေ ၁၆၃ တွင် အလုပ်ခွင်ငြိမ်းချမ်းသာယာမှုကိုဖြစ်စေ၊ ဝန်ထမ်းအချင်းချင်း စည်းလုံးညီညွတ်မှုကိုဖြစ်စေ ပျက်ပြားစေရန် လှုံ့ဆော်ခြင်း သို့မဟုတ် ပြုလုပ်ခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ခြင်းကို အားပေးကူညီခြင်း၊ ဝန်ထမ်းအဖွဲ့အစည်း၊ ဝန်ထမ်းအမျိုးအစားအလိုက် စောင့်ထိန်းလိုက်နာရန် သတ်မှတ်ထားသည့် အခြားကျင့်ဝတ်နှင့် စည်းကမ်းများကို ဖောက်ဖျက်ခြင်း၊ တာဝန်အရ အထက်အကြီးအမှူးက ဥပဒေနှင့်အညီပေးသည့်အမိန့်ကို ဝန်ထမ်းကိုယ်တိုင်ဖီဆန်ခြင်း၊ အခြားဝန်ထမ်းတို့ကို ဆန့်ကျင်စေရန် လှုံ့ဆော်ခြင်း၊ ခြိမ်းခြောက်ခြင်း၊ သွေးဆောင်စည်းရုံးခြင်း၊ လုံခြုံမှုအဆင့်အတန်း သတ်မှတ်ထားသည့် ဌာနဆိုင်ရာ စာရွက်စာတမ်းများကို ထိန်းသိမ်းစောင့်ရှောက်ရန် ပျက်ကွက်ခြင်း သို့မဟုတ် လုပ်ငန်းဆိုင်ရာ လျှို့ဝှက်ချက်များကို မသက်ဆိုင်သူများအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ အသိပေးခြင်း၊ နိုင်ငံတော်နှင့် နိုင်ငံတော်အစိုးရကို အကြည်ညိုပျက်စေမည့် စာအုပ်စာတမ်းများရေးသားခြင်း သို့မဟုတ် ဖြန့်ဝေခြင်း၊ နိုင်ငံတော်လုံခြုံရေးနှင့် တရားဥပဒေစိုးမိုးရေးကို ထိခိုက်စေသည့် လှုပ်ရှားမှုတစ်ခုခုတွင် ပါဝင်ခြင်း သို့မဟုတ် လှုံ့ဆော်ခြင်း သို့မဟုတ် အားပေးကူညီခြင်းတို့ကို မကျူးလွန်ကြရပါ"

သို့ဖြစ်၍ သက်ဆိုင်သူ နိုင်ငံ့ဝန်ထမ်းများသည် အလုပ်ချိန်နှင့် သက်ဆိုင်သည့် စည်းကမ်းများ၊ တာဝန်ထမ်းဆောင်မှု၊ လုပ်ရည်ကိုင်ရည်တို့နှင့် သက်ဆိုင်သည့် စည်းကမ်းများနှင့် လုပ်ငန်းခွင်အတွင်း ပြုမူ ဆက်ဆံမှုဆိုင်ရာ စည်းကမ်းများကို လိုက်နာကြရမည်ဖြစ်ပါသည်။

နိုင်ငံ့ဝန်ထမ်းသည် ဝန်ထမ်းစည်းကမ်းဆိုင်ရာ ပြစ်မှုတစ်ခုကို ဖောက်ဖျက်ကျူးလွန်ပါက ဌာနဆိုင်ရာ အရေးယူအပြစ်ပေးခြင်းအပြင် မိမိ၏ ကျူးလွန်မှုသည် ဥပဒေကြောင်းနှင့် အရေးယူနိုင်သည့် ကျူးလွန်မှုဖြစ်ပါက ဥပဒေကြောင်းအရလည်း အရေးယူအပြစ်ပေးခြင်းခံရနိုင်ပါသည်။

နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင်–

"– ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏ သစ္စာကို စောင့်သိရိုသေပါမည်။
– ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်း ဆောင်ရွက်ပါမည်။
– ကျွန်ုပ်တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။
– ကျွန်ုပ်တို့သည် အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည် ကြိုးပမ်းဆောင်ရွက်ပါမည်။
– ကျွန်ုပ်တို့သည် နိုင်ငံ့ဝန်ထမ်းများ ဗီသစွာဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းအောင် နေထိုင်ပါမည်။
– ကျွန်ုပ်တို့သည် နိုင်ငံတော်က ပေးအပ်သော အမိန့်နှင့် တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သွားပါမည်"

ဟူသော နိုင်ငံ့ ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး စောင့်ထိန်းလိုက်နာ ဆောင်ရွက်သွားကြပါစို့

သို့ဖြစ်၍ သက်ဆိုင်သူ.... နိုင်ငံ့ဝန်ထမ်းမောင်တို့ကြားကုန်လော့၊ မယ်တို့ကြားကုန်လော့။ အထက်ပါ ပြဋ္ဌာန်းသတ်မှတ်ချက်များကို သိရှိပြီး လိုက်နာကျင့်သုံး ဆောင်ရွက်ကြရမည်ဖြစ်ပါသည်။ နိုင်ငံ့တာဝန်များကို ထမ်းဆောင်ရာတွင်–

"– ကျွန်ုပ်တို့သည် ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော်၏သစ္စာကို စောင့်သိရိုသေပါမည်။
– ကျွန်ုပ်တို့သည် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။
– ကျွန်ုပ်တို့သည် တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေးကို ဦးတည်ကြိုးပမ်းဆောင်ရွက်ပါမည်။
– ကျွန်ုပ်တို့သည် အမိနိုင်ငံတော်၏ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးကို ဦးတည် ကြိုးပမ်းဆောင်ရွက်ပါမည်။
– ကျွန်ုပ်တို့သည် နိုင်ငံ့ဝန်ထမ်းများ ဗီသစွာဖြင့် ပါတီနိုင်ငံရေး ကင်းရှင်းအောင် နေထိုင်ပါမည်။
– ကျွန်ုပ်တို့သည် နိုင်ငံတော်က ပေးအပ်သော အမိန့်နှင့် တာဝန်များကို ဦးလည်မသုန် သက်စွန့်ကြိုးပမ်း ဆောင်ရွက်သွားပါမည်"

ဟူသော နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန်(၆)ချက်ကို ဦးထိပ်ပန်ဆင်ပြီး စောင့်ထိန်းလိုက်နာ ဆောင်ရွက်သွားကြပါစို့ဟု အဓိဋ္ဌာန်ပြုလျက် တိုက်တွန်းလိုက်ရပါသည်။ ။

# ကုန်စုံဆိုင်ငယ်များသို့ အတိုးနှုန်း သက်သာသောချေးငွေဖြင့် တစ်ဆိုင်လျှင် အများဆုံးချေးငွေပမာဏ ကျပ်သိန်း (၅၀) အထိ ထုတ်ချေးမည်

## စီမံကိန်း၊ ဘဏ္ဍာရေးနှင့်စက်မှုဝန်ကြီးဌာန ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန အသိပေးကြေညာချက်

၁။ COVID-19 ကပ်ရောဂါဘေးကြောင့် စီးပွားရေးထိခိုက်မှုရှိခဲ့သော နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်များအတွင်း အခြေတကျ ဆိုင်ဖွင့်လှစ်ရောင်းချလျက်ရှိသည့် ကုန်စုံဆိုင်ငယ်များသို့ အတိုးနှုန်းသက်သာသောချေးငွေ (ချေးငွေသက်တမ်း ၁ နှစ်) ကို ၁ နှစ်လျှင် အတိုးနှုန်း ၂% ဖြင့် တစ်ဆိုင်လျှင် အများဆုံးချေးငွေပမာဏ ကျပ်သိန်း (၅၀) အထိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနက အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများမှတစ်ဆင့် ထုတ်ချေးမည်ဖြစ်ပါသည်။

၂။ သို့ဖြစ်ရာ အတိုးနှုန်းသက်သာသော ချေးငွေရယူလိုသည့် ကုန်စုံဆိုင်ငယ်များအနေဖြင့် အောက်ပါဇယားတွင် ဖော်ပြထားသည့် အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများနှင့် ဆက်သွယ်၍ ချေးငွေရယူနိုင်ကြောင်း အသိပေးကြေညာအပ်ပါသည်။

| တိုင်းဒေသကြီး / ပြည်နယ် | ဆက်သွယ်ရမည့် အသေးစား ငွေရေးကြေးရေးအဖွဲ့အစည်းအမည် |
|---|---|
| ကချင်ပြည်နယ် | ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ မိုက်ခရိုဖိုင်းနန့်(စ်) ဒယ်တာ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ကယားပြည်နယ် | Alliance for Microfinance in Myanmar ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်) လီမိတက်၊ စထာပါနာ လီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်)ဒယ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ |
| ကရင်ပြည်နယ် | ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်) လီမိတက်၊ စထာပါနာလီမိတက်၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ချင်းပြည်နယ် | ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ |
| စစ်ကိုင်းတိုင်းဒေသကြီး | Alliance for Microfinance in Myanmar ၊ ဟာနာမိုက်ခရို ဖိုင်းနိုက်(စ်) လီမိတက် ၊ Pact (Global micro Finance Fund) အဖွဲ့အစည်း ၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီ မြန်မာမိုက်ခရို ဖိုင်းနန့်(စ်)၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ |
| တနင်္သာရီတိုင်းဒေသကြီး | ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်) လီမိတက်၊ ထားဝယ်ဖွံ့ဖြိုးတိုးတက်မှု အများပိုင်ကုမ္ပဏီလီမိတက်၊ အောင်ပြည့်ဖြိုးကျော်ကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| နေပြည်တော် | Blue Lion Microfinance (Myanmar) Co., Ltd. ၊ ဟာနာမိုက်ခရို ဖိုင်းနန့်(စ်) လီမိတက်၊ ဆန္ဒာဘုန်းပြည့်အသေးစားငွေရေးကြေးရေးလုပ်ငန်း၊ အင်နိုကယ်ပီတယ်လ်မိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီလီမိတက်၊ Khant Thu Walar Micr-ofinance Co. Ltd. ၊ စထာပါနာလီမိတက် |
| ပဲခူးတိုင်းဒေသကြီး (အနောက်) | ASA Microfinance (Myanmar) Ltd.,၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ အားလီးဒွန်း မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ |
| ပဲခူးတိုင်းဒေသကြီး (အရှေ့) | ASA Microfinance (Myanmar) Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်) လီမိတက်၊ မြတ်ကျွန်းသာအသေးစားငွေရေးကြေးရေးလုပ်ငန်း ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်း မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ စထာပါ နာလီမိတက်၊ |
| မကွေးတိုင်းဒေသကြီး | ASA Microfinance (Myanmar) Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်) လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ အင်နိုကယ်ပီတယ်လ် မိုက်ခရိုဖိုင်းနန့်စ်ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်) ၊ အားလီးဒွန်း မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ Alliance for Microfinance in Myanmar ၊ |
| မန္တလေးတိုင်းဒေသကြီး | Alliance for Microfinance in Myanmar ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်) လီမိတက်၊ Pact Global micro Finance Fund) အဖွဲ့အစည်း၊ Social Vision Microfinance Myanmar Co., Ltd. ၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာ မိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်း မိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီ လီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်. (စ်) ဒယ်တာ အင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ |
| မွန်ပြည်နယ် | ASA Microfinance (Myanmar) Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနန့်(စ်) လီမိတက်၊ အင်နိုကယ်ပီတယ်မိုက်ခရိုဖိုင်းနန့်စ် ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီ၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ |
| ရခိုင်ပြည်နယ် | ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်)လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ |
| ရန်ကုန်တိုင်းဒေသကြီး | ASA Microfinance (Myanmar) Ltd. ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်) လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ Yangon Y Rural Development Microfinance Co., Ltd. ၊ အင်နိုကယ်ပီတယ်လ် မိုက်ခရိုဖိုင်းနန့်စ် ကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီ မြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ အားလီးဒွန်းမိုက်ခရိုဖိုင်းနန့်(စ်) ကုမ္ပဏီလီမိတက်၊ မေထွန်း ကုမ္ပဏီလီမိတက်၊ ဘီအမ်အက်(ဖ်) မိုက်ခရိုဖိုင်းနန့်(စ်)ကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ |
| ရှမ်းပြည်နယ်(တောင်) | Alliance for Microfinance in Myanmar ၊ ဟာနာမိုက်ခရိုဖိုင်းနိုက်(စ်) လီမိတက်၊ Pact (Global micro Finance Fund) အဖွဲ့အစည်း၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ အယ်အိုအယ်စီမြန်မာမိုက်ခရိုဖိုင်းနန့်(စ်)၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်)ဒယ်တာ အင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ရှမ်းပြည်နယ်(မြောက်) | Pact (Global micro Finance Fund) အဖွဲ့အစည်း၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ်ကုမ္ပဏီလီမိတက်၊ |
| ဧရာဝတီတိုင်းဒေသကြီး | ASA Microfinance (Myanmar) Ltd. ၊ Pact (Global micro Finance Fund) အဖွဲ့အစည်း ၊ Yangon Y Rural Development Microfinance Co., Ltd. ၊ မြတ်ကျွန်းသာ အသေးစားငွေရေးကြေးရေးလုပ်ငန်းကုမ္ပဏီလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ သပြေထွန်းကုမ္ပဏီလီမိတက်၊ အင်နိုကယ်ပီတယ်လ် မိုက်ခရိုဖိုင်းနန့်စ် ကုမ္ပဏီလီမိတက်၊ စထာပါနာလီမိတက်၊ မိုက်ခရိုဖိုင်းနန်.(စ်) ဒယ်တာအင်တာနေရှင်နယ် ကုမ္ပဏီလီမိတက်၊ |

၃။ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များအတွင်းရှိ မြို့နယ်အလိုက် ချေးငွေရယူနိုင်သော အသေးစားငွေရေးကြေးရေးအဖွဲ့အစည်းများ၏ အမည်စာရင်းများအား ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၏ Website: www.frd.gov.mm နှင့် Facebook Page- Financial Regulatory Department တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ငွေရေးကြေးရေးကြီးကြပ်စစ်ဆေးရေးဦးစီးဌာန**

စာမျက်နှာ ၅ မှ

လယ်ဝေးမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ် ၂၂၈၁၆၁ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၁၆၂၆၀၉ ဖြစ်သည်။ လက်ကျန် ၆၅၅၅၂ ကျန်ရှိရမည် ဖြစ်သော်လည်း မြေပြင်တွင် ၆၅၂၇၈ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၂၇၄ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။ မြို့နယ်တွင် ကျန်ရှိရမည့် လက်မှတ်အရေအတွက်မှာ ၁၆၁၅၀ ဖြစ်သော်လည်း မြေပြင်စစ်ဆေးတွေ့ရှိချက်အရ ၁၆၃၅၀ ဖြစ်သဖြင့် မဲလက်မှတ်အစောင်ရေ ၂၀၀ တရားမဝင် အပိုဖြစ်နေကြောင်း စစ်ဆေးတွေ့ရှိရသည်။ မြို့နယ်ကြိုတင်မဲလက်မှတ်ရွက်ရေ ၁၃၀၀ သာ ထုတ်ယူရရှိထားသော်လည်း ၁၄၀၈ ဦး ဆန္ဒမဲပေးထားသည့်အတွက် စာရင်းမပါ တရားမဝင်မဲလက်မှတ် ၁၀၈ ဦး ပိုမိုဆန္ဒပြုခဲ့ကြောင်း တွေ့ရှိရသည်။

**ပျဉ်းမနားမြို့နယ် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | အကြောင်းအရာ | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | လို | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၄၅၇၅၀ | ၁၀၄၈၁၈ | ၄၀၉၃၂ | ၃၈၉၄၄ | ၁၉၈၈ | - |
| ၂ | မြို့နယ်ကြိုတင် မဲလက်မှတ် | ၉၄၄ | ၉၄၄ | | | | |
| ၃ | မြို့နယ်လက်ကျန် မဲလက်မှတ် | ၄၂၄၇ | - | ၄၂၄၇ | ၄၂၄၇ | | |

ပျဉ်းမနားမြို့နယ်တွင် ရပ်ကွက်ကျေးရွာအလိုက် ထုတ်ယူရရှိခဲ့သည့် မဲလက်မှတ် ၁၄၅၇၅၀ ဖြစ်ပြီး သုံးစွဲခဲ့သည့် မဲလက်မှတ်အရေအတွက်မှာ ၁၀၄၈၁၈ ဖြစ်သည်၊ လက်ကျန် ၄၀၉၃၂ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်တွင် ၃၈၉၄၄ သာ ကျန်ရှိသဖြင့် မဲလက်မှတ် ၁၉၈၈ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပြင်ဆင်ဖတ်ရှုပါရန်

၂၄-၂-၂၀၂၂ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၁၂ ပါ 'မိမိလုပ်ငန်းတာဝန်ကို ထမ်းဆောင်ခြင်းမရှိဘဲ CDM ပြုလုပ်ပြီး ပုဂ္ဂလိကဆေးရုံ၌ အခကြေးငွေဖြင့် ဆေးကုသပေးနေသည့် ဆရာဝန်တစ်ဦးအား အမှုဖွင့်' သတင်း၌ ပဲခူးတိုင်းဒေသကြီး မိုးညှင်းမြို့နယ် ညောင်လေးပင်ကျေးရွာ (အစား) ပဲခူးတိုင်းဒေသကြီး မိုးညိုမြို့နယ် ညောင်လေးပင်ကျေးရွာဟု ပြင်ဆင်ဖတ်ရှုပေးပါရန် မေတ္တာရပ်ခံအပ်ပါသည်။

စာတည်းအဖွဲ့

# ပြည်ထောင်စုဝန်ကြီး(ဟောင်း) ဒေါက်တာဝင်းမြတ်အေး အား ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထား

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုဝန်ကြီး(ဟောင်း) ဒေါက်တာ ဝင်းမြတ်အေးအား ဝန်ထမ်းများကို CDM လှုပ်ရှားမှုတွင် ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ ညွှန်ကြားခြင်းကြောင့် ဥပဒေနှင့်အညီ အမှုဖွင့်အရေးယူထားကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့က သတင်းထုတ်ပြန်ထားသည်။

အဆိုပါသတင်းထုတ်ပြန်ချက်တွင် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး (ဟောင်း) ဒေါက်တာ ဝင်းမြတ်အေးသည် ပြည်ထောင်စုဝန်ကြီး တာဝန်ထမ်းဆောင်ခဲ့သည့် အချိန်အဝါကို အသုံးပြု၍ ယင်းဝန်ကြီးဌာနနှင့် ဝန်ကြီးဌာနလက်အောက်ရှိ ဦးစီးဌာနများမှ ဝန်ထမ်းများအား CDM လှုပ်ရှားမှုတွင်ပါဝင်စေရန် လှုံ့ဆော်ခြင်း၊ ညွှန်ကြားခြင်းကြောင့် ဝန်ထမ်းများ တာဝန်ပျက်ကွက်မှု၊ ဆူပူဆန္ဒပြမှုများတွင် ပါဝင်စေမှုများဖြစ်ပေါ်လာအောင် လှုံ့ဆော်ရာရောက်သဖြင့် ၎င်းအား ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၂၁ ရက်တွင် ရာဇသတ်ကြီးပုဒ်မ ၅၀၅-က ဖြင့် သက်ဆိုင်ရာရဲစခန်း၌ အမှုဖွင့်ထားရှိပြီး ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း၊ ၎င်းနှင့်ပတ်သက်၍ သတင်းရရှိပါက နီးစပ်ရာရဲစခန်းများနှင့် နေပြည်တော်၊ တိုင်းဒေသကြီး၊ ပြည်နယ်များ၌ သတင်းပေးတိုင်တန်းရန် ထုတ်ပြန်ထားသည့် ဖုန်းနံပါတ်များသို့ သတင်းပေးတိုင်တန်းနိုင်ကြောင်းနှင့် လက်ခံထားသူများအား ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း ဖော်ပြထားသည်။

သတင်းစဉ်

# ကဝမြို့နယ်၌ စိတ်ဖောက်ပြန်သူက ဓားဖြင့်ခုတ်၍ လေးဦးဒဏ်ရာရ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

စစ်ကိုင်းတိုင်းဒေသကြီး ကဝမြို့နယ်၌ ဖေဖော်ဝါရီ ၂၃ ရက်က အမျိုးသားတစ်ဦး စိတ်ဖောက်ပြန်ကာ လမ်းသွားလမ်းလာများအား ဓားဖြင့် ခုတ်ခဲ့သဖြင့် အမျိုးသား လေးဦး ဒဏ်ရာရရှိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ သနပ်ပင်-ခရမ်း ကားလမ်း မိုင်တိုင်အမှတ်(၂၆/၇)နှင့် (၂၇/၀)ကြားရှိ မုဒုတံတားထိပ်၌ ဖေဖော်ဝါရီ ၂၃ ရက် နံနက်ပိုင်းက အောင်သာကျေးရွာနေ ကျော်သူအေး (၃၀နှစ်)သည် အရက်မူးယစ်ပြီး စိတ်ဖောက်ပြန်ကာ အရှည်တစ်ပေခွဲခန့်ရှိ ဓားမကို ကိုင်ဆောင်၍ လမ်းသွားလမ်းလာများအား လိုက်လံခုတ်ခဲ့သဖြင့် ခမုန်းလေးကျေးရွာနေ ဦးအေးနိုင် (၅၆နှစ်)နှင့် မုဒုကျေးရွာနေ ဇော်ထွန်း(၃၇နှစ်)ပါ သုံးဦးတို့တွင် ဒဏ်ရာများ ရရှိခဲ့သောကြောင့် အရေးယူပေးရန် တိုင်တန်းချက်အရ ကျော်သူအေးအား အုန်းနဲနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# သီပေါ ရီရှင်းရတနာရွှေဆိုင်အတွင်း နှာခေါင်းစည်းတပ်ဆင်ထားသူ သုံးဦးဝင်ရောက်ပြီး ရွှေထည်များကို လုယက်ယူဆောင်သွား

**သီပေါ ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်မြောက်ပိုင်း သီပေါမြို့နယ် စည်ပင်သာယာရေး ဈေးကြီးမြောက်ဘက် ဈေးအပြင်တန်း ရီရှင်းရတနာ ရွှေရောင်းဝယ်ရေး ဆိုင်သို့ ဖေဖော်ဝါရီ ၂၁ ရက် နံနက်ပိုင်းက အမျိုးသားသုံးဦး ဆိုင်ကယ်တစ်စီးဖြင့် ဆိုင်ရှေ့သို့ရောက်ရှိလာကာ ဆိုင်ကယ်မောင်းသူက ဆက်လက် ထွက်ခွာသွားပြီး နှာခေါင်းစည်း တပ်ဆင်ထားသူ နှစ်ဦးမှာ ဆိုင်အတွင်းသို့ ဝင်ရောက်ခဲ့ကြောင်း သိရသည်။

အဆိုပါ အမျိုးသားနှစ်ဦး အနက် တစ်ဦးက ပစ္စတိုသေနတ်ဖြင့် ရွှေဆိုင်ပိုင်ရှင် ဦးကြိမ်ရှင်း၏ သမီးမဆောင်းရန့်ရှင်းနှင့် မသင်းရန့်ရှင်းတို့ နှစ်ဦးအား သေနတ်ဖြင့်ချိန်ရွယ်၍ ရွှေကောင်တာ အတွင်းရှိ ရွှေဆွဲကြိုးများကို ၎င်းတို့ပါလာသော ဘေးလွယ်အိတ်အတွင်းသို့ ထည့်ပေးရန် ပြောဆိုသဖြင့် ညီအစ်မနှစ်ဦးက ဖြန့်ခင်းထားသော ရွှေဆွဲကြိုး မျိုးစုံအကုံး ၅၀ ခန့်(အလေးချိန် တန်ဖိုးစိစစ်ဆဲ)ကို ပေးခဲ့သည်။

ဆက်လက်၍ အမည်မသိသူ နှစ်ဦးမှာ ရွှေထည်ပစ္စည်းများအား ယူဆောင်လျက် လမ်းမတော် လမ်းအတိုင်း ဒုဋ္ဌဝတီမြစ်ဘက်သို့ ထွက်ပြေးသွားပြီး ဆိုင်ကယ်မောင်းသူက ၎င်းတို့နှစ်ဦး နောက်သို့ လိုက်သွားခဲ့သည်။

ဖြစ်စဉ်မှ ပြစ်မှုကျူးလွန်သူများအား ဖမ်းမိနိုင်ရေးအတွက် သီပေါမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဖြိုးဝေကျော်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ နယ်မြေခံတပ်ရင်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့တို့ဖြင့် ပိတ်ဆို့ ရှာဖွေလျက်ရှိကြောင်း သိရသည်။

စိုင်း(သီပေါ)

# ဘားအံမြို့နယ်၌ ယာဉ်တိမ်းမှောက်မှုဖြစ်ပွား

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့နယ် ခနိမ်းဒိုကျေးရွာ ဘားအံ-ကော့ကရိတ်ကားလမ်း ကီလိုမီတာမိုင်တိုင်(၇၄)အနီး၌ ဖေဖော်ဝါရီ ၂၃ ရက် ည ၆ နာရီက ယာဉ်တိမ်းမှောက်မှုဖြစ်ပွား၍ နှစ်ဦးသေဆုံးပြီး တစ်ဦး ဒဏ်ရာရရှိခဲ့သည်။

ဖြစ်စဉ်မှာ ဘားအံမြို့ဘက်မှ ကော့ကရိတ်မြို့ဘက်သို့ ကော့ကရိတ်မြို့နယ် ဝင်းသလွဲကျေးရွာနေ နန်းတင်မီနိုင်(၂၆နှစ်) မောင်းနှင်ပြီး တစ်ရွာတည်းနေ ဒေါ်မေရီ(၆၈နှစ်)နှင့် ဒေါ်မိချို (၅၀နှစ်)ပါ လေးဦး လိုက်ပါလာသော 1K/---- Townace ယာဉ်သည် အခင်းဖြစ်နေရာ အရောက် အရှိန်မထိန်းနိုင်ဘဲ လမ်းဝဲဘက်ရှိ မြောင်းအတွင်းသို့ ထိုးကျတိမ်းမှောက်ခဲ့ရာ ဒေါ်မေရီပါ နှစ်ဦးတွင် ဒဏ်ရာများရရှိကာ သေဆုံးသွားခဲ့ပြီး ဒေါ်မိချိုတွင် ဒဏ်ရာများရရှိခဲ့သောကြောင့် နန်းတင်မီနိုင်အား ဟိန္ဒုနယ်မြေရဲစခန်းက အမှုဖွင့် အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား

# ဒီးမော့ဆိုမြို့နယ်နှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ဖေဖော်ဝါရီ ၂၃ ရက် ညနေ ၃ နာရီခွဲတွင် ဒီးမော့ဆိုမြို့နယ် ဒီးမော့ဆို- တောင်ငူသွားကားလမ်းတွင် အောင်မင်းနိုင် မောင်းနှင်လာသော မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၅၀၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာ၌ပင် သက်နိုင် မောင်းနှင်လာသည့် မော်တော်ယာဉ်ကို ရပ်တန့်စစ်ဆေး ရှာဖွေရာ စိတ်ကြွရူးသွပ် ဆေးပြား ၅၀၀၃၀ ကို လည်းကောင်း ထပ်မံ သိမ်းဆည်းရမိခဲ့သည်။

အလားတူ ယင်းနေ့ မွန်းလွဲ ၁ နာရီ မိနစ် ၄၀ တွင် မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် ကလော-သာစည်သွားကားလမ်း၊ မိုင်တိုင်အမှတ်(၇၀/၁) အနီးတွင် ကျော်ဝင်းမောင်းနှင်လာသော မော်တော်ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းစိမ်း ၁၂ ကီလိုကို လည်းကောင်း သိမ်းဆည်းရမိခဲ့သဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

ရဲပြန်ကြား



အောင်မင်းနိုင်နှင့် သက်နိုင်တို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

# တရုတ်နိုင်ငံထုတ် ဆီနိုဗက် ကိုဗစ်- ၁၉ ကာကွယ်ဆေးပထမအသုတ် ဘန်ကောက်သို့ ရောက်ရှိ




တရုတ်နိုင်ငံမှ ရောက်ရှိလာသော ကိုဗစ်- ၁၉ ပထမအသုတ်ကို တွေ့ရစဉ်။

ဘန်ကောက် ဖေဖော်ဝါရီ ၂၄

**တရုတ်နိုင်ငံ၏ဆီနိုဗက်ဘိုင်ရွန်တက်ခ်ကုမ္ပဏီမှ မှာယူထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအသုတ်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ ဖေဖော်ဝါရီ ၂၄ ရက်တွင် ရောက်ရှိလာခဲ့သည်။**

တရုတ်နိုင်ငံမှ မှာယူထားသော ကိုဗစ်- ၁၉ ကာကွယ်ဆေးများရောက်ရှိလာခြင်းက ထိုင်းနိုင်ငံအတွက် အမျိုးသားကာကွယ်ဆေးထိုးနှံရေး အစီအစဉ်စတင်ရန် လမ်းကြောင်းပေါ်သို့ တင်ပေးလိုက်ခြင်းဖြစ်ကြောင်း သိရသည်။ ကာကွယ်ဆေး နှစ်သန်းအနက် ပထမအသုတ် ကာကွယ်ဆေး နှစ်သိန်းကို ပေကျင်းမြို့မှ ထိုင်းနိုင်ငံ ဘန်ကောက်မြို့သို့ အပြည်ပြည်ဆိုင်ရာ ထိုင်းလေကြောင်းလိုင်း ကုန်တင်လေယာဉ်ဖြင့်သယ်ဆောင်ခဲ့ခြင်းဖြစ်သည်။

ထိုင်းနိုင်ငံ ဝန်ကြီးချုပ် ပရာယုဒ်ချန်အိုချာ၊ ဒုတိယဝန်ကြီးချုပ်၊ ပြည်သူ့ကျန်းမာရေးဝန်ကြီး အနူတင်ချာဗီရာကူးလ်နှင့်အတူ တရုတ်သံရုံး သံအရာရှိယန်ကျင်းတို့က အဆိုပါ ကာကွယ်ဆေးများကိုလေဆိပ်တွင် လွှဲပြောင်းရယူခဲ့ကြောင်း သိရသည်။

ထိုင်းနိုင်ငံသည် ဆီနိုဗက်ကာကွယ်ဆေးကို အရေးပေါ်အသုံးပြုရန် ဖေဖော်ဝါရီ ၂၃ ရက်က ခွင့်ပြုခဲ့သည်။ ခွင့်ပြုမှုသက်တမ်းမှာ တစ်နှစ်ဖြစ်ကြောင်း သိရသည်။

ဆီနိုဗက် ဘိုင်ရွန်တက်ခ်ကုမ္ပဏီမှ မှာယူထားသော ကိုဗစ်-၁၉ ကာကွယ်ဆေးပထမအသုတ်ကို ပြည်နယ် ၁၃ ခုသို့ ဖြန့်ဝေပေးမည်ဖြစ်ကြောင်း သိရပြီး နာတာရှည်ရောဂါရှိသူများ၊ ကိုဗစ်- ၁၉ လူနာများနှင့် အနီးကပ်ထိတွေ့သူများ၊ ကျန်းမာရေးဝန်ထမ်းများအပါအဝင် ထိခိုက်လွယ်အုပ်စုများကို ထိုးနှံပေးသွားမည်ဖြစ်သည်။

ကိုဗစ်- ၁၉ ကာကွယ်ဆေး ဒုတိယအသုတ် ဖြစ်သည့် ကာကွယ်ဆေး ရှစ်သိန်းသည် မတ်လတွင် ထိုင်းနိုင်ငံသို့ရောက်ရှိရန် စီစဉ်ထားပြီး ကျန်ရှိနေသော ကာကွယ်ဆေး တစ်သန်းသည် တတိယအသုတ်အဖြစ် ရောက်ရှိလာမည်ဖြစ်သည်။ ဆင်ဟွာ

## ဘရာဇီးနိုင်ငံတွင် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ကူးစက်ခံရသူပေါင်း ၂၀၄ ဦးအထိ ရှိလာ

**ဆော်ပေါ်လို ဖေဖော်ဝါရီ ၂၄**

အင်္ဂလန်နိုင်ငံနှင့် ဘရာဇီးနိုင်ငံတို့တွင် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ပိုးကို စတင်တွေ့ရှိခဲ့ချိန်ကတည်းက ဘရာဇီးနိုင်ငံတွင် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် ကူးစက်ခံရသူပေါင်း ၂၀၄ ဦး ရှိလာပြီဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ ကျန်းမာရေး စောင့်ကြည့်လေ့လာရေးအဖွဲ့က ဖေဖော်ဝါရီ ၂၄ ရက်က ပြောကြားလိုက်သည်။

အဆိုပါ ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားမှုများအနက် ၁၈၄ ဦးမှာ နိုင်ငံအတွင်း ပထမဆုံးတွေ့ရှိခဲ့သည့် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ် ပီ- ဝမ်း ကြောင့်ဖြစ်ကြောင်းနှင့် ၂၀ မှာ အင်္ဂလန်တွင် တွေ့ရှိခဲ့သည့် အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်ကြောင့် ဖြစ်ကြောင်း သိရသည်။ အသွင်ပြောင်း ကိုဗစ်-၁၉ မျိုးကွဲများမှာ ပိုမိုကူးစက်ပျံ့နှံ့လွယ်ကြောင်း သိရသည်။

ယနေ့အထိ ဘရာဇီးနိုင်ငံတွင် တောင်အာဖရိကၥ် ဖြစ်ပွားသော အသွင်ပြောင်းကိုရိုနာဗိုင်းရပ်စ်မျိုးစိတ်သစ် ဖြစ်ပွားမှုမရှိသေးကြောင်း သိရသည်။ ၂၀၂၀ ပြည့်နှစ် ဖေဖော်ဝါရီလက ပထမဆုံး ကိုဗစ်- ၁၉ ကူးစက်မှု ပထမဆုံး တွေ့ရှိချိန်မှစကာ ယခုအချိန်အထိ ဘရာဇီးနိုင်ငံတွင် ကိုဗစ်- ၁၉ စမ်းသပ်စစ်ဆေးမှုပေါင်း ၁၀၂၅၇၈၇၅ ဦးကို ပြုလုပ်ပြီးကြောင်းနှင့် ကိုဗစ်- ၁၉ ကြောင့် ၂၄၈၅၂၉ ဦး သေဆုံးခဲ့ကြောင်း သိရသည်။ ဆင်ဟွာ

## ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ကမ္ဘာ့ပြည်သူတစ်ရပ်လုံး မျှမျှတတရရှိစေရန် ကုလအတွင်းရေးမှူးချုပ် ပြောကြား

**ဂျီနီဗာ ဖေဖော်ဝါရီ ၂၄**

ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ကမ္ဘာ့ပြည်သူတစ်ရပ်လုံး မျှမျှတတ ရရှိစေရန်အတွက် ကုလသမဂ္ဂ အတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်စ်က ဖေဖော်ဝါရီ ၂၂ ရက်က ပြောကြားလိုက်သည်။

ကာကွယ်ဆေးသည် ညီတူမျှတရမည့် လူ့အခွင့်အရေးဖြစ်သောကြောင့် ကာကွယ်ဆေးကို လက်ဝါးကြီးအုပ်ခြင်းကို ငြင်းပယ်ခြင်းဖြစ်ကြောင်း ကုလသမဂ္ဂလူ့အခွင့်အရေး ကောင်စီ (၄၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေးဖွင့်ပွဲတွင် ၎င်းက ပြောကြားလိုက်သည်။



ကုလသမဂ္ဂအတွင်းရေးမှူးချုပ် အန်တိုနီယိုဂူတာရက်ဇ်

ကာကွယ်ဆေး ထိုးနှံခြင်းအားထုတ်ကြိုးပမ်းမှုများတွင် သာတူညီမျှရရှိစေရန် ပျက်ကွက်ခြင်းသည် လူ့ကျင့်ဝတ်ကို ချိုးဖောက်ခြင်း ဖြစ်ကြောင်း ၎င်းကဆက်လက်ပြောကြားလိုက်သည်။ နိုင်ငံပေါင်း ၁၀ နိုင်ငံသည် ကိုဗစ်-၁၉ကာကွယ်ဆေးအားလုံး၏ ၇၅ ရာခိုင်နှုန်းကျော် ရရှိထားကြောင်း ၎င်းက ပြောသည်။

ကိုဗစ်- ၁၉ ရောဂါသည် ရောဂါကူးစက်လွယ်သူများနှင့် မညီမျှမှုများကို ပိုပြီးကြီးမားစွာဖြစ်ပေါ်စေကြောင်း၊ အဆိုပါရောဂါသည် အမျိုးသမီးများ၊ လူနည်းစုများ၊ မသန်စွမ်းသူများ၊ သက်ကြီးရွယ်အိုများ၊ ဒုက္ခသည်များ၊ ရွှေ့ပြောင်းအလုပ်သမားများနှင့် ဒေသခံများတွင် ဖြစ်ပွားမှုမြင့်တက်လျက်ရှိကြောင်း ဂူတာရက်စ်က ပြောကြားလိုက်သည်။

ကိုဗစ်-၁၉ ကပ်ရောဂါသည် ကျန်းမာရေး အကျပ်အတည်းတစ်ခုသာမဟုတ်ဘဲ လူ့အခွင့်အရေး အကျပ်အတည်းလည်းဖြစ်ကြောင်း၊ ထို့ကြောင့်တုံ့ပြန်မှုများအားလုံးကို လူ့အခွင့်အရေးအား ဗဟိုပြုကာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း ကုလသမဂ္ဂ အထွေထွေညီလာခံဥက္ကဋ္ဌ ဗော်ကန်ဗော့ဇ်ကာက မှတ်ချက်ပြုပြောကြားခဲ့သည်။ ကပ်ရောဂါ၏ ကျန်းမာရေးဆိုင်ရာ အကျိုးသက်ရောက်မှုသည် ပြီးဆုံးရန်လိုသေးကြောင်း၊ ရောဂါစတင်ဖြစ်ပွားစဉ်ကတည်းက စီးပွားရေး၊ လွတ်လပ်မှု၊ လူမှုအဖွဲ့အစည်းနှင့် ပြည်သူများအပေါ် သက်ရောက်မှုရှိခဲ့ကြောင်းနှင့် လူ့အခွင့်အရေးဆိုင်ရာ ကုလသမဂ္ဂမဟာမင်းကြီး မီရှယ်လ်ဘာချက်လီက ပြောခဲ့သည်။

ကမ္ဘာ့နိုင်ငံများ အနေဖြင့် ကိုဗစ်အလွန်ခေတ်တွင် အားလုံးပါဝင်သောစနစ်များ ပိုမိုတည်ဆောက်ရေးများ လုပ်ဆောင်ရန် လိုအပ်ကြောင်း ၎င်းက ဆက်လက်ပြောကြားလိုက်သည်။ ဆင်ဟွာ

## သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်

**ကိုလံဘို ဖေဖော်ဝါရီ ၂၄**

သီရိလင်္ကာနိုင်ငံတွင် ဖေဖော်ဝါရီ ၂၃ ရက်က ကိုဗစ်- ၁၉ ထပ်မံကူးစက်ခံရသူ ၅၁၈ ဦးရှိလာမှုနှင့်အတူ စုစုပေါင်း ကိုဗစ်- ၁၉ ကူးစက်ဖြစ်ပွားသူပေါင်း ၈၀၅၁၇ ဦးအထိ ရောက်ရှိလာခဲ့ကြောင်းနှင့် ကိုဗစ်- ၁၉ ကြောင့်သေဆုံးသူပေါင်း ၄၅၀ ရှိကြောင်း၊ နိုင်ငံအတွင်း ရောဂါအန္တရာယ်များသည့် နေရာဒေသများတွင် ပြည်သူလူထုအား ကိုဗစ်- ၁၉ ကာကွယ်ဆေးများ စတင်ထိုးနှံပေးနေပြီဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံ ကျန်းမာရေးဝန်ကြီးဌာန၏ ဖော်ပြချက်အရ သိရသည်။

သီရိလင်္ကာနိုင်ငံ မြို့တော်ကိုလံဘိုသည် တစ်နိုင်ငံလုံးအတိုင်းအတာအရ ကိုဗစ်- ၁၉ ရောဂါကူးစက်မှုအများဆုံးဖြစ်ပွားခဲ့ပြီး ကူးစက်ခံရသူပေါင်း ၂၇၀၀၀ ကျော်ရှိကြောင်း ကျန်းမာရေးဝန်ကြီးဌာန၏ စာရင်းပြုစုချက်အရ သိရသည်။ သီရိလင်္ကာနိုင်ငံတွင် ဇန်နဝါရီ ၂၉ ရက်က ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုစတင်ဆောင်ရွက်ခဲ့ရာ ပထမအသုတ်ကာကွယ်ဆေးထိုးနှံမှုတွင် ရှေ့တန်းရှိ ဆေးဘက်ဆိုင်ရာဝန်ထမ်းများနှင့် ရဲတပ်ဖွဲ့ဝင်များပါဝင်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၁၅ ရက်မှစတင်ပြီး သီရိလင်္ကာနိုင်ငံတွင် ပြည်သူများအား ကာကွယ်ဆေးစတင်ထိုးနှံပေးမည်ဟု အစိုးရက ထုတ်ပြန်ကြေညာခဲ့သလို ကပ်ရောဂါအန္တရာယ်များသည့် ဒေသများရှိ ရောဂါကူးစက်ခံရနိုင်ခြေရှိသူများကို ဦးစားပေးထိုးနှံပေးသွားမည်ဖြစ်ကြောင်း သိရသည်။

ဖေဖော်ဝါရီ ၂၂ရက်အထိ နိုင်ငံအတွင်း လူပေါင်း ၃၃၀၀၀၀ ကျော်ကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးခဲ့သည်။ ပြည်သူများအနေဖြင့် ကာကွယ်ဆေးထိုးနှံဆောင်ရွက်ပြီးသည်ဖြစ်စေ၊ မပြီးသည်ဖြစ်စေ ကျန်းမာရေးလမ်းညွှန်ချက်များကို တင်းကျပ်စွာ လိုက်နာသွားရမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးဌာနက ပြောကြားလိုက်သည်။

သီရိလင်္ကာနိုင်ငံသည် ကနဦးတွင် အိန္ဒိယနိုင်ငံမှ ထုတ်လုပ်သော ကာကွယ်ဆေးထိုးနှံခြင်းကို ဆောင်ရွက်ခဲ့ပြီး ဖေဖော်ဝါရီ ၂၃ ရက်တွင် အိန္ဒိယနှင့် ဗြိတိန်မှ ကာကွယ်ဆေးအလုံးရေ ၁၀ သန်းကို ဝယ်ယူရန်ခွင့်ပြုပေးခဲ့ကြောင်း ထုတ်ပြန်ကြေညာခဲ့သည်။ သီရိလင်္ကာနိုင်ငံသည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဦးဆောင်သော ကိုဗက်အစီအစဉ်မှ ရရှိမည့် ကာကွယ်ဆေးများလည်း မကြာမီ ရောက်ရှိလာတော့မည်ဖြစ်ကြောင်း သီရိလင်္ကာနိုင်ငံသတင်းမီဒီယာများက ပြောကြားလိုက်သည်။



သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

ဆင်ဟွာ

# ချမ်းသာတဲ့နိုင်ငံတွေအနေနဲ့ ကာကွယ်ဆေးကို အစုလိုက်အပြုံလိုက်ရယူထားခြင်းဟာ ကိုဗစ်- ၁၉ ကပ်ရောဂါဖြစ်ပွားမှုကို ပိုမိုရှည်ကြာစေ

*ထွန်းကျော်*

ကမ္ဘာကြီးရဲ့စီးပွားရေးဟာ တစ်ခုနဲ့တစ်ခု ဆက်နွယ်နေပါတယ်။ ကမ္ဘာကြီးရဲ့ စီးပွားရေးပြန်လည်နာလန်ထူလာဖို့ဆိုရင် ချမ်းသာတဲ့ နိုင်ငံတစ်နိုင်ငံချင်းစီပေါ်မှာမဟုတ်ဘဲ ကောင်းမွန်တဲ့ ကမ္ဘာ့စီးပွားရေးကြီးတစ်ခုလုံးအပေါ် မှီခိုနေပါတယ်လို့ သုတေသီများက ပြောပါတယ်။

## ကပ်ဆိုးကြီးတစ်ခုအဖြစ် သက်သေပြ

လူမျိုး၊ ဘာသာ၊ နိုင်ငံသူနိုင်ငံသားတွေသာမက လူသားမျိုးနွယ်တစ်ခုလုံးအတွက် ကိုဗစ်- ၁၉ ဟာ ကပ်ဆိုးကြီးတစ်ခုအဖြစ် သက်သေပြခဲ့ပါပြီ။ ဒါကြောင့်မို့ပဲ ကမ္ဘာပေါ်မှာ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို တိုးတက်ထုတ်လုပ်နေကြတာပဲ ဖြစ်ပါတယ်။ သို့သော်လည်း အဆင့်မြင့်စီးပွားရေး ဖွံ့ဖြိုးတဲ့နိုင်ငံတွေနဲ့ စီးပွားရေးဖွံ့ဖြိုးဆဲနိုင်ငံတွေကြားမှာ မညီမျှမှုတွေ ရှိနေပါတယ်။

လွန်ခဲ့တဲ့လက မိန့်ခွန်းမှာ ကမ္ဘာ့ကျန်းမာရေးအဖွဲ့ ညွှန်ကြားရေးမှူးချုပ် တက်ဒရော့အက်ဒဟာနွမ်ဂီဘရီယက်ဆုစ်က ကိုဗစ်- ၁၉ ကာကွယ်ဆေးရရှိမှုနဲ့ ပတ်သက်ပြီး မညီမျှမှုတွေအကြောင်းကို သတိပေးခဲ့တာ ဖြစ်ပါတယ်။

## အရာရှိ လက်တစ်ဆုပ်စာသာ ကိုဗစ်ကာကွယ်ဆေး ထိုးနှံနိုင်ခဲ့

ဂီနီယာနိုင်ငံကို ရည်ညွှန်းပြီး အဲဒီမှာ လွန်ခဲ့တဲ့ ဒီဇင်ဘာလက အဆင့်မြင့်အစိုးရအရာရှိ လက်တစ်ဆုပ်စာသာ ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံနိုင်ခဲ့ပါတယ်။ အဲဒီနောက်ပိုင်းမှာ ဘယ်သူမှ ကာကွယ်ဆေးထိုးနှံနိုင်ခဲ့ခြင်း မရှိခဲ့ပါဘူးလို့ တက်ဒရော့က ပြောကြားခဲ့ပါတယ်။

ဇန်နဝါရီလကစပြီး ကမ္ဘာတစ်ဝန်းလုံး ကိုဗစ်- ၁၉ ကာကွယ်ဆေး အများဆုံးသန်း ၈၀ ကျော် ရရှိခဲ့တဲ့ အနည်းငယ်မျှသော ဝင်ငွေမြင့်နဲ့ဝင်ငွေအလယ်အလတ်ရှိတဲ့ နိုင်ငံတွေကတော့ အမေရိကန်၊ တရုတ်၊ အစ္စရေး၊ အင်္ဂလန်နဲ့ အာရပ်စော်ဘွားများ ပြည်ထောင်စုတို့ ဖြစ်ကြပါတယ်။

## ကာကွယ်ဆေးကို ကြိုတင်မှာယူ

အိန္ဒိယနိုင်ငံကတော့ ခြွင်းချက်ပါပဲ။ သူ့ရဲ့ ပြည်တွင်းကာကွယ်ဆေး ထုတ်လုပ်နိုင်တဲ့ ပမာဏပေါ်မူတည်ပါတယ်။ ကာကွယ်ဆေးထိုးနှံရေး ဆောင်ရွက်ချက်တွေကို ဆက်တိုက်လုပ်ဆောင်နေတာနဲ့အညီ ချမ်းသာတဲ့ နိုင်ငံတွေဟာ သူတို့နိုင်ငံရဲ့ လူဦးရေထက် ပိုလျှံပြီး ကာကွယ်ဆေးတွေကို ကြိုတင်မှာယူကြပါတယ်

အကျိုးဆက်အားဖြင့်ကတော့ ကမ္ဘာ့လူဦးရေရဲ့ ၁၆ ရာခိုင်နှုန်းသော ဝင်ငွေမြင့်နိုင်ငံတွေဟာ ကာကွယ်ဆေး ၆၀ ရာခိုင်နှုန်း ရရှိပိုင်ဆိုင်ထားပြီဖြစ်ပါတယ်။

## နှစ်ပေါင်းအတော်ကြာစောင့်ဆိုင်းရမယ်

အဲဒီလိုမျိုး ကာကွယ်ဆေးတွေကို သိုလှောင်သိမ်းဆည်းထားတာကြောင့် ကျန်တဲ့ ကမ္ဘာ့အစိတ်အပိုင်းတွေကို ကာကွယ်ဆေး ထောက်ပံ့ပေးမှုအပိုင်းမှာ အဆင်ပြေမှုတွေ မရှိတော့ဘဲ ခက်ခဲမှုတွေဖြစ်ပေါ်စေပါတယ်။ ဝင်ငွေနိမ့်နိုင်ငံတွေကလည်း သူတို့ရဲ့ များပြားလှတဲ့လူဦးရေကို ကာကွယ်ဆေးထိုးပေးနိုင်ဖို့ နှစ်ပေါင်းအတော်ကြာ စောင့်ဆိုင်းရမှာပဲ ဖြစ်ပါတယ်။

ကမ္ဘာ့ကပ်ရောဂါ ဖြစ်ပွားနေတဲ့အချိန် ချမ်းသာတဲ့နိုင်ငံတွေဟာ ကျန်းမာရေးနည်းပညာသစ်တွေရဲ့ အကျိုးကျေးဇူးကို ရရှိနေချိန်မှာ ဆင်းရဲတဲ့နိုင်ငံတွေဟာ သူတို့ဆီကတစ်ဆင့် ပျံ့နှံ့ရောက်ရှိလာမယ့် နည်းပညာသစ်တွေကို ရရှိဖို့ နှစ်ပေါင်းများစွာကြာဦးမှာ ဖြစ်ပါတယ်။

## ကမ္ဘာလုံးဆိုင်ရာ ကာကွယ်ဆေးအများအပြား ထိုးနှံမှုကို ၂၀၂၄ အထိ လုပ်နိုင်မယ်မထင်

ခန့်မှန်းချက်အရ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံပေါင်း ၈၅ နိုင်ငံဟာ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ၂၀၂၃ ခုနှစ်အထိ ရရှိဦးမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကမ္ဘာ့ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးများ အုံနဲ့ကျင်းနဲ့ ထိုးနှံမှုကို ၂၀၂၄ ခုနှစ်အထိ လုပ်နိုင်မယ်မထင်ပါဘူး။

ဒီအချက်ဟာ အရှေ့တောင်အာရှက နိုင်ငံတွေအတွက် မှန်ကန်နေပါလိမ့်မယ်။ ဝင်ငွေမြင့်ပြီး လူဦးရေနည်းတဲ့ စင်ကာပူလိုမျိုး နိုင်ငံမျိုးကတော့ ၂၀၂၁ နှစ်ကုန်မှာ ကာကွယ်ဆေးတွေကို အများအပြား ရရှိနိုင်ဖို့ များနေပါတယ်။

## ကာကွယ်ဆေးအလုံအလောက်ရရှိဖို့ မဖြစ်နိုင်

တစ်ချိန်တည်းမှာပဲ ဗီယက်နမ်၊ ဘရူနိုင်း၊ ထိုင်းနဲ့ မလေးရှားနိုင်ငံတို့ကတော့ ၂၀၂၂ ခုနှစ်လောက်ဆို ကာကွယ်ဆေးရရှိနိုင်မှာဖြစ်ပြီးတော့ ၂၀၂၃ ခုနှစ်မှာတော့ ဖိလစ်ပိုင်နိုင်ငံမှာ ကာကွယ်ဆေး ရရှိမှာ ဖြစ်ပါတယ်။

သို့သော်လည်း ကမ္ဘောဒီးယား၊ လာအိုနဲ့ မြန်မာတို့လို ဆင်းရဲတဲ့နိုင်ငံတွေကတော့ နောက်ငါးနှစ်တောင်မှ ကာကွယ်ဆေးအလုံအလောက်ရရှိဖို့ မဖြစ်နိုင်ပါဘူး။

## ကိုဗက်အစီအစဉ်က ဦးဆောင်နေ

ဒီအရေးကိုဖြေရှင်းဖို့ရာ ကာကွယ်ဆေးကို အညီအမျှ ဖြန့်ဝေပေးဖို့ ကိုဗက်အစီအစဉ်က ဦးဆောင်နေပါတယ်။ ချမ်းသာတဲ့နိုင်ငံနဲ့ ဆင်းရဲတဲ့နိုင်ငံပေါင်း ၁၉၀ ကျော်ဟာ သူတို့လူဦးရေရဲ့ ၂၀ ရာခိုင်နှုန်းကျော်ကို ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးပေးနိုင်ဖို့ ဒီအစီအစဉ်ကို လက်မှတ်ရေးထိုးခဲ့ပါတယ်။

သို့သော်လည်း ဒီအစီအစဉ်ကို ချမ်းသာတဲ့နိုင်ငံအများအပြားက လျှော့တွက်ထားကြပြီး အလွတ်သဘောတူညီချက်အချို့ ရှိတယ်လို့ ဆိုကြပါတယ်။

> **"ခန့်မှန်းချက်အရ ကမ္ဘာပေါ်မှာရှိတဲ့ နိုင်ငံပေါင်း ၈၅ နိုင်ငံဟာ ကိုဗစ်- ၁၉ ကာကွယ်ဆေးကို ၂၀၂၃ ခုနှစ်အထိ ရရှိဦးမှာ မဟုတ်ပါဘူး။ ဒါကြောင့် ကမ္ဘာ့ပြည်သူတွေအနေနဲ့ ကာကွယ်ဆေးများ အုံနဲ့ကျင်းနဲ့ ထိုးနှံမှုကို ၂၀၂၄ ခုနှစ်အထိ လုပ်နိုင်မယ် မထင်ပါဘူး"**

နှစ်ဖက်အပြန်အလှန် သဘောတူညီချက်တွေ အများစုကတော့ ကာကွယ်ဆေး အတည်ပြုလိုက်ရင်ဆိုတဲ့ အစီအစဉ်နဲ့ ကြိုတင်စီစဉ်ထားတာပဲ ဖြစ်ပါတယ်။ အဲဒီအစီအစဉ်ကြောင့် ကာကွယ်ဆေးတွေရဲ့ ဈေးနှုန်းတွေတက်သွားပြီး ကိုဗက်မှတစ်ဆင့် ကမ္ဘာကို ဖြန့်ဝေပေးနိုင်မှုတွေ လျော့နည်းနေခဲ့ပါတယ်။

## ကမ္ဘာ့ကပ်ရောဂါကို ရှည်ကြာစေတဲ့ အကြောင်းရင်း

အဲဒီလို ချမ်းသာတဲ့နိုင်ငံအများစုက နိုင်ငံချစ်စိတ်နဲ့ ကာကွယ်ဆေးတွေကို အစုလိုက်အပုံလိုက်ရရှိအောင်လုပ်ဆောင်ခြင်းဟာ ကမ္ဘာပေါ်မှာ သူတို့နိုင်ငံသာ အရေးကြီးဆုံး၊ ဦးစားပေးဆုံးဖြစ်အောင် ကြံဆနေသလိုပါပဲ။ ကျန်တဲ့ ကမ္ဘာ့နိုင်ငံတွေအပေါ် မျက်စိမှိတ်ထားကြပုံရပါတယ်။

အမှန်တကယ်တော့ နိုင်ငံချစ်စိတ်နဲ့ ကာကွယ်ဆေးကို အများအပြားရယူခြင်းဟာ ကမ္ဘာ့ကပ်ရောဂါကို ရှည်ကြာစေတဲ့ အကြောင်းရင်းတစ်ခုဖြစ်ရုံသာမကပါဘူး။ ကမ္ဘာ့စီးပွားရေးကိုလည်း နှောင့်နှေးစေပါတယ်။

ကမ္ဘာ့လူဦးရေရဲ့ ထက်ဝက်ကျော်လောက်ရှိတဲ့ ဖွံ့ဖြိုးဆဲနိုင်ငံတွေကို ကာကွယ်ဆေး ပြည့်ပြည့်ဝဝပေးဖို့ ပျက်ကွက်ခြင်းဟာ ဗီဇပြောင်းကိုဗစ်- ၁၉ လိုမျိုး မျိုးစိတ်သစ်တွေကို ဖြစ်စေပါတယ်။

## ဆင်းရဲ၊ ချမ်းသာနိုင်ငံတွေအကုန် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံနိုင်

ကမ္ဘာလုံးအနှံ့ကာကွယ်ဆေးအများအပြား မထိုးနှံနိုင်ဘဲ ကာကွယ်ဆေးအများအပြား ရယူထားခြင်းဟာ ကိုဗစ်- ၁၉ ကို လုံးဝအပြီးပြတ်ချေမှုန်းနိုင်မယ်လို့ တပ်အပ်မပြောနိုင်ပါဘူး။ ဆင်းရဲ၊ ချမ်းသာတဲ့ နိုင်ငံတွေအကုန် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနိုင်မှသာလျှင် ကိုဗစ်- ၁၉ ကပ်ရောဂါကို ထိန်းချုပ်နိုင်မှာ ဖြစ်ပါတယ်။

အဆင့်မြင့်စီးပွားရေးရှိတဲ့ နိုင်ငံတကာ ကုမ္ပဏီကြီးတွေအနေနဲ့ လိုအပ်တဲ့ လျှပ်စစ်အစိတ်အပိုင်းသို့မဟုတ် တခြားအစိတ်အပိုင်းတွေနဲ့ ကုန်ကြမ်းပစ္စည်းတွေအတွက် ဖွံ့ဖြိုးဆဲနိုင်ငံတွေက ထုတ်လုပ်ဖို့ ကြိုးစားရုန်းကန်နေရပါတယ်။ တကယ်အဲဒီမှာ လုပ်ကိုင်နေတဲ့သူတွေသာ ကိုဗစ်- ၁၉ ကာကွယ်ဆေး မရရှိဘူးဆိုလျှင် အလုပ်တွေ ဆက်လက်လုပ်ကိုင်နိုင်မှာ မဟုတ်တော့ပါဘူး။ အဲဒီလိုသာဆို ကုန်စည်စီးဆင်းမှုတွေလည်း ကမောက်ကမဖြစ်သွားမှာ ဖြစ်ပါတယ်။ ဒါကြောင့် ဆင်းရဲ၊ ချမ်းသာမရွေး ကိုဗစ်- ၁၉ ကာကွယ်ဆေး ထိုးနှံမှသာလျှင် ကမ္ဘာ့ကုန်စည်စီးဆင်းမှုလည်း အဆင်ပြေချောမွေ့မှာ ဖြစ်ပါတယ်။

အနှစ်ချုပ်ဆိုရလျှင် ကာကွယ်ဆေးထိုးနှံခံနိုင်ဖို့ အပြေးအလွှားနဲ့ ကြိုးစားနေတဲ့အချိန်မှာ ချမ်းသာတဲ့ နိုင်ငံတွေအနေနဲ့ ဆင်းရဲတဲ့နိုင်ငံတွေကိုလည်း မချန်လှပ်ထားဘဲ တတ်နိုင်သလောက်ကူညီမယ်ဆိုရင် ဝမ်းသာရမှာဖြစ်ပါကြောင်း။ ။

**ကိုးကား-အေအက်ဖ်ပီ**



အမေရိကန်တွင် ကိုဗစ်- ၁၉ ကာကွယ်ဆေးထိုးနှံပေးနေသည်ကို တွေ့ရစဉ်။

# COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၃ ဦး တွေ့ရှိ

## COVID–19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း

( ၂၄–၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ

(၂၃–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀)နာရီမှ (၂၄–၂–၂၀၂၁)ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၁,၁၁၂) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID–19 ရောဂါဓာတ်ခွဲအတည်ပြု လူနာသစ် (၃၃) ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာ စုစုပေါင်း (၂,၄၈၆,၂၀၆) ခုအား စစ်ဆေးခဲ့ပြီး COVID–19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၁,၈၀၆) ဦး ရှိပြီ ဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၄၇) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၄၀၅) ဦး ဆေးရုံမှ ဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။

* ပြည်သူလူထုအနေဖြင့် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ တစ်ပြည်လုံးအတိုင်းအတာဖြင့် ဆောင်ရွက်နေသည့် "ပါးစပ်နှင့် နှာခေါင်းစည်း မဖြစ်မနေတပ်ဆင်ရေး လူထုလှုပ်ရှားမှုစီမံချက် (mask and face shield campaign)" ၌ ပါဝင်သော ဆောင်ရွက်ရမည့်အချက်များကို တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ခြင်းနှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်" အတိုင်း COVID–19 ရောဂါ ကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ ဆောင်ရွက်မှသာလျှင် ရောဂါကူးစက်ပြန့်ပွားမှုကို အမြန်ဆုံးထိန်းချုပ်နိုင်မည်ဖြစ်ပါသည်။

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန







## ၂၄-၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြု လူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၂၈၉၀၁၃၂၇ | ၁၉၂၁၂၅၂၄ | ၅၁၅၂၁၁ |
| ၂။ | အိန္ဒိယ | ၁၁၀၃၄၀၀၀ | ၁၀၇၃၀၆၃၉ | ၁၅၆၆၂၂ |
| ၃။ | ဘရာဇီး | ၁၀၂၆၀၆၂၁ | ၉၂၁၅၁၆၄ | ၂၄၈၆၄၆ |
| ၄။ | ရုရှား | ၄၂၀၀၉၀၂ | ၃၇၅၁၅၆၂ | ၈၄၄၃၀ |
| ၅။ | ဗြိတိန် | ၄၁၃၄၆၃၉ | ၂၆၀၆၉၉၉ | ၁၂၁၃၀၅ |
| ၆။ | ပြင်သစ် | ၃၆၂၉၈၉၁ | ၂၅၂၀၈၃ | ၈၅၀၄၄ |
| ၇။ | စပိန် | ၃၁၆၁၄၃၂ | ၂၅၆၁၁၀၂ | ၆၈၀၇၉ |
| ၈။ | အီတလီ | ၂၈၃၂၁၆၂ | ၂၃၄၇၈၆၆ | ၉၆၃၄၈ |
| ၉။ | တူရကီ | ၂၆၅၆၃၃ | ၂၅၃၄၉၉၆ | ၂၈၂၁၃ |
| ၁၀။ | ဂျာမနီ | ၂၄၀၈၅၉၁ | ၂၂၁၇၇၀၀ | ၆၉၃၄၁ |

## အာဆီယံနိုင်ငံများမှ COVID-19 ရောဂါ သတင်းထုတ်ပြန်ချက်

၂၄ – ၂ – ၂၀၂၁

| နိုင်ငံ | COVID–19 ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၁၃၀၆၁၄၁ | ၁၁၁၂၇၂၅ | ၃၅၂၅၄ |
| ဖိလစ်ပိုင် | ၅၆၆၄၂၀ | ၅၂၃၃၂၁ | ၁၂၁၂၉ |
| မလေးရှား | ၂၉၁၇၇၄ | ၂၆၀၀၀၉ | ၁၀၈၈ |
| မြန်မာ | ၁၄၁၈၀၆ | ၁၃၁၄၀၅ | ၃၁၉၇ |
| စင်ကာပူ | ၅၉၈၉၀ | ၅၉၇၅၃ | ၂၉ |
| ထိုင်း | ၂၅၆၉၂ | ၂၄၅၄၂ | ၈၃ |
| ဗီယက်နမ် | ၂၄၁၂ | ၁၇၉၀ | ၃၅ |
| ကမ္ဘောဒီးယား | ၆၃၃ | ၄၇၆ | ၀ |
| ဘရူနိုင်း | ၁၈၅ | ၁၇၈ | ၃ |
| လာအို | ၄၅ | ၄၂ | ၀ |

# ပြည်သူအချင်းချင်း သတင်းစကားကောက်နုတ်ချက်

၁။ နိုင်ငံကောင်းကျိုး၊ ပြည်သူလူထုအကျိုးအတွက် တာဝန်ဝတ္တရားများကို လုပ်ခွင်မပျက် ဆက်လက်ထမ်းဆောင်နေကြသော ဝန်ထမ်းကောင်းများကို ခြိမ်းခြောက်ဟန့်တားသူ၊ တားဆီးပိတ်ပင်သူ၊ တာဝန်ဝတ္တရားနှောင့်ယှက်သူများကို တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာ အရေးယူပါလိမ့်မည်။

၂။ တိုင်းပြည်၊ လူမျိုး၊ ပြည်သူအကျိုးကို အစိုးရအဆက်ဆက် နှစ်ပေါင်းများစွာ အနစ်နာခံလျက် ထမ်းဆောင်ခဲ့ကြသော ဝန်ထမ်းများ၏ လုံခြုံမှုနှင့် ဘေးကင်းမှုကို ဥပဒေဖောက်ဖျက်ကျူးလွန်သူများ စော်ကားခြိမ်းခြောက်ခြင်းမှ ထိရောက်စွာ ကာကွယ်ရန် ဖြစ်ပါသည်။

၃။ ပါတီနိုင်ငံရေး ကင်းရှင်းစွာဖြင့် နိုင်ငံပြည်သူအကျိုးအတွက် နိုင်ငံ့ဝန်ထမ်းများ၏ စေတနာအပြည့်အဝဖြင့် ရိုးသားကြိုးစားမှု မိသားစုလုံခြုံအေးချမ်းရာကြသော ဘဝကို စာနာနားလည်သောအားဖြင့် အနိုင်အထက် မတရားသဖြင့် တားဆီးနှောင့်ယှက်၊ သိက္ခာချခြင်းများကို မပြုလုပ်သင့်ပါကြောင်း ရိုးသားစွာ ဖော်ပြအပ်ပါသည်။

ဝန်ထမ်းပြည်သူတစ်ဦး

# ပြည်သူသို့ မေတ္တာရပ်ခံချက်

၁။ ဒီမိုကရေစီကျင့်စဉ်အရ လူတိုင်းမှာ လွတ်လပ်စွာပြောဆိုခွင့်၊ လုပ်ကိုင်ခွင့်၊ နေထိုင်ခွင့်ရှိကြပါသည်။ ထိုလွတ်လပ်မှုသည် သူတစ်ပါးအား မထိပါးစေရပါ။ မိမိနှင့် သဘောထားအယူအဆ မတူသူကိုလည်း ကွဲလွဲခွင့်ပေးရပါသည်။ မတားဆီးရ၊ မထိပါးရပါ။ သို့ရာတွင် ယခုအခါ ဒီမိုကရေစီ လူ့အခွင့်အရေးကို အကြောင်းအမျိုးမျိုးပြကာ အခြားသူများအား အုပ်စုဖွဲ့အတင်းအကျပ်ပြုခြင်း၊ နှောင့်ယှက်ခြင်း၊ ခြိမ်းခြောက်ခြင်းများအထိ ဥပဒေကို ချိုးဖောက်မှုအချို့ ရှိလာခဲ့ပါသည်။ စည်းကမ်းမရှိလျှင် ဒီမိုကရေစီပျက်စီးနိုင်ပါသည်။

၂။ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် ပြည်သူလူထုဘေးကင်းလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့ကို နှောင့်ယှက်၊ တားဆီး၊ ဖျက်ဆီးသော ကျူးလွန်မှုများကို ထိရောက်ဟန့်တားမည့် ဆောင်ရွက်ချက်များဖြင့် ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်ကြရပါမည်။

၃။ တရားမျှတခြင်း၊ လွတ်လပ်ခြင်း၊ တန်းတူညီမျှခြင်း၊ အေးချမ်းလုံခြုံခြင်းကို လိုလားကြသည့် ကျွန်ုပ်တို့ ပြည်သူတစ်ရပ်လုံးက ဥပဒေမဲ့ကျူးလွန်သူများကို လက်မခံကြရုံသာမက နိုင်ငံလူမျိုး အကျိုးအတွက် ပူးပေါင်းလက်တွဲကာ တားဆီးပယ်ရှားကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

# စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းများနှင့် မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် ရဲမှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာန) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း သွားလာမှုကန့်သတ်ချက်များကြောင့် စားရေးအခက်အခဲ မရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး အထောက်အကူပြုပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များအတွက်ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကို လည်းကောင်း၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့ရှိ ခေးနင်းအဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာနှင့် တာပုံစစ်မှုထမ်းဟောင်းအိမ်ရာ၊ လောက်ကိုင်မြို့ရှိ စစ်မှုထမ်းဟောင်း အိမ်ရာတို့မှ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များအတွက် အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မိုင်းခွန်ကျေးရွာအုပ်စုရှိ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအတွက် တြိဂံဒေသ တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ကရင်ပြည်နယ် မြဝတီမြို့ရှိ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ သင်္ကန်းညီနောင်တပ်နယ်မှ တာဝန်ရှိသူများက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ ခြေတော်ရာကျေးရွာရှိ ပြည်သူ့စစ်(ဌာနေ) အဖွဲ့ဝင်များအတွက် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် ရွှေကျင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး တင်လင်းဦးနှင့်အဖွဲ့ဝင်များက လည်းကောင်း သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ၊ အမယ်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကိုပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဒေသခံပြည်သူ လူနာများအား တပ်မတော်ဆေးရုံများ၌ ဆက်လက်လက်ခံကုသ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ တိုင်းရင်းသားပြည်သူများ၏ ကျန်းမာရေးဆိုင်ရာအခက်အခဲများကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုစေရန်အတွက် မြို့နယ်အသီးသီးရှိ တပ်မတော်ဆေးရုံများနှင့် ယာယီကုသရေးဆေးရုံများတွင် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိပြီး ပြင်ပမှဆရာဝန်များသည်လည်း ၎င်းတို့၏ သဘောဆန္ဒအလျောက် ကုသရေးလုပ်ငန်းများတွင် လာရောက် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရှိရသည်။

ယင်းသို့ ဆောင်ရွက်ပေးလျက်ရှိရာ တိုင်းစစ်ဌာနချုပ် နယ်မြေအသီးသီးရှိ တပ်မတော်ဆေးရုံများသို့ ဖေဖော်ဝါရီ ၅ ရက်မှ ယနေ့အထိ ပြင်ပလူနာ ၂၇၉၉၇ ဦး၊ အတွင်းလူနာ ၃၂၁၃ ဦးကို လွှဲပြောင်းခဲ့ပြီး တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများဖြင့် ပြည်သူများကို ကျန်းမာရေးစစ်ဆေးပေးခြင်း၊ ခွဲစိတ်ရန် လိုအပ်သည့်လူနာများအား ခွဲစိတ်ပေးခြင်း၊ ဆေးရုံတက်ရောက်ကုသရန် လိုအပ်သည့် လူနာများကို ဆေးရုံတင်ကာ ကျန်းမာရေးစောင့်ရှောက်ပေးခြင်းနှင့် ဆေးရုံတက်လူနာများနှင့် လူနာစောင့်များ နေထိုင်စားသောက်ရေးအဆင်ပြေစေရန်အတွက် စီမံဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ လာရောက်ကုသမှုခံယူလျက်ရှိသည့် လူနာများအနက် အကြီးစားခွဲစိတ်ကုသရန် လိုအပ်သူ ၁၂၁၀၊ အသေးစားခွဲစိတ်ကုသရန် လိုအပ်သူ ၆၃၃ ဦး စုစုပေါင်း ၁၈၄၃ ဦးတို့ကို ခွဲစိတ်ကုသပေးနိုင်ခဲ့ပြီး စိုးရိမ်ဖွယ်ရာရှိသည့် လူနာများကိုလည်း ပါရဂူများ၊ ဆေးမှူးများဖြင့် အထူးကြပ်မတ်ကုသပေးလျက်ရှိသည်။ ထို့အပြင် ကလေးမီးဖွားရန် အခက်အခဲဖြစ်နေသည့် မွေးလူနာများကို တပ်မတော်ဆေးရုံအသီးသီးတွင် တက်ရောက်စေလျက်ရှိပြီး ၎င်းတို့အနက် ၇၀၃ ဦးကို ခွဲစိတ်မွေးဖွားပေးနိုင်ခဲ့ကာ ၁၀၈၈ ဦးကို သာမန် မွေးဖွားပေးနိုင်ခဲ့ခြင်းကြောင့် ယနေ့အထိ အနာဂတ်မျိုးဆက်သစ် ကလေးငယ် ၁၇၉၁ ဦးကို မွေးဖွားနိုင်ခဲ့သည်။





တိုင်းရင်းသားပြည်သူများအနေဖြင့် ကျန်းမာရေးဆိုင်ရာအခက်အခဲများ ဖြစ်ပေါ်လာပါက နီးစပ်ရာ တပ်မတော်ဆေးရုံများသို့ အချိန်မရွေး ဆက်သွယ်ဆေးကုသမှုခံယူနိုင်ကြောင်းနှင့် သက်ဆိုင်ရာဆေးရုံများမှလည်း လွှဲပြောင်းကုသမှုခံယူနိုင်ကြောင်း သိရှိရသည်။

ယနေ့တွင် သက်ဆိုင်ရာမြို့နယ်များရှိ နယ်မြေခံ တပ်မတော်ဆေးရုံများသို့ ဆေးရုံလာရောက်ပြသသူများနှင့် ဆေးရုံတက်လူနာများအား သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုအားပေးပြီး ဆေးရုံတက်ရောက်ကုသမှုခံယူနေသောလူနာများအတွက် စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြသည်။

အလားတူ ရှမ်းပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဒေါက်တာ ကျော်ထွန်းနှင့် အဖွဲ့ဝင်များသည် ရှမ်းပြည်နယ်တောင်ပိုင်း အောင်ပန်းမြို့ရှိ နယ်မြေခံတပ်မတော်ဆေးရုံနှင့် တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်းများသို့ ယနေ့ မွန်းလွဲပိုင်းတွင် သွားရောက်၍ အောင်ပန်းမြို့ရှိ တပ်မတော်ဆေးရုံအတွက် အလှူငွေကျပ်သိန်း ၃၀ နှင့် ဆေးရုံဝန်ထမ်းများအတွက် အလှူငွေကျပ် ၁၆ သိန်းခြောက်သောင်းတို့ကို လည်းကောင်း၊ တောင်ကြီးမြို့ရှိ နယ်မြေခံဆေးတပ်ရင်းအတွက် အလှူငွေကျပ်သိန်း ၂၀ ကိုလည်းကောင်း ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက အသီးသီးလက်ခံယူပြီး ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်ကာ ကျေးဇူးတင်စကားများ ပြန်လည်ပြောကြားကြသည်။

ယင်းနောက် ရှမ်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဆေးရုံနှင့် ဆေးတပ်ရင်းများ၌ ဆေးရုံတက်ရောက်ကုသမှုခံယူလျက်ရှိသော သံဃာတော်များ၊ ဒေသခံတိုင်းရင်းသားပြည်သူများနှင့် အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား လိုက်လံကြည့်ရှု အားပေးစကားပြောကြားပြီး စားသောက်ဖွယ်ရာများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ကျေးရွာလုံခြုံရေး ဆောင်ရွက်နေသည်ဟု အကြောင်းပြ၍ ဒေသခံပြည်သူနှစ်ဦးအား ဝိုင်းဝန်းရိုက်နှက်၊ ပြည်မြို့ရှိ တပ်မတော်ဆေးရုံတွင် ဆေးကုသပေးခြင်းများ ဆောင်ရွက်ပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ် သစ်ဆိမ့်ပင်ကျေးရွာနေ ကိုထိန်ဝင်း (ဘ) ဦးသွင်အေးနှင့် ကိုထွန်းထွန်းဝင်း(ဘ)ဦးထွန်းကျင်တို့ နှစ်ဦးသည် ဖေဖော်ဝါရီ ၂၃ ရက် ညနေပိုင်းတွင် ဆင်တဲကျေးရွာ၌ ငါးဖမ်းပြီး ည ၇ နာရီခွဲခန့်တွင် ၎င်းတို့ကျေးရွာသို့ ပြန်လာစဉ် ဆင်တဲကျေးရွာအထွက် တံတားပေါ်သို့ အရောက်၌ ကျေးရွာလုံခြုံရေး ဆောင်ရွက်နေသည်ဟုဆိုသူ ဆင်တဲကျေးရွာသား ချစ်နန်း ဦးစီးအင်အား ၁၅ ဦးခန့်က တုတ်၊ ဓားများဖြင့် အကြောင်းမဲ့ ထိုးခုတ်ရိုက်နှက်ခဲ့သဖြင့် ကိုထိန်ဝင်းတွင် ဘယ်ချိုစောင်းလေးလက်မခန့် စုတ်ပြဲဒဏ်ရာနှင့် ကိုထွန်းထွန်းဝင်းတွင် ဘယ်ချိုင်းအောက် သုံးလက်မခန့် ပြတ်ရှဒဏ်ရာ၊ ဘယ်နားထင်လေးလက်မခန့် ပြတ်ရှဒဏ်ရာ၊ ဘယ်ချိုစောင်းသုံးလက်မခန့် ပေါက်ပြဲဒဏ်ရာနှင့် နောက်စေ့သုံးလက်မခန့် ပေါက်ပြဲဒဏ်ရာများ ရရှိခဲ့ကြသည်။

ထိုသို့ ဝိုင်းဝန်းရိုက်နှက်ခြင်းကြောင့် ဒဏ်ရာများ ရရှိခဲ့သူနှစ်ဦးအား ပြည်မြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်စေပြီး လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ခံယူစေလျက်ရှိကြောင်းနှင့် ဝိုင်းဝန်းရိုက်နှက်ကြသူများအား ပန်းတောင်းမြို့နယ်မြေခံရဲစခန်း၌ တည်ဆဲဥပဒေများနှင့်အညီ အမှုဖွင့်အရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးနှင့် မကွေးတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်၊ ကျေးရွာအချို့မှ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ လှူဒါန်း



**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသမှုလုပ်ငန်းများ ဆောင်ရွက်နေစဉ် ကာလအတွင်း သွားလာမှု ကန့်သတ်ချက်များကြောင့် ဒေသခံပြည်သူများ စားရေး အဆင်ပြေစေရန်အတွက် နယ်မြေခံ တပ်မတော်သားများက ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများကို အိမ်အရောက် လိုက်လံပေးဝေလှူဒါန်းလျက်ရှိသည်။

ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပန်းခြံစုရပ်ကွက်၊ ကြံ့ခိုင်ရပ်ကွက်၊ ၂-ခရပ်ကွက်၊ အင်းစိန်မြို့နယ်၊ ဘူတာဈေးရပ်ကွက်၊ မှော်ဘီမြို့နယ် လက်ပံတန်းစုကျေးရွာ၊ ဝါးပတောကျေးရွာ၊ ဝါးနက်ချောင်းကျေးရွာ၊ ကုလားကြီးကုန်းကျေးရွာ၊ တပ်ကြီးကုန်းကျေးရွာတို့ရှိ အိမ်ထောင်စု ၅၅၀၀ တို့အတွက် ဆန်နှင့် ဆီများကို ရန်ကုန်တိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်သည်။

ထို့အတူ မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် နှမ်းကြဲကျေးရွာရှိ အိမ်ထောင်စု ၆၀၀ စု၊ မကွေးတိုင်းဒေသကြီး မကွေးမြို့နယ်၊ မြင်စိုင်းကျေးရွာအုပ်စု၊ ကိုးပင်ကွေ့ကျေးရွာနှင့် မိချောင်းရဲကျေးရွာတို့ရှိ အိမ်ထောင်စု ၆၀၀ တို့အတွက် ဆန်နှင့် ဆီများကို ယနေ့တွင် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ တာဝန်ရှိသူများက ပြည်သူများ လက်ဝယ်အရောက် သွားရောက်ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# အခြေခံပညာကျောင်းများ၌ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် စုပေါင်းသန့်ရှင်းရေး ပြုလုပ်



မြောက်ဦးမြို့ အခြေခံပညာ မူလတန်း(လွန်)ကျောင်း (အလယ်ဈေးရပ်ကွက်)၌ စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်စဉ်။

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် စာသင်ကြားမှုများအား ရပ်ဆိုင်းထားရှိရာမှ ပြန်လည်ဖွင့်လှစ်ခွင့်ရရှိပါက ကျောင်းသား ကျောင်းသူများ စိတ်အေးချမ်းသာစွာ ပညာသင်ကြားနိုင်စေရန်နှင့် ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးအတွက် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တပ်မတော်သားများက အခြေခံပညာကျောင်းများ၌ စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများနှင့် လိုအပ်သည့် ထိန်းသိမ်းစောင့်ရှောက်မှုများကို ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ရခိုင်ပြည်နယ်၊ စစ်တွေ၊ အမ်း၊ တောင်ကုတ်၊ ဂွမြို့၊ သံတွဲ၊ မောင်တော၊ ဘူးသီးတောင်၊ ပုဏ္ဏားကျွန်း၊ ရသေ့တောင်၊ ကျောက်တော်၊ မြောက်ဦး၊ မင်းပြားမြို့နယ်များရှိ အခြေခံပညာအထက်တန်းကျောင်းများ၊ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)များ၊ အခြေခံပညာအလယ်တန်းကျောင်းများ၊ အခြေခံပညာမူလတန်းလွန်ကျောင်းများနှင့် အခြေခံပညာမူလတန်းကျောင်းများ၊ ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ အခြေခံပညာအထက်တန်းကျောင်း (နတ်စင်ကုန်း)၊ ပြည်မြို့ ဆင်စုရပ်ကွက်ရှိ အခြေခံပညာအလယ်တန်းကျောင်းခွဲ၊ ဆံတော်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ မြို့သစ်ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း၊ ပေါက်ခေါင်းမြို့၊ အုတ်ပုံကျေးရွာရှိ အခြေခံပညာအထက်တန်းကျောင်းနှင့် ရွှေကျင်မြို့ ဂန့်ဂေါ်ပိုင်းရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်း (ရွှေကျင်)တို့၌ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်အသီးသီးမှ နယ်မြေခံ တပ်မတော်သားများက ကျောင်းဝင်းများအတွင်းရှိ ချုံနွယ်ပေါင်းမြက်များ ခုတ်ထွင်ရှင်းလင်းခြင်း၊ အမှိုက်များ ရှင်းလင်းခြင်းနှင့် စာသင်ဆောင်များ အတွင်း၊ အပြင်သန့်ရှင်းရေးလုပ်ငန်းများကို စုပေါင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူ့ဆေးရုံနှင့် တိုက်နယ်ဆေးရုံများသို့ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများ သွားရောက်၍ လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် သာစည်မြို့နယ် ဆေးရုံ၊ ဟံဇားတိုက်နယ်ဆေးရုံ၊ ယင်းမာပင်တိုက်နယ်ဆေးရုံနှင့် သပိတ်ကျင်းမြို့နယ် တကောင်းမြို့ ပြည်သူ့ဆေးရုံနှင့် ပဲခူးတိုင်းဒေသကြီး ကျောက်တံခါးမြို့နယ် ကျောက်တံခါးပြည်သူ့ဆေးရုံ၊ ရွှေကျင်မြို့နယ်၊ ဒုံဇရစ်ကျေးရွာ တိုက်နယ်ဆေးရုံတို့ရှိ ဝန်ထမ်းများနှင့် လူနာရှင်များက နယ်မြေခံတပ်ရှိ တပ်မတော်ဆေးရုံမှ ဆရာဝန်များနှင့် သူနာပြုများ လာရောက်ကုသပေးနိုင်ပါရန် အကူအညီတောင်းခံမှုကြောင့် သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များမှ တပ်နယ်များအလိုက် တပ်မတော်ဆေးရုံမှ၊ တပ်မတော်သားပါရဂူများ၊ ဆရာဝန်များနှင့် သူနာပြုများပါဝင်သော ဆေးကုသရေးအဖွဲ့အား စေလွှတ်၍ ရောဂါဝေဒနာခံစားနေရသည့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အဆိုပါဆေးရုံများ၌ တပ်မတော်ဆေးကုသရေးအဖွဲ့များက ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ရာ ယနေ့တွင် ခွဲစိတ်ကုသမှုဆိုင်ရာ ရောဂါ၊ သွားနှင့်ခံတွင်းရောဂါ၊ အရိုးအကြောရောဂါ၊ သားဖွား မီးယပ်ရောဂါ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ အထွေထွေရောဂါတို့နှင့် ပတ်သက်၍ လိုအပ်သည့် ကျန်းမာရေးစစ်ဆေးကုသပေးခြင်းများ ဆက်လက်ဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ဒေသခံပြည်သူများအနေဖြင့်လည်း အထူးပင် ကျေးဇူးတင်ဝမ်းမြောက်လျက်ရှိကြောင်း သိရှိရသည်။

ထိုသို့ ဆောင်ရွက်ပေးနေမှုများကို တိုင်းစစ်ဌာနချုပ်အသီးသီးရှိ တာဝန်ရှိသူများက သွားရောက်ကြည့်ရှု၍ ဒေသခံပြည်သူများအား ဆေးကုသပေးထားမှု အခြေအနေများ၊ ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီး မေးမြန်းအားပေး စကားပြောကြားကာ စားသောက်ဖွယ်ရာများ ပေးအပ်၍ ဒေသခံပြည်သူများအတွက် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန် ပြင်ဆင်ထားရှိမှု အခြေအနေများကို လိုက်လံကြည့်ရှုပြီး လိုအပ်သည်များ ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့ပြင် ကျောက်တံခါးမြို့နယ် မြို့နယ်ပြည်သူ့ဆေးရုံ၌ လိုအပ်သောဆေးဝါးများ ဝယ်ယူဖြည့်တင်းရန်အတွက် စေတနာရှင်အလှူရှင်များက အလှူငွေကျပ် ကိုးသိန်းကို ပေးအပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ပြည်သူများ စိတ်အေးချမ်းစွာ နေထိုင်အိပ်စက်နိုင်ရေး၊ ရပ်ရွာအေးချမ်းသာယာရေး လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော် တည်ငြိမ်အေးချမ်းရေးနှင့် အများပြည်သူတို့၏ လုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးနှင့် ရပ်ရွာအေးချမ်းသာယာရေးတို့အတွက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ ဖေဖော်ဝါရီ ၁၄ ရက် ညပိုင်းမှစတင်၍ လုံခြုံရေးကို ပြည့်ဝစွာ ဆောင်ရွက်ပေးလျက်ရှိသည်။

ယနေ့တွင်လည်း မိဘပြည်သူများအနေဖြင့် စိတ်အေးချမ်းသာယာစွာ နေထိုင်အိပ်စက်နိုင်စေရေး၊ ရပ်ရွာအေးချမ်းသာယာမှုရှိစေရေးတို့အတွက် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ မြို့နယ်များ၌ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့တို့မှ တပ်ဖွဲ့ဝင်များဖြင့် ပူးပေါင်း၍ လိုအပ်သည့် လုံခြုံရေးလုပ်ငန်းများကို ပြည့်ဝစွာ ဆက်လက်ဆောင်ရွက်ပေးလျက်ရှိကြောင်းနှင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေ့ညမပြတ် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ဘုတ်ပြင်းမြို့နယ်ရှိ မြန်မာ့ပင်လယ်ပြင်အတွင်း မီးလောင်နေသည့် ကုန်တင်လှေအား လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် ဒေသခံငါးသယ်လှေများက ကူညီကယ်ဆယ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

တနင်္သာရီတိုင်း ဒေသကြီး ဘုတ်ပြင်း မြို့နယ်အတွင်းရှိ မြန်မာ့ပင်လယ်ပြင်အတွင်း လုံခြုံရေး ဆောင်ရွက်နေသည့် တပ်ဖွဲ့ဝင်များသည် ကုန်တင်လှေတစ်စင်း မီးလောင်နေကြောင်း သိရှိသဖြင့် ဖေဖော်ဝါရီ ၂၃ ရက် မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်ခန့်က သွားရောက်စစ်ဆေးရာ ကော့ရဲကျွန်း၏ အနောက်ဘက် ရေမိုင် ၇ မိုင်ခန့်အကွာ၌ မီးလောင်နေသည့် အောင်ဘုန်းမြတ်အမည်ရှိ ကုန်တင်လှေတစ်စင်းကို တွေ့ရှိသဖြင့် ဒေသခံငါးဖမ်းလှေများနှင့်အတူ ဝိုင်းဝန်းမီးငြိမ်းသတ်ပေးပြီး လှေပေါ်ပါ လှေသား ရှစ်ဦးအား ရေယာဉ်ပေါ်သို့ တင်ဆောင်ကာ လိုအပ်သည့် ကျန်းမာရေး စစ်ဆေးခြင်းများ ဆောင်ရွက်ပေးပြီး စားသောက်ဖွယ်ရာများ ပေးအပ်ကာ သက်ဆိုင်ရာသို့ လွှဲပြောင်း ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ရွှေတိဂုံစေတီတော်မြတ်ကြီးအပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီးအသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၊ အခြားဘာသာရေးကျောင်းများ၌ အများပြည်သူများ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုကြည်ညိုလျက်ရှိ

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ကိုဗစ်-၁၉ ရောဂါဖြစ်ပေါ်မှု အခြေအနေများကြောင့် ဗုဒ္ဓဘာသာဘုရား စေတီများအပါအဝင် သက်ဆိုင်ရာ ဘာသာများအလိုက် ဘာသာရေးကျောင်းများအား ဖူးမြော်ခွင့်၊ ဝတ်ပြုခွင့်များ ယာယီရပ်ဆိုင်းထားရှိရာမှ ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ ဖူးမြော်၊ ဝတ်ပြု၊ ကြည်ညို တရားဘာဝနာပွားများနိုင်ရေးအတွက် ဖေဖော်ဝါရီ ၈ ရက်မှစတင်၍ ပြန်လည်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။

ထိုသို့ ပြန်လည်ဖွင့်လှစ်ထားရှိရာ ယနေ့တွင် ရန်ကုန်မြို့ရှိ ရွှေတိဂုံစေတီတော်မြတ်ကြီး၊ မန္တလေးမြို့ရှိ မဟာမုနိရုပ်ရှင်တော်မြတ်ကြီး၊ နေပြည်တော် ကောင်စီနယ်မြေ ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီးတို့ အပါအဝင် ပြည်နယ်နှင့် တိုင်းဒေသကြီး အသီးသီးရှိ ဘုရား၊ စေတီပုထိုးများ၌ ဘုရားဖူးလာ သံဃာတော်များ၊ သာသနာနွယ်ဝင် သီလရှင်များနှင့် မိဘပြည်သူများသည် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖူးမြော်ကြည်ညို ကုသိုလ်ယူလျက်ရှိကြသည်။

ထို့ပြင် နိုင်ငံတစ်ဝန်းရှိ အစ္စလာမ်ဘာသာရေး ကျောင်းများ၊ ခရစ်ယာန်ဘာသာရေးကျောင်းများနှင့် ဟိန္ဒူဘာသာရေးကျောင်းများကိုလည်း သက်ဆိုင်ရာ ဘာသာများအလိုက် အများပြည်သူ ဝတ်ပြုကြည်ညို နိုင်ရေးအတွက် ကိုဗစ်-၁၉ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ ဖွင့်လှစ်ထားရှိရာ သက်ဆိုင်ရာ ဘာသာဝင်များက စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ စိတ်အေးချမ်းသာစွာ လာရောက်ဝတ်ပြုလျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပုသိမ်မြို့ သမိုင်းဝင်ရွှေမုဋ္ဌောမဟာစေတီတော်မြတ်ကြီး၌ ဘုရားဖူးများ စိတ်အေးချမ်းသာစွာ ဖူးမြော်ကြစဉ်။



# ဘုန်းတော်ကြီးကျောင်းများ၊ သီလရှင်ကျောင်းများနှင့် ဘာသာရေးကျောင်းများ၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ် လေးမျိုးနှင့် နေ့ဆွမ်းများဆက်ကပ်လှူဒါန်း

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ဘုန်းတော်ကြီး ကျောင်းများ၊ သာသနာ့နွယ်ဝင် သီလရှင်ကျောင်းများနှင့် ဘာသာရေး ကျောင်းများတွင် ဆွမ်းအဆင်ပြေစေရေးအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) အရာရှိ၊ စစ်သည်၊ အရာထမ်း၊ အမှုထမ်းများက တိုင်းစစ်ဌာနချုပ်များ အလိုက် မြို့နယ်အသီးသီး၌ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းခြင်းနှင့် နေ့ဆွမ်းဆက်ကပ် လှူဒါန်းခြင်းများကို ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် (တောင်ပိုင်း) ကွန်ဟိန်းမြို့၊ ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ်၊ မှော်ဘီမြို့နယ်၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ကလေးမြို့၊ မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့နယ်နှင့် ပြည်ကြီးတံခွန် မြို့နယ်တို့ရှိ ဘုန်းတော်ကြီး ကျောင်းများ၊ စာသင်တိုက်များနှင့် ဘာသာရေး ကျောင်း စုစုပေါင်း ၂၅ ကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ဆား၊ ပဲ အမယ်လေးမျိုးနှင့် လှူဖွယ် ပစ္စည်းများကို လည်းကောင်း၊ ကချင်ပြည်နယ် ပူတာအိုမြို့၊ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့၊ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့၊ ကလေးမြို့၊ မန္တလေးတိုင်းဒေသ ကြီး အောင်မြေသာစံမြို့နယ်၊ ပုသိမ်ကြီးမြို့နယ်၊ အမရပူရမြို့ နယ်၊ ပြည်ကြီးတံခွန်မြို့နယ်နှင့် ပဲခူးတိုင်းဒေသကြီး ပြည်မြို့တို့ရှိ ဘုန်းတော်ကြီးကျောင်းများနှင့် သီလရှင်စာသင်တိုက် စုစုပေါင်း ၂၅ ကျောင်းရှိ သံဃာတော်များနှင့် သာသနာ့နွယ်ဝင် သီလရှင်များ အား နေ့ဆွမ်းများကိုလည်း ကောင်း သက်ဆိုင်ရာ တိုင်းစစ် ဌာနချုပ်များအလိုက် တာဝန်ရှိသူ များက သွားရောက်၍ ဆက်ကပ် လှူဒါန်းကြသည်။

၎င်းအပြင် ရှမ်းပြည်နယ် (မြောက်ပိုင်း) မိုးမိတ်မြို့ ရွှေကျောင်းပရိယတ္တိစာသင်တိုက် ရှိ သံဃာတော်များနှင့် သာသနာ့ နွယ်ဝင် သီလရှင်များအား မြောက်ပိုင်းတိုင်း စစ်ဌာနချုပ်၊ နယ်မြေခံ ဆေးကုသရေးအဖွဲ့က ဆရာတော် သံဃာတော်များ၊ သာသနာ့နွယ်ဝင် သီလရှင်များ နှင့် ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စစ်ဆေးပေးခြင်းများ ဆောင် ရွက်ပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

# တောင်သူလယ်သမားနေ့ အခမ်းအနားကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**ပုသိမ် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့တွင် ၂၀၂၁ ခုနှစ် မတ် ၂ ရက်တွင် ကျင်းပပြုလုပ်မည့် တောင်သူ လယ်သမားနေ့ အခမ်းအနား ကျင်းပရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ယနေ့နံနက်ပိုင်း က တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ တိုင်းဒေသ ကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်နှင့်အတူ စီမံ အုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ အတွင်းရေးမှူး၊ အခမ်းအနား ကျင်းပရေး ကော်မတီဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် (၂) ဦးတင်အေးက အခမ်းအနား ကျင်းပနိုင်ရေး စီမံဆောင်ရွက် ထားရှိမှုများကို တင်ပြသည်။ ၎င်းနောက် တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေး ကောင်စီ အတွင်းရေး မှူး ဦးသန်းဆွေဝင်း က အခမ်းအနားကျင်းပနိုင်ရေး ကော်မတီများ ဖွဲ့စည်းတာဝန် ပေးထားရှိမှုနှင့် လုပ်ငန်း ဆောင်ရွက်မှုများအား ရှင်းလင်း တင်ပြသည်။

ယင်းနောက် ကော်မတီများ အလိုက် ဆွေးနွေးတင်ပြခြင်းနှင့် အထွေထွေ ဆွေးနွေးတင်ပြခြင်း တို့ကို ဆောင်ရွက်ခဲ့ပြီး တိုင်းဒေသ ကြီး စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ ဦးရဲမြင့်က ကော်မတီများ အလိုက် ဆောင်ရွက်ရမည့် လုပ်ငန်း အသေးစိတ်များကို အောင်အောင်မြင်မြင် ဆောင်ရွက် သွားကြရန် ပြောကြားခဲ့ကြောင်း သိရသည်။

၂၀၂၁ ခုနှစ် မတ် ၂ ရက်တွင် တောင်သူ လယ်သမားနေ့ကို ကျန်းမာရေးနှင့် အားကစား ဝန်ကြီးဌာန၏ ညွှန်ကြားချက်များ နှင့်အညီ ကန်ကြီးထောင့်မြို့နယ် ဝါးဒူးကျေးရွာအုပ်စု ဝါးဒူး ကျေးရွာတွင် ကျင်းပမည်ဖြစ် ကြောင်း သိရသည်။

**သတင်းနှင့် ဓာတ်ပုံ**
**မောင်မောင်မြင့်(ပြန်/ဆက်)**



# ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ဒေသခံတောင်သူများ ရောင်းချရန် အခက်အခဲ ဖြစ်ပေါ်လျက်ရှိသည့် ရာသီသီးနှံများကို တပ်မတော်က ဆက်လက်ဝယ်ယူ

**နေပြည်တော် ဇန်နဝါရီ ၂၄**

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှု ကြောင့် ကူးသန်းသွားလာမှုများ ရပ်ဆိုင်းကာ သီးနှံများ ဝယ်ယူသူ နည်းပါးပြီး ဒေသခံတောင်သူများ အနေဖြင့် ရောင်းချရန် အခက်အခဲ ဖြစ်ပေါ်၍ သီးနှံများ ပျက်စီးဆုံးရှုံး နိုင်သည့် အခြေအနေများ ဖြစ်ပေါ် နေသောကြောင့် နယ်မြေခံ တပ်မတော်သားများက စိုက်ခင်း များသို့ သွားရောက်၍ ဒေသခံ တောင်သူများ ရောင်းချပေးနိုင် သည့် ဈေးနှုန်းဖြင့် ရာသီသီးနှံ များကို ဝယ်ယူပေးလျက်ရှိသည်။

ထိုသို့ ဝယ်ယူပေးလျက်ရှိရာ ယနေ့တွင် အရှေ့ပိုင်းတိုင်းစစ်ဌာန ချုပ်မှ နယ်မြေခံတပ်မတော်သား များက ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်း ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရ ဒေသ တီကျစ်မြို့နယ် တီကျစ် ကျေးရွာအုပ်စု လုံးပိုကျေးရွာနှင့် လွင်ရွာရှိ ဒေသခံတောင်သူများ ထံမှ ဂေါ်ဖီထုပ် ၁၅၄၇၁ ထုပ်နှင့် ဟဲဟိုးမြို့မှ အာလူး ၁၅၄၇၁ ပိဿာ တို့ကို ဒေသခံတောင်သူများ ရောင်းချပေးနိုင်သည့် ဈေးနှုန်းဖြင့် ထပ်မံ ဝယ်ယူပေးခဲ့သည်။

အလားတူ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ်မှ နယ်မြေခံ တပ်မတော်သားများက ယနေ့ တွင် မန္တလေးတိုင်းဒေသကြီး မိတ္ထီလာခရိုင် မလှိုင်မြို့နယ် ဆုံတွင်းကျေးရွာအုပ်စု မကျီးပင် ပုကျေးရွာရှိ ဒေသခံတောင်သူများ ထံမှ ကြက်သွန်နီ ပိဿာ ၇၀၀၀ တို့ကို ဒေသခံတောင်သူများ ရောင်းချပေးနိုင်သည့် ဈေးနှုန်းဖြင့် ဝယ်ယူပေးခဲ့ကြောင်း သတင်းရရှိ သည်။

**သတင်းစဉ်**

## မကွေးမြို့သာယာလှပရေးအတွက် ရှေးဟောင်းရေကန်ကြီး(ကန်သာကန်) ပြုပြင်ခြင်းလုပ်ငန်းပြီးစီး

**မကွေး ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မကွေးမြို့တွင် တိုင်းဒေသကြီး အစိုးရခွင့်ပြု ရန်ပုံငွေကျပ် ၂၆၄ ဒသမ ၇၇သန်းဖြင့် ရှေးဟောင်းရေကန်ကြီးကို နှစ်စဉ်ဆက်တိုက် အသစ်ပြန်လည်ပြုပြင်မွမ်းမံရာ ယခုအခါ မကွေးမြို့၏ ကျက်သရေဆောင် ကန်သာကန်ကြီးအဖြစ် ရာနှုန်းပြည့် ပြီးစီးပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေးဦးစီးဌာန တာဝန်ရှိသူထံမှ သိရသည်။

အဆိုပါ ကန်ကြီးကို ၂၀၁၈–၂၀၁၉ ဘဏ္ဍာနှစ်တွင် တိုင်းဒေသကြီး အစိုးရရန်ပုံငွေကျပ် ၁၃၉ ဒသမ ၅၅ သန်းဖြင့် ကန်ပေါင်အလျား ပေ၃၈၀၀ ကို အကျယ်ပေ ၄၀ ချဲ့ခြင်း၊ ငွေကျပ်သန်း ၁၅ ဒသမ ၀၀ ဖြင့် ကန်သာကန် လှေကားများထည့်ခြင်း၊ ငွေကျပ်သန်း ၁၁ ဒသမ ၈၀ ဖြင့် ကန်ပေါင်ကို ကျောက်ရောမြေခင်းခြင်း လုပ်ငန်းဆောင်ရွက်သည်။ ၂၀၁၉– ၂၀၂၀ ဘဏ္ဍာနှစ်တွင် ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၈၀ ဒသမ ၅၄ သန်းဖြင့် ကန်အတွင်း ကန်ပေါင်ဆင့်ခြင်း၊ ရေတွင်းနှင့် ရေစင်တည်ဆောက်ခြင်း၊ ပိုက်လိုင်းသွယ်တန်းခြင်း လုပ်ငန်းများကိုလည်းကောင်း၊ ငွေကျပ် ၁၆ ဒသမ ၂၅ သန်းဖြင့် ကန်အထက်ကန်ပေါင် သန့်ရှင်းသပ်ရပ်ရေး ဆောင်ရွက်ခြင်း၁ ဒသမ ၆၃ သန်းဖြင့် ကန်သာကန်တောင်ဘက်ကန်ပေါင်လှေကား ပြုပြင်ခြင်း လုပ်ငန်းများကိုလည်းကောင်း စုစုပေါင်းငွေကျပ် ၂၆၄ ဒသမ ၇၇ သန်းဖြင့် ကန်ကြီးကို ပြန်လည်ပြုပြင်မွမ်းမံရာ ရာနှုန်းပြည့်ပြီးစီးသွားပြီဖြစ်ကြောင်း မြို့နယ်ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲမှုဦးစီးဌာန ဦးစီးအရာရှိ(မြို့ပြ) ဒေါ်ဌေးဌေးဝင်းထံမှ သိရသည်။

**ဝင်းမောင် (မကွေး)**






## စစ်မှုထမ်းဟောင်းများ၊ ရဲမှုထမ်းများနှင့် မိသားစုဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာဝန်ထမ်းများအား ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ဖွယ်ရာများ ပေးအပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

နိုင်ငံတော်နှင့် တပ်မတော်အတွက် အသက်ပေးလှူခဲ့ရသည့် အရာရှိ၊ စစ်သည်များ၏ မိသားစုဝင်များ၊ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ရဲမှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ) တပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးလုပ်ငန်းများ ဆောင်ရွက်နေသည့် ကာလအတွင်း သွားလာမှုများ ကန့်သတ်ချက်များကြောင့် စားရေးအခက်အခဲမရှိစေရန် ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ကုန်လေးမျိုးနှင့် ကိုဗစ်–၁၉ ရောဂါကာကွယ်ရေးအထောက်အကူပြု ပစ္စည်းများကို လည်းကောင်း၊ နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန် ထမ်းဆောင်လျက်ရှိသော တပ်မတော်သားများနှင့် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များအတွက် ဆေးဝါးများ၊ စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများကိုလည်းကောင်း သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ်များ၊ စစ်မှုထမ်းဟောင်းရုံး၊ အိမ်ရာများ၊ တပ်နယ်ခန်းမများ၊ ရဲတပ်ဖွဲ့မှူးရုံးများနှင့် သက်ဆိုင်ရာ ရဲစခန်းများ၌ ပေးအပ်လျက်ရှိသည်။

ထိုသို့ ပေးအပ်လျက်ရှိရာ ယနေ့တွင် ရှမ်းပြည်နယ် မြောက်ပိုင်း လားရှိုးမြို့နယ်ရှိ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပြည်နယ်ဒုတိယ အထွေထွေ အုပ်ချုပ်ရေးမှူးရုံးရှိ ဝန်ထမ်းများအား အရှေ့မြောက်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ် လှမိုးနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ရှမ်းပြည်နယ်အရှေ့ပိုင်း ကျိုင်းတုံမြို့နယ် မီးသတ်ဦးစီးဌာနမှ မီးသတ်တပ်ဖွဲ့ဝင်များအား တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် မျိုးမင်းထွန်းနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့ရှိ အဆင့်မြင့် စစ်မှုထမ်းဟောင်းအိမ်ရာ(ပြင်ဦးလွင်)နေ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များနှင့် မိသားစုဝင်များ၊ ပြင်ဦးလွင်ခရိုင်/မြို့နယ် ရဲတပ်ဖွဲ့မှူးရုံးရှိ ရဲတပ်ဖွဲ့ဝင်များနှင့် မိသားစုဝင်များအတွက် အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် ပြင်ဦးလွင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးချုပ် ဇော်ဟိန်းနှင့် အဖွဲ့ဝင်များက လည်းကောင်း၊ ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့ ရှမ်း/ကြေးရပ်ကွက်ရှိ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များအား တောင်ပိုင်းတိုင်း စစ်ဌာနချုပ် ရွှေကျင်တပ်နယ်မှ တပ်နယ်မှူး ဗိုလ်မှူးကြီး တင်လင်းဦး နှင့်အဖွဲ့ဝင်များကလည်းကောင်း သွားရောက်တွေ့ဆုံ၍ ဆန်၊ ဆီ၊ ဆား၊ ပဲ စားသောက်ကုန်လေးမျိုးနှင့် စားသောက်ဖွယ်ရာများကို ပေးအပ်ကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

ထို့ပြင် နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ထမ်းဆောင်လျက်ရှိသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအတွက် အလှူရှင်များက စားသောက်ဖွယ်ရာများ ပေးအပ်လှူဒါန်းရာ တာဝန်ရှိသူများက လက်ခံယူကြောင်း သိရသည်။

**သတင်းစဉ်**

## ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီများ လုံလောက်စွာရှိပြီး ပုံမှန်ရောင်းချပေးလျက်ရှိ

**ရန်ကုန် ဖေဖော်ဝါရီ ၂၄**

ရန်ကုန်တိုင်းဒေသကြီးအတွင်း စက်သုံးဆီများ အလုံအလောက်ရှိပြီး ပြည်သူလူထုအတွက် စက်သုံးဆီ ဖြန့်ဖြူးရောင်းချရေးလုပ်ငန်းများကို တိုင်းဒေသကြီးအတွင်းရှိ စက်သုံးဆီဆိုင်များတွင် ပုံမှန်ရောင်းချပေးလျက်ရှိသည်။

စက်သုံးဆီများဖြစ်သည့် အောက်တိန်း 92 နှင့် 95၊ ဓာတ်ဆီ၊ ဒီဇယ်နှင့် အခြားစက်သုံးဆီ အမျိုးမျိုးကို ရန်ကုန်မြို့ရှိ ဌာနဆိုင်ရာ စက်သုံးဆီကန်များ၊ ပုဂ္ဂလိကပိုင် ဆီကန်များ၊ အခြားအသင်း အဖွဲ့ပိုင် ဆီကန်များတွင် အလုံအလောက်ရှိပြီး အခြားပြည်နယ်နှင့် တိုင်းဒေသကြီးများသို့ပင် သယ်ယူပို့ဆောင် ရောင်းချပေးလျက်ရှိသည်။

"ရောင်းသူ ဝယ်သူကြားမှာ မျှတတဲ့ ဈေးနှုန်းဖြစ်ဖို့ အရေးကြီးပါတယ်။ ဒါမှသာ စက်သုံးဆီကနေ ပေါ်ထွန်းလာတဲ့ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ထုတ်လုပ်ရေးကဏ္ဍတွေအပြင် သယ်ယူပို့ဆောင်ရေးကဏ္ဍကြောင့် စားသောက်ကုန်ဈေးနှုန်းကြီးမြင့်တဲ့ ပြဿနာတွေ ဖြစ်ပေါ်လာနိုင်ပြီး စက်သုံးဆီဈေးနှုန်းကို ထိန်းနိုင်ဖို့ အရေးကြီးပါတယ်။ စက်သုံးဆီဈေးက ကျပြီဆို ချက်ချင်းမကျသေးပါဘူး။ ဈေးတက်ပြီဆို ချက်ချင်းတက်ချင်ကြတယ်။ ဒါကြောင့် သင့်တင့်မျှတတဲ့ နှုန်းထားဖြစ်ရေး စိစစ်ဆောင်ရွက်ပေးနိုင်ရေး ကြိုးစားနေပါတယ်" ဟု တိုင်းဒေသကြီး စီမံအုပ်ချုပ်ရေးကောင်စီမှ တာဝန်ရှိသူတစ်ဦးက ပြောသည်။

စက်သုံးဆီဆိုင်များနှင့် စပ်လျဉ်း၍ မြန်မာနိုင်ငံ စက်သုံးဆီ အသင်းအတွင်းရေးမှူး ဒေါက်တာ ဝင်းမြင့်က တိုင်းဒေသကြီးအတွင်း စက်သုံးဆီဆိုင်များ ပိတ်ထားခြင်းမရှိကြောင်း၊ အားလုံးကို လုံလုံလောက်လောက် ရောင်းပေးနေကြောင်း၊ ယခင် ပုံမှန်အတိုင်း အရန်ဆီအနေနှင့် နှစ်လစာလောက် ကျန်ရှိပြီး ထူးထူးခြားခြားလျော့ကျသွားတာမျိုး မရှိကြောင်း ပြောသည်။

**တိုင်းဒေသကြီး (ပြန် / ဆက်)**

မြန်မာ့အလင်း

| | | |
|---|---|---|
| စာတည်းမှူးချုပ် | – | အောင်နိုင်ဦး |
| ခေတ္တစာတည်းမှူး | – | ဝင်းကျော် |
| သတင်းထောက်ချုပ် | – | မြင့်ဆွေ |
| စာတည်းများ | – | ကြည်ဝင်း၊ ခင်ရတနာ၊ သိမ့်သိမ့်မိုး၊ ဇူလိုင်မိုး၊ |
| ဘာသာပြန် စာတည်း | – | ခြူးစန္ဒီနွေး၊ တင်လင်းအောင် |
| အကြီးတန်း သတင်းထောက်များ | – | ကျော်သူဝင်း၊ စိန်လွင်အောင်၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ သန့်ဇင်ဝင်း |
| အငယ်တန်း သတင်းထောက်များ | – | နေဝင်းထွန်း(၂)၊ ဝေသူနွယ်၊ မီမီဖြိုး |
| ဓာတ်ပုံ သတင်းထောက် | – | တင်စိုး |
| သုတေသန | – | အိအိခင်နှင့် အဖွဲ့ |
| စာပြင် | – | အေးအေးမိုးလှိုင်နှင့် အဖွဲ့ |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | – | ဇော်ပိုင်းအောင်၊ သန်းထွန်းအောင်နှင့် အဖွဲ့ |
| အီးမေးနှင့် အွန်လိုင်း | – | သက်လွင်ဦးနှင့် အဖွဲ့ |
| ထုတ်ဝေခြင်းအမှတ် | – | (၀၁၀၉၃) |
| ပုံနှိပ်ခြင်းအမှတ် | – | (၀၀၈၇၇) |

mmalin.npt@ gmail.com

www.facebook.com/MYANMAALINNNEWS

**နေပြည်တော်–စာတည်းမှူး** ၀၆၇–၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇–၃၆၁၄၅၊ **ဖက်စ်** ၀၆၇–၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ– အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်**–၄၀၊ **စာတည်းအဖွဲ့** ၀၁–၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁–၅၄၄၃၁၄၊ **စီမံ** ၀၁–၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁–၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁–၅၄၅၈၃၄၊ ၀၁– ၅၅၉၁၁၈၊ **Fax** ၀၁–၅၄၆၂၂၁၊ ၀၆၇–၃၆၁၄၈၊ ဖြန့်ချိရေး ၀၁–၅၄၄၃၁၇၊ **Fax** ၀၁–၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# တာဝန်ကျေစွာ၊ ဂုဏ်ယူပါ

**မောင်မောင်ဟိန်း**

နိုင်ငံ့ဝန်ထမ်းများသည် နိုင်ငံတော်ယန္တရား လည်ပတ်နိုင်ရေးအတွက် မိမိတို့နှင့် သက်ဆိုင်သော ဌာနဆိုင်ရာ အဖွဲ့အစည်းများ၏ လုပ်ငန်းတာဝန်ကို ထမ်းဆောင်ကြရသူများ ဖြစ်သည်။ ထိုသို့ လုပ်ငန်းတာဝန်များ ဆောင်ရွက်ကြခြင်းသည် တည်ဆဲအစိုးရအတွက် တာဝန်ထမ်းဆောင်ခြင်း မဟုတ်ပါ။ ဆိုလိုသည်မှာ အစိုးရအဖွဲ့တွင် ပါဝင်သော နိုင်ငံရေးရာထူး၊ အာဏာလုပ်ပိုင်ခွင့် ရရှိထားကြသူများသည်လည်း နိုင်ငံတော်နှင့် ပြည်သူများ၏ အကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်ကြသူများ ဖြစ်သည်။ ပါတီစုံဒီမိုကရေစီစနစ်တွင် နိုင်ငံ့ဝန်ထမ်းဘဝတစ်လျှောက်၌ အစိုးရအဆက်ဆက်ကို ကြုံတွေ့နေကြရမည်ဖြစ်သည်။ မည်သည့်အစိုးရတက်တက် ဝန်ထမ်းအားလုံးသည် မိမိတို့၏ လုပ်ငန်းတာဝန်များကို ဥပဒေ၊ လုပ်ထုံး လုပ်နည်းများနှင့်အညီ ဆောင်ရွက်ကြရသည်။ ထိုသို့ ဆောင်ရွက်ကြခြင်းသည် နိုင်ငံနှင့်ပြည်သူတို့၏ အကျိုးစီးပွားကို ဖော်ဆောင်ခြင်းဖြစ်ကြောင်း ရှင်းရှင်းလင်းလင်း သိရှိခံယူထားကြရပါမည်။

နိုင်ငံ့ဝန်ထမ်းများသည် မည်သည့်အစိုးရ အဆက်ဆက်တွင်မဆို မိမိတို့၏ ခိုင်မာသော အဖွဲ့အစည်း၊ လုပ်ငန်း၊ ဌာနများ၏ သတ်မှတ်ပြဋ္ဌာန်းထားသော ဥပဒေ၊ နည်းဥပဒေများနှင့်အညီသာ လုပ်ငန်းတာဝန်များကို ဆောင်ရွက်ကြရသူများ ဖြစ်သည့်အားလျော်စွာ တည်ဆဲအစိုးရတစ်ရပ်အနေဖြင့် ဥပဒေနှင့်ဆန့်ကျင်သော လုပ်ငန်းတာဝန်များပေးအပ်၍ မရသည်ကိုလည်း သိရှိထားကြပြီး ဖြစ်သည်။ ခေတ်အဆက်ဆက် နိုင်ငံရေးအရ ခန့်အပ်ခြင်းခံရသော ဝန်ကြီး၊ ဒုတိယဝန်ကြီးများ ဥပဒေပ ဆောင်ရွက်ချက်များကြောင့် အရေးယူခြင်း ခံခဲ့ကြရသည့်ဖြစ်စဉ်များ များစွာရှိခဲ့ကြပြီး ဖြစ်သည်ကိုလည်း သိရှိကြပြီး ဖြစ်သည်။ ဥပဒေပ ဆောင်ရွက်သည်များကို အလိုတူ၊ အလိုပါ ဥပဒေနှင့်မညီမှန်းသိလျက်နှင့် ဆောင်ရွက်ပေးခဲ့ကြသည့် ဝန်ထမ်းများလည်း အရေးယူခံခဲ့ကြရသည်။

## တည်ဆဲဥပဒေများကို လေးစားလိုက်နာ

ဌာနဆိုင်ရာများတွင် လိုအပ်သည့်ဝန်ထမ်းများ ခန့်အပ်နိုင်ရေးအတွက် သတ်မှတ်အရည်အချင်းနှင့် ကိုက်ညီသူများကိုသာ ရွေးချယ်ခန့်ထားကြသည်။ အရည်အချင်းကိုက်ညီသူများသည် ယှဉ်ပြိုင်အစစ်အဆေးခံပြီး အောင်မြင်မှသာ ဌာနဆိုင်ရာများက အတည်ပြုရွေးချယ်ခန့်ထားခြင်းဖြစ်သည်။ နိုင်ငံ့ဝန်ထမ်းတစ်ဦးအဖြစ် အတည်ပြုခန့်အပ်ခြင်းခံရသည့်အခါ နိုင်ငံ့ဝန်ထမ်းတိုင်းသည် နိုင်ငံတော်၏ ကျေးဇူးသစ္စာကို စောင့်သိရိုသေပြီး တည်ဆဲဥပဒေများကို လေးစားလိုက်နာကြရသည်။

နိုင်ငံ့ဝန်ထမ်းတစ်ဦးသည် ဝန်ထမ်းမှုဆိုင်ရာ အခွင့်အရေးများ ရရှိခံစားကြရသည်။ တာဝန်ထမ်းဆောင်ရခြင်းအပေါ် မူတည်၍ ခံစားခွင့်များ ရရှိသကဲ့သို့ တာဝန်ထမ်းဆောင်မှု ပျက်ယွင်းပါကလည်း စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ အရေးယူခြင်းခံကြရသည်။ သို့မှသာ ခိုင်မာသောအဖွဲ့အစည်းများ အားကောင်းပြီး နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားကို အကောင်အထည်ဖော် အလုပ်အကျွေး ပြုနိုင်မည်ဖြစ်သည်။ ဝန်ထမ်းသည် လစာစရိတ်ခံစားခွင့်၊ နှစ်တိုး လစာခံစားခွင့်၊ ခွင့်ခံစားခွင့်၊ ပညာသင်ဆည်းပူးခွင့်၊ ရာထူးတိုးခံစားခွင့်၊ လုပ်သက်ပြည့်၊ သက်ပြည့် ပင်စင်ခံစားခွင့်၊ နာမကျန်းပင်စင်ခံစားခွင့်၊ လျော်ကြေးပင်စင် ခံစားခွင့်၊ ဌာနကူးပြောင်း ထမ်းဆောင်ခွင့်စသည်များ ခံစားခွင့်ရှိသည်။

ဝန်ထမ်းအားလုံးသည် မိမိတို့ ဆန္ဒနှင့်အညီ ရွေးချယ်ပြီး နိုင်ငံ့ဝန်ထမ်းအလုပ်ကို လုပ်ဆောင်ကြခြင်း ဖြစ်သည်။ မည်သည့်ဌာနဆိုင်ရာ အဖွဲ့အစည်းကမှ တိုက်ရိုက်ခေါ်ယူပြီး မဖြစ်မနေ တာဝန်ထမ်းဆောင်ရမည်ဟု ခေါ်ယူခန့်ထားခြင်း မရှိပါ။ မိမိတို့ဆန္ဒအရ နိုင်ငံ့ဝန်ထမ်းအလုပ်ကို လုပ်ကိုင်ကြသူများဖြစ်သည့်အတွက် မည်သို့သော အကြောင်းကြောင်းကြောင့် ဝင်ရောက်လုပ်ကိုင်သည်ဖြစ်စေ စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြမည်ဟု ကတိကဝတ်ပြုခဲ့ကြသူများ ဖြစ်ကြသည်။ ထိုနည်းတူ ဝန်ထမ်းမှုဆိုင်ရာ အခွင့်အရေးများကိုလည်း ရယူခံစားကြသူများလည်း ဖြစ်ကြသည်။ နိုင်ငံ့ဝန်ထမ်း ရွေးချယ်ခံနိုင်ရေး စတင်လျှောက်ထားစဉ်ကတည်းက တည်ဆဲအစိုးရအတွက်၊ ပါတီအတွက်သာ ဦးတည်ပြီး အလုပ်လုပ်မည်ဟု မည်သူကမှ စိတ်ကူးမရှိကြသည်မှာ သေချာပါသည်။ မိမိဘဝအတွက် တစ်စုံတစ်ခုသော အာမခံချက်ရှိရေးကိုသာ ဦးတည်၍ ဝန်ထမ်းအလုပ်ကို ရွေးချယ်ကြသူ အများစုရှိကြပါသည်။ အချို့ကလည်း ဂုဏ်သိက္ခာရှိခြင်း၊ ပုံမှန်ဝင်ငွေရရှိခြင်း၊ ပညာ ဆက်လက် ဆည်းပူးသင်ယူခွင့်ရှိခြင်း၊ နေအိမ်ခန်းရရှိခြင်း၊ အလုပ်အာမခံချက်ရှိခြင်း၊ ဣန္ဒြေရခြင်း၊ ဘဝနေဝင်ချိန်တွင် ပင်စင်လစာ ခံစားခွင့်ရရှိခြင်း ဆိုသည်တို့ကို လိုလားနှစ်သက်၍ နိုင်ငံ့ဝန်ထမ်းအလုပ်ကို ရွေးချယ်ခဲ့ကြခြင်း ဖြစ်ပါသည်။

## ထိုက်တန်သော ခံစားခွင့်များ

မည်သို့သော ခံယူချက်အမျိုးမျိုးဖြင့် နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာစေကာမူ နိုင်ငံ့ဝန်ထမ်းတစ်ဦး ဖြစ်လာသည့်အခါ ဆိုင်ရာဌာနဆိုင်ရာအလိုက် လုပ်ငန်းတာဝန်များကို ထမ်းဆောင်ကြရပြီး နိုင်ငံတော်နှင့် ပြည်သူတို့၏ အကျိုးစီးပွားအတွက် မိမိတို့၏လုပ်ငန်းတာဝန်များကို ကျေပွန်အောင် ဆောင်ရွက်ကြရပါသည်။ သို့မှသာ နိုင်ငံ့ဝန်ထမ်းကောင်းတစ်ဦးအဖြစ် ရပ်တည်နိုင်မည် ဖြစ်ပါသည်။ မိမိတို့လုပ်ငန်းတာဝန်ကို တည်ဆဲဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်းများနှင့်အညီ တာဝန်ကျေပွန်အောင် ထမ်းဆောင်ခြင်းကြောင့် ထိုက်တန်သော ခံစားခွင့်များ ရရှိသကဲ့သို့ နိုင်ငံတော်အတွက်လည်း ပြန်လည်ကျေးဇူးဆပ်ရာ ရောက်စေပါသည်။

မိမိတို့လုပ်ငန်းတာဝန်များကို ကျေပွန်စွာထမ်းဆောင်နေကြသည့်ဝန်ထမ်းများသည် ဂုဏ်သိက္ခာရှိကြသူများ ဖြစ်သည်။ မည်သို့သော အကြောင်းအမျိုးမျိုးပြစေကာမူ လုပ်ငန်းတာဝန်ကို ကျေပွန်အောင် ထမ်းဆောင်ခြင်း မပြုကြသူများ၊ ပါတီစွဲ၊ လူပုဂ္ဂိုလ်စွဲ၍ တာဝန်ထမ်းဆောင်ကြမည်ဆိုသည့် သူများသည် နိုင်ငံ့ဝန်ထမ်းတစ်ဦး လိုက်နာစောင့်ထိန်းအပ်သော နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဖောက်ဖျက်နေကြသူများသာ ဖြစ်သည်။ **နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဘယ်သူ့ကြောင့်၊ ဘယ်စနစ်ကြောင့်၊ ဘယ်မူဝါဒကြောင့် ဆိုသောဆင်ခြေများ ပေးချင်ရာပေးပြီး ဖောက်ဖျက်ခွင့် လုံးဝမရှိပါ။ ထိုသို့ ဖောက်ဖျက်သောသူများသည် နိုင်ငံတော်ကို ကျေးဇူးပြုမည့်သူများ မဟုတ်ပေ။ တစ်ဦးချင်းရပိုင်ခွင့်ရှိသော ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များကို တောင်းဆိုပိုင်ခွင့် ရှိသော်လည်း နိုင်ငံ့ဝန်ထမ်းများသည် ပါတီစွဲ၊ မူဝါဒစွဲ၊ လူပုဂ္ဂိုလ်စွဲပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ပျက်ကွက်ခွင့်မရှိသည်ကို သတိချပ်စေလိုပါသည်။**

## ဆန်းစစ်ဝေဖန် ပိုင်းခြားကြည့်လျှင်

မြန်မာနိုင်ငံ၏ ပထဝီနိုင်ငံရေး မဟာဗျူဟာအရ အရေးပါမှုကို ခြယ်လှယ်ထိန်းချုပ် အမြတ်ထုတ်လိုသော အင်အားကြီးနိုင်ငံအချို့သည် ယင်းတို့၏ ကိုယ်ကျိုးစီးပွားကို ဦးတည်ပြီး မိမိတို့နိုင်ငံ၏ အချုပ်အခြာအာဏာကို ထိန်းချုပ်လိုကြသည်။ ယင်းတို့အလိုကျ ပုံဖော်လိုကြသည်။ ဘက်ပေါင်းစုံ အဖျက်အမှောင့်လုပ်ငန်းများ ဆောင်ရွက်ကြပြီး နိုင်ငံပြိုလဲအောင် သွေးထိုးလှုံ့ဆော်ကြသည်။ အဆိုပါ နိုင်ငံကြီးအချို့သည် သူတို့အလိုကျ ဆောင်ရွက်ခြင်းမရှိသော အစိုးရ တစ်ရပ်ရပ်ကို နည်းမျိုးစုံသုံးပြီး အခက်အခဲ အကျပ်အတည်း ဖြစ်အောင် ကြံဆောင်ကြသည်။ သူတို့အလိုကျ ဆောင်ရွက်မည့် ရုပ်သေးအစိုးရတစ်ရပ် ဖြစ်စေရန်သာ ဦးတည်ဆောင်ရွက်ကြသည်။ ထိုသို့ ဆောင်ရွက်ရာတွင် လူ့အခွင့်အရေး တန်းတူညီမျှရှိရေး၊ ဒီမိုကရေစီပန်းတိုင်ဆီသို့ စသည်ဖြင့် လိုရာခေါင်းစီးတပ်ပြီး ငွေအား၊ မီဒီယာအား နည်းမျိုးစုံသုံးပြီး ပုံဖော်ကြသည်။ မည်သို့ပင် ပုံဖော်စေကာမူ အဓိကလိုရင်းမှာ ယင်းနိုင်ငံကြီးအချို့၏ ကိုယ်ကျိုးစီးပွားအတွက်သာ ဆောင်ရွက်ကြခြင်း ဖြစ်သည်ကို ဆန်းစစ်ဝေဖန် ပိုင်းခြားကြည့်လျှင် သိသာမြင်သာ ရှိလှပါသည်။ အင်အားကြီးနိုင်ငံကြီးများသည် သူတို့နိုင်ငံ၏ ကိုယ်ကျိုးစီးပွားမပါဘဲ မည်သည့်နိုင်ငံငယ်များအပေါ်မျှ မှန်ကန်သော စေတနာထားကြမည် မဟုတ်သည်မှာ အသေအချာပင် ဖြစ်သည်။

မည်သည့်အစိုးရမဆို နိုင်ငံတော်၏ အကျိုးစီးပွားကိုသာ ဦးတည်ဆောင်ရွက်ကြရသည်။ ထိုနည်းတူ နိုင်ငံ့ဝန်ထမ်းများသည်လည်း နိုင်ငံနှင့်ပြည်သူများ၏ အကျိုးစီးပွားကိုသာ ဆောင်ရွက်ကြရသူများ ဖြစ်သည်။ သတ်မှတ်ပြဋ္ဌာန်းထားသော တည်ဆဲဥပဒေများအားလုံးသည်လည်း နိုင်ငံနှင့် ပြည်သူများအတွက်သာ ရည်ရွယ်ရေးဆွဲအတည်ပြုထားခြင်းဖြစ်သည်။ ထို့ကြောင့် ဥပဒေနှင့်မညီသော ဆောင်ရွက်ချက်များ၊ လုပ်ပိုင်ခွင့်ကို အလွဲသုံး၍ ဥပဒေနှင့်မညီသော ကိုယ်ကျိုးစီးပွား ဆောင်ရွက်ကြသူများသည် ဥပဒေအရ အရေးယူခြင်းကို ခံကြရမည် ဖြစ်သည်။ အရေးယူခြင်းခံကြရသည့် ဖြစ်စဉ် များစွာရှိပြီးဖြစ်သည်ကိုလည်း သိရှိကြပြီး ဖြစ်ပါသည်။

ဥပဒေဘောင်အတွင်း နေထိုင်ကြခြင်းသည် ဘေးရန်ကင်းကွာ စိတ်ချမ်းသာရမည် ဖြစ်ပါကြောင်းနှင့် ဥပဒေ၏ အကာအကွယ်အောက်တွင် နိုင်ငံနှင့်ပြည်သူများအကျိုးကို သယ်ပိုးရင်း တာဝန်ကျေပွန်သော ဝန်ထမ်းကောင်းများအဖြစ် ဂုဏ်သိက္ခာရှိစွာ ရပ်တည်သွားကြစေလိုကြောင်း နိုင်ငံသားတစ်ဦးအနေဖြင့် မိမိဆန္ဒအမှန်ကို ဖော်ပြအပ်ပါသည်။ ။

**“ဝန်ထမ်းအားလုံးသည် မိမိတို့ဆန္ဒနှင့်အညီ ရွေးချယ်ပြီး နိုင်ငံ့ဝန်ထမ်းအလုပ်ကို လုပ်ဆောင်ကြခြင်းဖြစ်သည်။ မည်သည့်ဌာနဆိုင်ရာ အဖွဲ့အစည်းကမှ တိုက်ရိုက်ခေါ်ယူပြီး မဖြစ်မနေ တာဝန်ထမ်းဆောင်ရမည်ဟု ခေါ်ယူခန့်ထားခြင်း မရှိပါ။ မိမိတို့ဆန္ဒအရ နိုင်ငံ့ဝန်ထမ်း အလုပ်ကိုလုပ်ကိုင်ကြသူများ ဖြစ်သည့်အတွက် မည်သို့သော အကြောင်းကြောင်းကြောင့် ဝင်ရောက်လုပ်ကိုင်သည်ဖြစ်စေ စတင်တာဝန်ထမ်းဆောင်စဉ်ကတည်းက ဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများကို လိုက်နာကြမည်ဟု ကတိကဝတ်ပြုခဲ့ကြသူများ ဖြစ်ကြသည်။ ထိုနည်းတူ ဝန်ထမ်းမှုဆိုင်ရာ အခွင့်အရေးများကိုလည်း ရယူခံစားကြသူများလည်း ဖြစ်ကြသည်။ နိုင်ငံ့ဝန်ထမ်း ရွေးချယ်ခံနိုင်ရေး စတင်လျှောက်ထားစဉ်ကတည်းက တည်ဆဲအစိုးရအတွက်၊ ပါတီအတွက်သာ ဦးတည်ပြီး အလုပ်လုပ်မည်ဟု မည်သူကမှ စိတ်ကူးမရှိကြသည်မှာ သေချာပါသည်”**

**“နိုင်ငံတော်၏ ကျေးဇူးသစ္စာကို ဘယ်သူ့ကြောင့်၊ ဘယ်စနစ်ကြောင့်၊ ဘယ်မူဝါဒကြောင့် ဆိုသော ဆင်ခြေများ ပေးချင်ရာပေးပြီး ဖောက်ဖျက်ခွင့် လုံးဝမရှိပါ။ ထိုသို့ ဖောက်ဖျက်သောသူများသည် နိုင်ငံတော်ကို ကျေးဇူးပြုမည့်သူများ မဟုတ်ပေ။ တစ်ဦးချင်းရပိုင်ခွင့်ရှိသော ဝန်ထမ်းမှုဆိုင်ရာ ခံစားခွင့်များကို တောင်းဆိုပိုင်ခွင့် ရှိသော်လည်း နိုင်ငံ့ဝန်ထမ်းများသည် ပါတီစွဲ၊ မူဝါဒစွဲ၊ လူပုဂ္ဂိုလ်စွဲပြီး မိမိတို့၏ လုပ်ငန်းတာဝန်များကို ပျက်ကွက်ခွင့် မရှိသည်ကို သတိချပ်စေလိုပါသည်”**

# အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲအောင်မြင်ပြီးမြောက်ခြင်း အခမ်းအနားကျင်းပ

**ဘားအံ ဖေဖော်ဝါရီ ၂၄**

ကရင်ပြည်နယ် ဘားအံမြို့ သေဋ္ဌမာရ်အောင်ဘုရားကြီးတွင် အသံမစဲ ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ခြင်း အထိမ်းအမှတ်အခမ်းအနားကို ယမန်နေ့ကကျင်းပရာ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဦးစောမြင့်ဦးနှင့် အဖွဲ့ဝင်များ တက်ရောက်ကြသည်။

**နာယူကြည်ညို**

အခမ်းအနားတွင် တက်ရောက်တော်မူလာကြသော ဆရာတော်ကြီးများ၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ ရပ်မိရပ်ဖများ၊ ဂေါပကအဖွဲ့များက နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့၍ ဖွင့်လှစ်ပြီး အမိတာရာမရဲကျောင်းတိုက် ဆရာတော် ဂန္ထဝါစကပဏ္ဍိတ ဘဒ္ဒန္တဂုဏာလင်္ကာရထံမှ ငါးပါးသီလခံယူဆောက်တည်ကာ ဆရာတော်၊ သံဃာတော်များထံမှ မေတ္တာသုတ်ပရိတ်တရားတော်များ နာယူကြည်ညိုကြသည်။

**နေ့ဆွမ်းဆက်ကပ်**

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များက ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး(ယာပုံ) အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်မြင်ပြီးမြောက်အောင် ကူညီဆောင်ရွက်ပေးသူများအား ဂုဏ်ပြုမှတ်တမ်းလွှာများပေးအပ်၍ သေဋ္ဌမာရ်အောင်ဘုရားကြီး ပိဋကတ်တိုက်အတွင်း သံဃာတော် အရှင်သူမြတ်များအား နေ့ဆွမ်းဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



# ရှမ်းပြည်နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်း

**တောင်ကြီး ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ် တည်ဆောက်ရေးလုပ်ငန်း စိစစ်ရေးကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှု ရှင်းလင်းတင်ပြချက်နှင့် လမ်းဦးစီးဌာန၏ လုပ်ငန်းဆောင်ရွက်မှု တင်ပြခြင်းကို ယမန်နေ့က တောင်ကြီးမြို့ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီရုံး၌ ကျင်းပသည်။ **(ယာပုံ)**



**တိုက်တွန်းပြောကြား**

ပြည်နယ် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဒေါက်တာကျော်ထွန်းက ရှမ်းပြည်နယ်သည် နယ်မြေဒေသ ကျယ်ဝန်းကြီးမားသည့်အတွက် တည်ဆောက်ရေး လုပ်ငန်းများကို စိစစ်ရာတွင် လျင်မြန် လွယ်ကူနိုင်စေရေး အတွက် ယခင်ကာလက ရှမ်းပြည်နယ် တောင်ပိုင်း၊ မြောက်ပိုင်း၊ အရှေ့ပိုင်း တည်ဆောက်ရေး လုပ်ငန်း စိစစ်ရေးကော်မတီများကို ပြည်နယ်ဝန်ကြီးများက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ဆောင်ရွက်ကြောင်း၊ ထိုသို့ပြန်လည်ဖွဲ့စည်းရာတွင် သက်ဆိုင်ရာ လမ်းဦးစီးဌာန၏ ညွှန်ကြားရေးမှူး(မြို့ပြ)များကို ဥက္ကဋ္ဌအဖြစ် ခန့်အပ်ပြီး ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာန၊ စီမံကိန်းရေးဆွဲရေး ဦးစီးဌာန၊ ဆည်မြောင်းနှင့် ရေအသုံးချမှု စီမံခန့်ခွဲရေး ဦးစီးဌာန၊ ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ စည်ပင်သာယာရေးဌာန၊ လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းတို့မှ သက်ဆိုင်ရာ ပြည်နယ်အဆင့် ဌာနဆိုင်ရာ တာဝန်ရှိသူများကို အဖွဲ့ဝင်အဖြစ်လည်းကောင်း၊ သက်ဆိုင်ရာ လမ်းဦးစီးဌာန၏ ဒုတိယညွှန်ကြားရေးမှူး (မြို့ပြ)များကို အတွင်းရေးမှူးများအဖြစ်လည်းကောင်း အသစ်ပြန်လည် ဖွဲ့စည်းပေးခြင်းဖြစ်ကြောင်း၊ ယခုအသစ်ဖွဲ့စည်းပေးထားသည့် တည်ဆောက်ရေး လုပ်ငန်း စိစစ်ရေးကော်မတီများ အနေဖြင့် ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် ရှမ်းပြည်နယ်အတွင်း ပြည်နယ်ငွေလုံး၊ ငွေရင်း ခွင့်ပြုရန်ပုံငွေဖြင့် လုပ်ငန်းများဆောင်ရွက်ရာတွင် ဥပဒေ၊ စည်းမျဉ်းစည်းကမ်း လုပ်ထုံးလုပ်နည်းများနှင့် ညီညွတ်စေရေး၊ အရည်အသွေးနှင့် စံချိန်စံညွှန်း ပြည့်မီစေရေး၊ အလေအလွင့်နှင့် မသမာမှုများ ကင်းရှင်းရေး၊ စနစ်တကျ စီမံခန့်ခွဲ အသုံးပြုနိုင်ရေးတို့အတွက် အလေးထား ဆောင်ရွက်ပေးကြရန် တိုက်တွန်းပြောကြားသည်။

**ဆွေးနွေးတင်ပြ**

ဆက်လက်၍ ပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်(၁) ဗိုလ်မှူးကြီးလှဦးက လုပ်ငန်းများဆောင်ရွက်ရာတွင် ကြန့်ကြာမှု မရှိစေရေးနှင့် မြန်မြန်ဆန်ဆန် ဆောင်ရွက်ပေးကြရန်၊ သက်ဆိုင်ရာဌာနဆိုင်ရာကော်မတီအဖွဲ့များကလည်း ပူးပေါင်းဆောင်ရွက်ပေးကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် ရှမ်းပြည်နယ် (တောင်ပိုင်း) တည်ဆောက်ရေး လုပ်ငန်း စိစစ်ရေးကော်မတီဥက္ကဋ္ဌ၊ လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး (မြို့ပြ) ဦးသူရဇော်က စိစစ်ရေး လုပ်ငန်းများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကာ တက်ရောက်လာကြသည့် သက်ဆိုင်ရာဌာနများမှ သိရှိလိုသည်များ ဆွေးနွေးတင်ပြသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးဝန်ထမ်းများနှင့် ဟားခါးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဝန်ထမ်းများအား စားသောက်ကုန်များထောက်ပံ့

**ဟားခါး ဖေဖော်ဝါရီ ၂၄**

ချင်းပြည်နယ် စီမံအုပ်ချုပ်ရေးကောင်စီနှင့် စစ်ဗျူဟာအခြေချ(ဟားခါး)မှ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးဝန်ထမ်းများနှင့် ဟားခါးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဝန်ထမ်းများအား အခြေခံစားသောက်ကုန်များ ထောက်ပံ့ခြင်းအခမ်းအနားကို ယမန်နေ့က ဟားခါးမြို့ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ထို့နောက် ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ ဦးငွန်ဆန်းအောင်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး ဗိုလ်မှူးချုပ် မျိုးထွဋ်လှိုင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်မှူးကြီး ဟန်ဝင်းအောင်၊ ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးဟန်ကျင့်ဇမ်း၊ ပြည်နယ်စီမံအုပ်ချုပ်ရေး ကောင်စီအတွင်းရေးမှူး ဦးတိုးဝင်းနှင့် စစ်ဗျူဟာအခြေချ(ဟားခါး)မှ စစ်ဗျူဟာမှူး ဗိုလ်မှူးကြီး သန့်ဇင်ဦးတို့က အခြေခံစားသောက်ကုန်များ ထောက်ပံ့ပေးအပ်ရာ သက်ဆိုင်ရာဝန်ထမ်းများက လက်ခံယူသည်။ **(အောက်ပုံ)**

**ထောက်ပံ့ပေး**

ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီရုံးဝန်ထမ်းများနှင့် ဟားခါးခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှ ဝန်ထမ်းများအား တစ်ဦးလျှင် ဆန်ရှစ်ပြည် ၊ ဆီ ၅၀ ကျပ်သား၊ ကြက်သွန်နီ တစ်ပိဿာကို ပြည်နယ်စီမံအုပ်ချုပ်ရေးကောင်စီကလည်းကောင်း၊ ဝန်ထမ်းတစ်ဦးလျှင် ကြက်ဥ ငါးလုံး၊ ရွှေဖီဦးလက်ဖက်ရည် ၁၅ ထုပ်ကို စစ်ဗျူဟာအခြေချ(ဟားခါး)က လည်းကောင်း၊ ပြည်နယ်စီမံ အုပ်ချုပ်ရေးကောင်စီရုံးဝန်ထမ်း ၁၇၀၊ ခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့မှဝန်ထမ်း ၃၃ ဦးနှင့် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့မှဝန်ထမ်း ၃၁ ဦး အတွက် ထောက်ပံ့ပေးကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




# မောင်တောမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများတွေ့ဆုံမိတ်ဆက်

**မောင်တော ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် မောင်တောမြို့၌ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်များနှင့် ခရိုင်အဆင့် ဌာနဆိုင်ရာများ တွေ့ဆုံ မိတ်ဆက်ပွဲအခမ်းအနား ပြုလုပ်ခြင်းကို ဖေဖော်ဝါရီ ၂၂ ရက်က ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန အစည်းအဝေးခန်းမ၌ ပြုလုပ်သည်။

အခမ်းအနားတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုးအောင်က အမှာစကားပြောကြားပြီး ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင် ဒုတိယဗိုလ်မှူးကြီး ကျော်သူဝင်းနှင့်အဖွဲ့ဝင်များက မိတ်ဆက်စကားပြောကြားသည်။ ဆက်လက်၍ ခရိုင်အဆင့်ဌာနဆိုင်ရာများက မိတ်ဆက်စကားပြောကြားကာ လိုအပ်ချက်များကို တင်ပြကြသည်။ **သက်လွင်စိုး (ပြန်/ဆက်)**

**သက်ရှိကမ္ဘာ ရှင်သန်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

# မင်းဘူးမြို့ ရှင်မင်းဘူးစေတီတော်မြတ်ကြီးအား ဘုရားဖူးပြည်သူများ ဖူးမြော်ကြည်ညိုရန် ဖွင့်လှစ်ထား

**မင်းဘူး ဖေဖော်ဝါရီ ၂၄**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့ အမှတ်(၄) နယ်မြေတွင် တည်ရှိသော ရှင်မင်းဘူးစေတီတော်မြတ်ကြီးသည် မင်းဘူး(စကု) မြို့နယ်ရှိ သမိုင်းဝင် တန်ခိုးကြီးဘုရားများတွင် တစ်ဆူအပါအဝင်ဖြစ်ပြီး စေတီတော်မြတ်ကြီးကို ဖေဖော်ဝါရီ ၈ ရက်မှ စတင်ကာ အနယ်နယ်အရပ်ရပ်က ဘုရားဖူးလာပြည်သူများ လာရောက်ဖူးမြော်ကြည်ညိုနိုင်ကြောင်း ရှင်မင်းဘူး ဂေါပကအဖွဲ့ အတွင်းရေးမှူး ဦးကျော်ဝင်းထံမှ သိရသည်။

ပုဂံမင်းဆက် ၅၅ ဆက်ရှိသည့်အနက် ၃၆ ဆက်မြောက်မင်းဖြစ်သော စလေငခွေး ဘုရင်မဖြစ်မီကာလက ယခုမင်းဘူးမြို့သည် ဟိုယခင်က ဇေယျာလှဆိုသော ရွာကြီးဖြစ်သည်။ ဇေယျာလှရွာသူ မမင်းပူးဆိုသူ အမျိုးသမီးသည် ဗေဒင်လက္ခဏာ တတ်ကျွမ်းသူဖြစ်၍ စလေငခွေးမှာကား လှေထိုးသားဘဝနှင့် အောက်ပြည်အောက်ရွာကို ရောက်ရှိလာပြီး ဇေယျာလှရွာသို့ အရောက်တွင် မယ်မင်းပူးထံ ဗေဒင်လက္ခဏာ မေးကြည့်ရာ လာဘ်ဦးကိုပယ်လျှင် ရှင်ဘုရင်ဖြစ်လိမ့်မည်ဟု ဟောကြားခဲ့သည်။

စလေငခွေးကလည်း ကျွန်ုပ် ရှင်ဘုရင်ဖြစ်လျှင် အသင့်ကို မိဖုရားကြီး မြှောက်ပါမည်ဟု ကတိပေးခဲ့ပြီးနောက် လှေကိုဆန်တက်သွားသောအခါ စလေမြို့ ရေကိုးမှော်အရောက် လှေထိုးဝါးတွင် ရွှေလင်ပန်း ခုနစ်ချပ်ကပ်ငြိပါလာရာ မယူဘဲ လာဘ်ဦးကို ပယ်ခဲ့သည်။ ထိုအချိန်က ပုဂံပြည်တွင် မင်းဆက်ပြတ်သော အချိန်ဖြစ်၍ မင်းလောင်းရှာနေချိန် စလေငခွေး ရောက်ရှိသွားပြီး သက္ကရာဇ် (၂၃၈) ခုနှစ်တွင် ပုဂံမင်းဆက် ၃၆ ဆက်မြောက် ဘုရင်ဖြစ်၍ ထီးနန်းတက်ခဲ့သည်။

စလေငခွေးဘုရင် ဖြစ်လာသောအခါ ကတိပြုခဲ့သော ဇေယျာလှရွာသူ မယ်မင်းပူးအား မိဖုရားကြီးမြှောက်ပြီး ပုဂံပြည်သို့ ခေါ်ဆောင်ရာ မိဖုရားကြီးမယ်မင်းပူးက ပုဂံပြည်သို့ မလိုက်မီ မိမိဇာတိရပ်ရွာတွင် ဘုရားတစ်ဆူ တည်ခွင့်တောင်း၍ ရွှေလှည်း ကိုးစီး၊ ငွေလှည်း ကိုးစီး ဌာပနာ၍ ဘုရားတစ်ဆူ တည်ခဲ့သည်။ မယ်မင်းပူးတည်ခဲ့သော ဘုရားဖြစ်ခြင်းကြောင့် မယ်မင်းပူးဘုရားရယ်လို့ လူသိများခဲ့ရာမှ ကာလရွေ့လျောလာတဲ့အခါ မမင်းဘူးဘုရားဖြစ်၍ ယခုအခါ ရှင်မင်းဘူးစေတီတော် မြတ်ကြီးရယ်လို့ မင်းဘူးမြို့ရဲ့ အခြားအထင်ကရ ဘုရားများနည်းတူ တန်ခိုးကြီး စေတီတစ်ဆူ ဖြစ်ခဲ့သည်။



ရှင်မင်းဘူး စေတီတော်မြတ်ကြီးကို သက္ကရာဇ် (၁၉၉၄) ခုနှစ်တွင် ယခုလက်ရှိ ကျောင်းထိုင်ဆရာတော် ဦးဇဝနရောက်ရှိသီတင်းသုံးပြီး ပျက်စီးနေသော တံတိုင်းများ ပြုပြင်ပြီး မုခ်ဦးများပြုပြင် ဆောက်လုပ်ရာတွင် အထက်မင်းလှမြို့ ဓမ္မိကတောရစာသင်တိုက် မြကင်းတောင် ဆရာတော်ကြီး ဦးသာသန ဦးစီးနာယကပြု၍ ဆရာတော် ဦးဝါယမ လမ်းညွှန်ကာ မင်းဘူးမြို့ ဟီးရိုး လျှပ်စစ်ပစ္စည်း အရောင်းဆိုင်မှ ဦးကျော်လွင်-ဒေါ်ပေါက် မိသားစု မတည်ငွေနှင့် အများ ကောင်းမှု လှူဒါန်းငွေများဖြင့် အသစ် ပြုပြင်ပြီး ရွှေသင်္ကန်းများ ဆက်ကပ်၍ ရွှေထီးတော်ကြီးအား တင်လှူပူဇော်ခဲ့သည်။ ယခုအခါ ရှင်မင်းဘူးစေတီတော်မြတ်ကြီးကို နိုင်ငံတကာမှ ဘုရားဖူး ဧည့်သည်များအနေဖြင့် မြန်မာ နိုင်ငံအတွင်းရှိ အခြား တန်ခိုးကြီး ဘုရားများ နည်းတူ ဖူးမြော်နိုင်ရန် ပြန်လည် ပြုပြင် မွမ်းမံကာ ဖွင့်လှစ်ထားရှိနေပြီဖြစ်၍ လာရောက်ဖူးမြော် ကြည်ညိုနိုင် ကြစေကြောင်း ဖိတ်ခေါ်လိုက် ရပါတော့သည်။

**ဇေယျာထက်**
**(မင်းဘူး)**

## ထန်းဖိုဦးထန်းလျက်အသစ်များ ဈေးကောင်းရရှိလာသောကြောင့် ထန်းတောင်သူတို့ဝင်ငွေရရှိ

မြန်မာ့စီးပွားရေးထန်းလုပ်ငန်းသည် ထန်းဖိုဦးရာသီ၊ အလယ်သီးရာသီ၊ ထန်းမရာသီဟူ၍ ရာသီချိန်သုံးမျိုး ရှိသည်။

ထန်းဖိုဦးရာသီကို ပြာသိုလတွင် ထန်းစပြင်သည်။ ထန်းဖိုဦးရာသီသည် ပြာသို၊ တပို့တွဲ၊ တပေါင်းဖြစ်သည်။ တပေါင်း၊ တန်ခူးလသည် အလယ်သီးရာသီဖြစ်သည်။ ကဆုန်လ၊ နယုန်လတို့သည် ထန်းမ ရာသီဖြစ်သည်။

**ထန်းဖိုဦး ရာသီ**

ထန်းဖိုဦး ရာသီချိန်တွင် ပြာသိုလ၊ တပို့တွဲလတို့တွင် ထန်းပင်အရိုင်းများကို ဓားခုတ်မဖြင့် ထန်းလက် အခြောက်များကို ခုတ်ခြင်း၊ ထန်းနို့၊ ထန်းပုန်းခွင်များ ထန်းကိုင်ချောင်း အခြောက်များ၊ ထန်းရွက်၊ ထန်းလက်များ၊ ထန်းစစ်များကိုထန်းတက်သမားက ခြေထောက်ဖြင့် ကန်ချခြင်း၊ မလိုအပ်သည်များကို ထန်းပြင်သုံး ဓားခုတ်မဖြင့် ဖယ်ထုတ်ရှင်းလင်းခြင်း၊ အသစ်ထွက်လာသော ထန်းနို့ချောင်းကို ဖော်ယူခြင်း၊ ယင်းထန်းနို့အချောင်းများကို ထန်းဖူးလျှော်ဖြင့် စုစည်းချည်ထားခြင်း၊ တစ်လွှာချင်း ထန်းလှီးဓားဖြင့် ဖော်ယူကာ လက်ဝါးလက်ချောင်းကဲ့သို့ ထန်းနို့များကို ထန်းဖူးလျှော်ဖြင့် စုစည်းကာ ထန်းနို့ချောင်းကို ထန်းလှီးဓား ထက်ထက်ဖြင့် ထန်းပုံးခွင်များ ဖယ်ကာ ထန်းစများ ဖော်ခြင်း၊ ထန်းစချောင်းထိပ်ကို ထန်းလှီးဓား၊ ဓားပွင့်တို့ဖြင့် ခပ်ပါးပါးလှီးထားခြင်းလုပ်ငန်းကို ထန်းဖိုဦးရာသီ ထန်းဖိုထန်းပြင်ခြင်းဟု ခေါ်သည်။

ထန်းရည်ချိုခံယူရန် မြူအိုးဖြင့် ချိတ်ဆွဲထားခြင်ကိုကား ထွက်ရှိလာသည့် ထန်းစများအလိုက် ထန်းတစ်ပင်ကို မြူအိုးသုံးလုံးမှ လေးလုံး၊ ငါးလုံး အိုး တပ်ရသည်ကို အိုးတင်ခြင်းဟု ခေါ်



ကြောင်း ဝါရင့်ထန်းတက်သမားတို့ ထံမှ လေ့လာမှတ်သားရသည်။

ထန်းဖိုဦးရာသီချိန်တွင် ထန်းပင်ပေါ်တွင် မြူအိုးဖြင့် ခံယူထားရာမှ ယိုထွက်လာသော ထန်းရည်ချိုကို ကျိုချက်ရာမှ ထွက်လာသော ထန်းလျက်ကို ထန်းဖိုဦး ထန်းလျက်ဟု ခေါ်သည်။

**ထန်းလျက်အသစ်များ စတင်ပေါ်**

ယခုအခါ မကွေး၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်မြို့နယ်တို့တွင် ထန်းဖိုထန်းလျက်အသစ်များ စတင်ပေါ်စပြုနေပြီဖြစ်ရာ ထန်းလျက်သစ် တစ်ပိဿာ ယခင် ငွေကျပ် ၁၈၀၀ မှ ယခုအခါ ငွေကျပ် ၂၀၀၀ မှ ၂၂၀၀ ကျပ်အထိ ထန်းတောတိုက်က ထန်းလျက် ဈေးဖြစ်ရာ ထန်းလျက်ဈေးကောင်းဖြင့် ရောင်းချရသောကြောင့် ထန်းတက်သမားတို့ ဝင်ငွေကောင်း လျက်ရှိကြောင်း ဈေးကွက်ခိုင်မာနေကြောင်း မကွေးမြို့နယ် ကြာကန်၊ နတ်မောက်မြို့နယ် တမလန်းပင်၊ ညောင်ကြပ်ပင်ကျေးရွာမှ ဒေသခံ ဝါရင့်ထန်းတက်သမားတို့ထံမှ သိရသည်။

"ထန်းဖိုဦးထန်းတွေ ပြင်နေပါပြီ။ ထန်းလျက်အသစ် တစ်နေ့ ၁၀ ပိဿာလောက်တော့ ရနေပါပြီ။ တစ်နေ့ ငွေကျပ်၂၀၀၀၀ ကျော်၊ ငွေကျပ် ၃၀၀၀၀ လောက် ဝင်ငွေရနေပါပြီ။ သစ်ရာပင်က အခေါက်ကိုသာ သုံးတာ။ ရေးအစဉ်အလာပဲ သုံးတယ်။ ခုပေါ်နေတဲ့ ချွတ်ဆေးကကျန်းမာရေး ထိခိုက်စေပါတယ်။ စားသုံးသူတွေအနေနဲ့ အရောင်ဖြူ တာလှတာ မမက်ဖို့လိုပါတယ်"ဟု ထန်းသမား ကိုရွှေအေးက ပြောသည်။

"ထန်းရည် အခါးရည်လောင်းရောင်းချ လိုသူတွေက ထန်းရည်ချိုစိမ်းကို တစ်မြူ ငွေကျပ် ၁၀၀၀ စသည်ဖြင့် ဝယ်ကြတယ်။ တချို့ကလည်း ထန်းရည်ချိုကို သောက်ချင်လို့ ဈေးကောင်း ပေးဝယ်သောက် ကြပါတယ်"ဟု မကွေး မြို့နယ် ကြာကန်ရွာမှ ထန်းတက်သမားကြီးတစ်ဦးက ပြောသည်။

မိုးရွာသွန်းမှုနည်းပါးခြင်း၊ မိုးကောင်းခြင်းအပေါ် မူတည်၍ ထန်းဖိုပင်မှ ထန်းချောင်းထွက်ရှိမှု အနေးအမြန်ရှိကြောင်း ကျောက်ပန်းတောင်းမှ ဝါရင့်ထန်းသမားများ၏ ပြောပြချက်အရလည်း သိရသည်။

မကွေးတိုင်းဒေသကြီး မကွေး၊ နတ်မောက်၊ ရေနံချောင်း၊ ချောက်မြို့နယ်တို့တွင်လည်းကောင်း၊ မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၊ ကျောက်ပန်းတောင်းမြို့နယ်တို့တွင် လည်းကောင်း ထန်းဖိုဦး ထန်းပြင်ခြင်းလုပ်ငန်း၊ ထန်းတက်ခြင်း၊ ထန်းလှီးခြင်းလုပ်ငန်းများ စတင်လုပ်ကိုင်နေပြီ ဖြစ်ကြောင်း သိရသည်။

မကွေးတိုင်းဒေသကြီးတွင် ထန်းစိုက် ဧက နှစ်သောင်း ကျော် သုံးသောင်းနီးပါးရှိသည်ဟု တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။ နှစ်စဉ် ထန်းလျက် ပိဿာချိန် သိန်းပေါင်း ၅၅၀၀ ကျော်ခန့် ထွက်ရှိသည်ဟု စာရင်းမှတ်တမ်းအရ သိရသည်။

**ဝင်းမောင်(မကွေး)**

## ဇေယျာသီရိမြို့နယ်၌ ကန်ထရိုက်လယ်ယာစနစ်ဖြင့် မိုးစပါးများ စိုက်ပျိုးထုတ်လုပ်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇေယျာသီရိမြို့နယ် အိုင်စောက်စိုက်ပျိုးရေးနှင့် အထွေထွေ သမဝါယမအသင်းရှိ အသင်းသားပိုင် လယ်ယာမြေ ၆၆ ဧကပေါ်တွင် ယခုနှစ် မိုးရာသီတွင် အသင်းနှင့် အသင်းသားစာချုပ်ချုပ်ဆို၍ Contract Farming စနစ်ဖြင့် မနောသုခ စပါးမျိုးများကို စိုက်ပျိုးထုတ်လုပ်လျက်ရှိသည်။

ထိုသို့ စိုက်ပျိုးလျက်ရှိရာ ထွန်ယက်ချိန်မှ ရိတ်သိမ်းချိန်အထိ လိုအပ်သော စိုက်ပျိုးစရိတ်ပေါ် အခြေခံ၍ အသင်းသားတစ်ဦးလျှင် တစ်ဧကပံ့ပိုး ငွေကျပ် ၂၂၀၀၀၀ နှုန်းကို ငွေကြိုတင် ထုတ်ချေးပေးခဲ့ပြီး သီးနှံပေါ်ချိန်တွင် ရယူထားသော ချေးငွေအတွက် စပါး ဈေးတင်း ၁၀၀ လျှင် ငွေကျပ် ၅၅၀၀၀၀ နှုန်းဖြင့် ထုတ်ချေးငွေနှင့် ညီမျှသောစပါးကို စာချုပ်ပါ သတ်မှတ်နှုန်းဖြင့် အသင်းက ရယူသည့်စနစ်ဖြင့် ဆောင်ရွက်ကြောင်း သိရသည်။

ယင်းသို့ ဆောင်ရွက်ခြင်းဖြင့် ဒေသအလိုက် ကာလပေါက်ဈေးဖြင့် သေချာသော ဈေးနှုန်းကို ရရှိခံစားရပြီး အသင်းနှင့် အသင်းသားများအတွက်ပါ နှစ်ဦးနှစ်ဖက် အကျိုးရလဒ်များ ရရှိလျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## သောက်သုံးရေအခက်ကြုံနေသည့် ဘုန်းတော်ကြီးကျောင်းအတွက် ရေဂါလန် ၂၀၀၀ သွားရောက် လှူဒါန်း

**ညောင်ဦး ဖေဖော်ဝါရီ ၂၄** မန္တလေးတိုင်းဒေသကြီး ညောင်ဦး မြို့နယ် ထန်းပေါက်ရုံကျေးရွာရှိ ကျောက်တိုင် ဘုန်းတော်ကြီး ကျောင်းတွင် ကျောင်းထိုင် ဆရာတော်နှင့် ကျောင်းသား ကျောင်းသူများ သောက်သုံးရေ အခက်ကြုံတွေ့နေကြောင်း သိရ၍ ယမန်နေ့က ဖြူစင်မေတ္တာ ပရဟိတရေလှူ အသင်းနှင့် သုမင်္ဂလာ ပရဟိတ ရေလှူအသင်း တို့ ပူးပေါင်းပြီး သောက်သုံးရေ ဂါလန် ၂၀၀၀ အား သွားရောက် လှူဒါန်းသည်။

ညောင်ဦး မြို့နယ်သည် မြန်မာနိုင်ငံအလယ်ပိုင်း အပူပိုင်း ဒေသ မိုးနည်းရပ်ဝန်းတွင် တည်ရှိသည့်အတွက် နှစ်စဉ် ပွင့်လင်း ရာသီကာလများတွင် အညာ ကျေးလက်ဒေသများတွင် ဒေသခံ ပြည်သူများ သောက်သုံးရေ အခက်အခဲများ ကြုံတွေ့နေရလေ့ ရှိကာ ယခုနှစ်တွင်လည်း မိုးရွာသွန်းမှု လျော့နည်းသည့်အတွက် သောက်သုံးရေအတွက် မှီခိုအားထားရသော မြေသားရေလှောင်ကန်များတွင် ရေဝင်ရောက်မှု နည်းပြီး ဆောလျင်စွာရေခန်းခြောက်မှုများ ဖြစ်ပေါ်ကြောင်း သိရသည်။ **ရဲဝင်းနိုင်(ညောင်ဦး)**

## ပန်းနာရင်ကျပ်ရောဂါ ကာကွယ်ရေးနှိုးဆော်ချက်

ပန်းနာရင်ကျပ်ရောဂါဆိုသည်မှာ ခံတတ်မတည့်သောအရာများကို သာမန်ထက်ပို၍ တုံ့ပြန်မှု များပြားလာခြင်းကြောင့်ဖြစ်သော အသက်ရှူလမ်းကြောင်းနှင့် လေပြွန်များရောင်ရမ်းသည့်ရောဂါ ဖြစ်သည်။

**ပန်းနာရင်ကျပ်ရောဂါ၏ လက္ခဏာများ**

- အသက်ရှူစဉ် ရှီရှီမြည်ခြင်း
- ချောင်းခြောက်ဆိုးပြီး အသက်ရှူမဝခြင်း
- မောပန်းလွယ်ခြင်း
- စူးရှသောအနံ့ရလျှင်၊ စိတ်လှုပ်ရှားလျှင်၊ အားခွန်စိုက်၍ အလုပ်လုပ်လျှင် မောကျပ်ချောင်းဆိုး လာခြင်း
- ဖြစ်နေကျအချိန်တွင် ပုံမှန်ဖြစ်ခြင်း(ဥပမာ- နွေ၊ မိုး၊ ဆောင်း စသည်ဖြင့်)
- ညအိပ်ပျော်နေစဉ် ချောင်းဆိုးခြင်း၊ ကျပ်ခြင်း
- အကိုက်အခဲပျောက်ဆေး၊ သွေးတိုးကျဆေးအချို့သုံးစွဲလျှင် ရင်ကျပ်ခြင်း

**ကာကွယ်ကုသရေး နည်းလမ်းများ**

- ဆေးလိပ်သောက်တတ်လျှင် ဆေးလိပ်ဖြတ်ပါ။
- ခံတတ်မတည့်သောအရာများ ရှောင်ရှားပါ။
- နားလည်တတ်ကျွမ်းသော ကျန်းမာရေးစောင့်ရှောက်သူများနှင့် ပြသကာ ကုသမှုခံယူပါ။

**ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန**

## မိုင်းဖြတ်၌ အာခါနှင့် လားဟူတိုင်းရင်းသားရိုးရာ အဝတ်အထည်များ အရောင်းအဝယ်အေးနေ

**မိုင်းဖြတ် ဖေဖော်ဝါရီ ၂၄** ရှမ်းပြည်နယ်အရှေ့ပိုင်း တာချီလိတ်ခရိုင် မိုင်းဖြတ်မြို့နယ်တွင် တိုင်းရင်းသားရိုးရာ အဝတ်အထည်များဖြစ်သည့် အာခါနှင့် လားဟူရိုးရာအဝတ်အထည်များ၊ ရိုးရာ အသုံးအဆောင်များတွင် အလှဝတ်ဆင်ကြသည့် အသုံးအဆောင်များ အရောင်းအဝယ် အေးနေကြောင်း ရိုးရာဝတ်စုံများ အရောင်းအဝယ် ပြုလုပ်သူ ဒေါ်အားဒွေ့ထံမှ သိရသည်။

မိုင်းဖြတ်မြို့နယ်တွင် အာခါနှင့် လားဟူရိုးရာ အဝတ်အထည်များ အရောင်းအဝယ်လုပ်တာ ငါးနှစ်ကျော်နှင့် ဆိုင်ဖွင့်ပြီး ရောင်းသည်မှာ နှစ်နှစ်ခန့်ရှိပြီဖြစ်ကြောင်း၊ မိုင်းဖြတ်မြို့က ထိုင်း၊ တရုတ်နိုင်ငံများနှင့် နီးစပ်သောကြောင့် ထိုင်းနှင့် တရုတ်သို့လည်း ဝယ်သူရှိပါက တင်ပို့ရောင်းချကြောင်း၊ ယခုအခါ ကိုဗစ်ကာလဖြစ်ခြင်းကြောင့် ပြည်တွင်းမှ မြို့များဖြစ်သည့် ကျိုင်းတုံ၊ တာချီလိတ်မြို့များသို့သာ တင်ပို့ရောင်းချကြောင်း၊ မိုင်းဖြတ်မြို့၌ ဒေသခံတိုင်းရင်းသားများကို ရောင်းရကြောင်း၊ ယခုအခါ အရောင်းအဝယ်အေးနေကြောင်း ဆိုင်ရှင် ဒေါ်အားဒွေ့ထံက ပြောသည်။

အဆိုပါ ရိုးရာအဝတ်အထည်များရောင်းသည့် ဆိုင်တွင် အာခါနှင့် လားဟူရိုးရာ အဝတ်အထည်များဖြစ်သည့် အမျိုးသား အမျိုးသမီးဝတ် ရိုးရာအင်္ကျီများ၊ လွယ်အိတ်ဒီဇိုင်း အမျိုးမျိုး၊ ရိုးရာ အသုံးအဆောင်များတွင် အလှဆင် အသုံးပြုကြသည့် ရိုးရာ ချည်ထည်များဖြင့် ထိုးထားသည့်အသုံးအဆောင်များကိုရောင်းချပြီး အဆိုပါရိုးရာ အထည်များနှင့် အသုံးအဆောင်ပစ္စည်းများကို ခရစ္စမတ်ပွဲ၊ လားဟူ နှစ်သစ်ကူးပွဲတော်၊ အာခါရိုးရာ ဒန်းစီးပွဲတော်များ၊ ကောက်သစ်စားပွဲများနှင့် ရိုးရာပွဲတော်များ ကျင်းပသည့် အချိန်များတွင် အများဆုံးဝတ်ဆင် အသုံးပြုကြသဖြင့် ရောင်းအားပိုကောင်းလေ့ရှိသည်။ ရောင်းချသည့် ရိုးရာအဝတ်အထည်များကို ကွက်သစ်ရပ်ကွက်၊ ဝမ်ဟွေ ရပ်ကွက်နှင့် ဟိုနားကျေးရွာတို့တွင် တစ်နိုင်တစ်ပိုင် လုပ်ကိုင်နေကြသည့် လက်မှုဖြင့် ချည်ထည်ထိုး လုပ်ကိုင်နေကြသူများထံမှ တစ်ဆင့် ဝယ်ယူရောင်းချကြောင်း သိရသည်။

**ရွှေကို(မိုင်းဖြတ်)**



## စိုက်ပျိုးရေးသုတေသနခြံ (တပ်ကုန်း) ၌ မိုးနှောင်းရာသီသုတေသနများ အရှိန်အဟုန်မပျက် ဆောင်ရွက်

**နေပြည်တော် ဖေဖော်ဝါရီ ၂၄** စိုက်ပျိုးရေးသုတေသနဦးစီးဌာန အောက်ရှိတပ်ကုန်း စိုက်ပျိုးရေး သုတေသနခြံသည် ပြောင်းသီးနှံ၊ နေကြာသီးနှံ၊ ပဲတီစိမ်း၊ ကုလားပဲ၊ မတ်ပဲ ၊ ပဲစင်းငုံ သီးနှံ သုတေသနလုပ်ငန်းများကို ဒေသနှင့် ကိုက်ညီသော အထွက်နှုန်းနှင့် အရည်အသွေးကောင်းမွန်သည့် မျိုးသစ်များ စမ်းသပ်ဖော်ထုတ်ရန်၊ သဘာဝ အရင်းအမြစ်များကို ရေရှည်ထိမ်းသိမ်းပြီး သီးနှံအလိုက် အကျိုးအမြတ် အများဆုံး ရရှိနိုင်သည့် စိုက်ပျိုးနည်းစနစ်များ၊ သီးနှံပုံစံများ ဖော်ထုတ်ရန်၊ ဒေသ အတွင်းရှိ စိုက်ပျိုးရေးသီးနှံဆိုင်ရာ ပြဿနာများ သုတေသနပြုဆောင်ရွက်ရန်၊ တောင်သူများအတွက် အရည်အသွေးကောင်း မျိုးစေ့များ ထုတ်လုပ်ဖြန့်ဖြူးပေးရန်နှင့် သုတေသနပြုရရှိလာသည့် သီးနှံမျိုးသစ်များနှင့် နည်းပညာများကို လက်တွေ့ပညာပေး ဆောင်ရွက်ရန်ဟူ သည့် ရည်ရွယ်ချက်များဖြင့် သီးနှံသုတေသနများ ဆောင်ရွက်လျက်ရှိသည်။

ညွှန်ကြားရေးမှူးချုပ် ဒေါက်တာ နိုင်ကြည်ဝင်းသည် ဖေဖော်ဝါရီ ၂၀ ရက်တွင် အဆိုပါခြံရှိ သုတေသနဝန်ထမ်းများနှင့် တွေ့ဆုံပြီး သုတေသနခြံအနေဖြင့် သုတေသနလုပ်ငန်းများ လက်ရှိအခြေအနေထက် ပိုမိုခေတ်မီမှု ရှိလာစေရေးအတွက် သုတေသနပညာရှင် ဝန်ထမ်းများအနေဖြင့် အားလုံးပူးပေါင်းပါဝင်ကာ တက်ညီလက်ညီ ဆောင်ရွက်ကြရမည် ဖြစ်ကြောင်း၊ သုတေသနပညာရှင်များ အနေဖြင့် တောင်သူများ၏ လိုအပ်ချက်နှင့် ပြဿနာများကို အမှန်တကယ် ထိထိရောက်ရောက် အကျိုးရှိစွာ ဖြေရှင်းပေးနိုင်စေမည့် အဆင့်မြင့်သိပ္ပံနည်းကျ သုတေသနလုပ်ငန်းများ ဆောင်ရွက်ကြရန် လိုအပ်ကြောင်း မှာကြားသည်။

ဆက်လက်၍ သုတေသနခြံအတွင်း မိုးနှောင်းရာသီတွင် သုတေသနပြု ဆောင်ရွက်လျက်ရှိသည့် အစေ့ထုတ် ပြောင်းမျိုးများဖြစ်သည့် ရေဆင်း-၁၀၊ ရေဆင်း - ၁၁ မျိုးများ မျိုးစေ့ ပိုမိုထွက်ရှိ စေရေး သုတေသန (တစ်တန်းကျော်အဖိုနှံ နုတ်ပယ်ခြင်း) နှင့် TK-1,TK-2 စသည့် ပြောင်းမျိုးသစ်များ၏ မိဘလိုင်းများ ပွားများခြင်းလုပ်ငန်းများကိုလည်းကောင်း၊ ရေဆင်း (၁) စပ်မျိုးနေကြာ မျိုးစေ့ထုတ်လုပ်ခြင်းနှင့် မိဘလိုင်းပွားများခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုများကိုတပ်ကုန်းသုတေသနခြံ တာဝန်ခံ ဦးသာထွန်းနှင့် သီးနှံတာဝန်ခံများက လိုက်လံရှင်းလင်းပြသရာ သီးနှံသုတေသနနှင့် ပတ်သက်သော ဖြည့်စွက်အကြံပြုချက်များနှင့် သုတေသနမှတ်တမ်း ကောက်ယူခြင်းများအတွက် လိုအပ်ချက်များကို ဆွေးနွေးခြင်း၊ အားပေး ဆောင်ရွက်ခြင်းများဖြင့် သုတေသန စွမ်းဆောင်ရည်မြှင့်တင်ရေးတို့ကို ပြောကြားကြောင်း သိရသည်။

**ညီညီသန်း(နေပြည်တော်)**






**အိမ်တွင်းအကြမ်းဖက်မှုများ အပါအဝင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုကိစ္စရပ်များနှင့်ပတ်သက်၍ ဥပဒေအကြံဉာဏ် ရယူလိုပါက ဥပဒေရေးရာကုစားရေးအဖွဲ့(မြန်မာ) ၏ HOT LINE ဖုန်းနံပါတ်များဖြစ်သော ၀၉-၂၆၆၆၈၄၄၄၈ နှင့် ၀၉-၂၆၆၆၈၄၄၄၉ တို့သို့ ဆက်သွယ် အကူအညီရယူနိုင်ပါသည်**

## ရှမ်းပြည်နယ် နောင်တရားဒေသ၌ ရာသီပေါ်သီးနှံ သီးညှပ်စိုက်ပျိုးမှု တွင်ကျယ်

**နောင်တရား ဖေဖော်ဝါရီ ၂၄**

ရှမ်းပြည်နယ်တောင်ပိုင်း ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ နောင်တရားဒေသအနီးတစ်ဝိုက်ရှိ တောင်သူများ ပုံမှန်စိုက်ပျိုးနေသည့်သီးနှံပင်များအပြင် ရာသီပေါ်သီးနှံများကိုပါ စီးပွားဖြစ်စိုက်ပျိုးလာကြသည်။

"အရင်ကတော့ စီးပွားဖြစ်သီးနှံအနေနဲ့ အာလူးကို စိုက်တယ်။ ၂၀၂၀-၂၀၂၁ ခုနှစ် နောက်ပိုင်းကာလတွေမှာမှ ခရမ်းချဉ်သီးကိုပါ တွဲစိုက်ဖြစ်လာတာပါ။ တခြားသီးနှံတွေစိုက်ပျိုးတာက တစ်ဧကကုန်ကျ စရိတ် များတယ်။ ခရမ်းချဉ်သီးစိုက်တာကတော့ ကုန်ကျစရိတ်သက်သာတယ်။ ခရမ်းချဉ်သီးက တစ်ခါစိုက်ပြီးရင် ခုနစ်ခါလောက်ဆက်ပြီးခူးဆွတ်ရောင်းချလို့ရတယ်။ ဇွန်၊ ဇူလိုင်လလောက်က စိုက်ထားရင် စက်တင်ဘာလအထိ ခရမ်းချဉ်သီး ခူးဆွတ်ရတယ်။ နှစ်မျိုးတွဲစိုက်လိုက်တော့ နှစ်မျိုးဝင်ငွေရတာပေါ့" ဟု နောင်တရား (ဖောင်းမော်ဒုံ)မှ တောင်သူ ဦးထွန်းကျော်က ပြောသည်။

အာလူးတစ်ဧကလျှင် စိုက်ပျိုးကုန်ကျစရိတ် ငွေကျပ် ၂၅ သိန်းဝန်းကျင် ကုန်ကျပြီး ခရမ်းချဉ်သီးတစ်ဧကလျှင် စိုက်ပျိုးကုန်ကျစရိတ်ကျပ် ငါးသိန်းမှ ခုနစ်သိန်းကြား ကုန်ကျကြောင်း သိရသည်။

"ခရမ်းချဉ်သီးက မျိုးထုပ်တစ်ထုပ်ကို ကျပ်ခုနစ်ထောင်ပဲ ရှိပါတယ်။ စိုက်ပျိုးပြီးထွက်လာတဲ့ အသီးတွေကို ရှမ်းပြည်နယ် အောင်ပန်းမှာရှိတဲ့ ပွဲရုံတွေကို တင်ပို့ရောင်းချလို့ရတယ်။ ဒီဒေသတစ်ဝိုက်မှာရှိတဲ့ ဈေးတွေမှာလည်း ရောင်းလို့ရပါတယ်။ ပွဲစားတွေက ခြံအရောက် လာဝယ်တာမျိုးလည်း ရှိပါတယ်။ ခရမ်းချဉ်ဈေးက အတက်အကျရှိပေမယ့် ကိုယ်ကုန်ကျတာလည်း သိပ်မများတော့ တွက်ခြေကိုက်တယ်။ စိုက်စရိတ်က အလွန်ဆုံး ခုနစ်သိန်းလောက်ပဲရှိတယ်။ ကိုယ့်မိသားစုဝင်တွေပဲ စုပေါင်းစိုက်ပျိုးတာမို့ အလုပ်သမားခ သီးသန့်မကုန်တာကြောင့်လည်း ပါပါတယ်" ဟု ၎င်းက ဆက်လက်ပြောသည်။

အဆိုပါဒေသအတွင်း ရှေးယခင်ကတည်းက စိုက်ပျိုးလာကြသည့် အာလူး၊ ပန်းသီး၊ သစ်တော်သီး၊ ထောပတ်သီး စသည့် သီးနှံများအပြင် စိုက်ပျိုးထုတ်လုပ်မှု ကုန်ကျစရိတ် သက်သာသည့် ပြောင်းဖူးနှင့် ခရမ်းချဉ်သီး၊ ရွှေပဲသီးပင်များကိုပါ သီးညှပ်စိုက်ပျိုးလာကြခြင်း ဖြစ်သည်။

**နန်းထက်ထက်ချစ်**

## ရေကြည်မြို့နယ်၌ လျှပ်စစ်မီးမရရှိသေးသည့် ကျေးရွာအုပ်စုများသို့ စွမ်းအားမြင့်မီးဖိုများ အခမဲ့ဖြန့်ဖြူးပေး

**ရေကြည် ဖေဖော်ဝါရီ ၂၄**

ဧရာဝတီတိုင်း ဒေသကြီး ရေကြည်မြို့နယ် စိုက်ပျိုးရေးဦးစီးဌာနနှင့် ကိုရီးယားရာသီဥတုပြောင်းလဲမှုဗဟိုဌာနတို့ ပူးပေါင်းဆောင်ရွက်သော စွမ်းအားမြင့်မီးဖိုများကို ကျေးရွာအုပ်စုများရှိ ပြည်သူများလက်ဝယ်သို့ ယမန်နေ့က စိုက်ပျိုးရေးဦးစီးဌာနမှ ကန်ချောင်စခန်း နယ်မြေတာဝန်ခံ ဒေါ်ဖြူဖြူသင်း၊ ကျေးရွာအုပ်စုများမှ တာဝန်ရှိသူများ ရပ်/ကျေးစာရေးများနှင့်အတူ ဖြန့်ဖြူးပေးသည်။ (ယာပုံ)

ထိုသို့ စွမ်းအားမြင့်မီးဖိုများဖြန့်ဖြူးပေးရာတွင် အဓိက လျှပ်စစ်မီး မရရှိသေးသည့် ကျေးရွာအုပ်စုများကို ဖြန့်ဖြူးပေးခြင်းဖြစ်ကြောင်း၊ စွမ်းအားမြင့်မီးဖိုမသုံးမီ မီးဖိုကို လေးရက်ရေစိမ်၊ လေးရက်အခြောက်ခံပြီးမှ သုံးရမည်ဖြစ်ကြောင်း၊ မီးဖိုများကွဲအက် ပျက်စီးခြင်းဖြစ်ပါက အခမဲ့ ပြန်လဲပေးမည်ဖြစ်ပြီး ကျေးရွာအုပ်စု ၁၀ အုပ်စုဖြစ်သည့် ကန်ချောင်အုပ်စု ကျွဲရဲလေးကျေးရွာ၊ မကျည်းကုန်းကျေးရွာ၊ ကွမ်းသီးချောင်းအုပ်စု ကျွဲရဲကြီးကျေးရွာ၊ ဆပ်သဖူးကုန်းကျေးရွာ၊ လှည်းထောက်အုပ်စု၊ ချောင်းဖျားအုပ်စု၊ ကွင်းကြီးအုပ်စု၊ နှောကုန်းအုပ်စု၊ ဖက်သလက်အုပ်စု၊ ပန်းဇံကွင်းအုပ်စု၊ နွားရေတိုက်အုပ်စု၊ မကျည်းလဟာ အုပ်စုတို့တွင် စွမ်းအားမြင့်မီးဖို ၂၇၂၆ လုံး ဖြန့်ဖြူးပေးကြောင်း စိုက်ပျိုးရေးဦးစီးဌာန ကန်ချောင်စခန်းနယ်မြေတာဝန်ခံက ပြောသည်။

**ဆန်းတင့်(ရေကြည်)**



## အရန်မီးသတ်တပ်ဖွဲ့ဝင်များ ပြန်လည်ဖွဲ့စည်းခြင်းနှင့် ဝတ်စုံများ ထုတ်ပေးခြင်းများဆောင်ရွက်

**တောင်ပြိုလက်ဝဲ ဖေဖော်ဝါရီ ၂၄**

ရခိုင်ပြည်နယ် တောင်ပြိုလက်ဝဲမြို့၌ အရန်မီးသတ်တပ်ဖွဲ့ဝင်များအား အသစ်ပြန်လည်ဖွဲ့စည်းခြင်းနှင့် အရန်မီးသတ်ဝတ်စုံများ ထုတ်ပေးခြင်းကို အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ယမန်နေ့က ပြုလုပ်သည်။

ထိုသို့ ဆောင်ရွက်ရာတွင် မြို့အုပ်ရေးမှူး အမ်းဇော်မိုး၊ နယ်မြေရဲစခန်းမှူး ရဲအုပ်မြဝင်း၊ ပြန်လည်လက်ခံရေး မီးသတ်စခန်း တာဝန်ခံ ဒုတိယမီးသတ်ဦးစီးမှူး ကျော်စိုးနှင့်အဖွဲ့များ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်ဟောင်းများနှင့် အင်အားအသစ်ဝင်ရောက်မည့်သူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် မြို့အုပ်ချုပ်ရေးမှူးက အရန်မီးသတ်တပ်ဖွဲ့အသစ်စတင်ဖွဲ့စည်းသည့် နေ့ရက်နှင့် ဖွဲ့စည်းရခြင်း၏ အကြောင်းရင်းများ၊ အင်အားများပြားလာစေရန်နှင့် မီးဘေးအန္တရာယ်၊ သဘာဝဘေးအန္တရာယ်နှင့် ပြည်သူ့အကျိုးပြုလုပ်ငန်းများကို လက်တွဲဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားခဲ့သည်။ ထို့နောက် အရန်မီးသတ်တပ်ဖွဲ့ဝင် ရှစ်ဦးတို့အား ဝတ်စုံများထုတ်ပေးခြင်းနှင့် သရုပ်ပြ မီးငြိမ်းသတ်မှုကို ဆောင်ရွက်ကြောင်း သိရသည်။

**မြင့်ခိုင်( ပြန်/ဆက်)**

**နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့**

## မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေး အသိပညာပေးနှိုးဆော်ချက်

အိမ်တိုင်းအိမ်တိုင်းက မီးကိုကြိုတင်ကာကွယ်တားဆီးနိုင်ရန် မြန်မာနိုင်ငံ မီးသတ်တပ်ဖွဲ့မှ အောက်ပါ စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံထားသည်-

(၁) မိမိနေအိမ်ခြံဝင်းကို သန့်ရှင်းသပ်ရပ်စွာထားပါ။

(၂) မီးလောင်လွယ်သော အရာဝတ္ထုများကို သေချာစွာထုပ်ပိုးသိမ်းဆည်းခြင်း၊ အသုံးမပြုလိုလျှင် စနစ်တကျ စွန့်ပစ်ခြင်းများ ဆောင်ရွက်ပါ။

(၃) အမှိုက်မီးရှို့လိုလျှင် မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့သို့ ကြိုတင်အကြောင်းကြား၍ ခွင့်ပြုမှသာ ဆောင်ရွက်ပါ။

(၄) ထင်းမီးဖိုအသုံးပြုလျှင် လုံခြုံစွာကာရံခြင်း၊ ကျင်းတူး၍ အသုံးပြုခြင်းများ ဆောင်ရွက်ပါ။

(၅) ဓာတ်ငွေ့မီးဖြင့် အသုံးပြုချက်ပြုတ်လျှင် အသုံးမပြုမီ နားလည်တတ်ကျွမ်းသူများဖြင့် သေချာစွာစစ်ဆေးပါ။

(၆) လျှပ်စစ်မီးကို အသုံးပြုချက်ပြုတ်လျှင် ဝန်အားမျှတသည့် ဝိုင်ယာကြိုးများကို အသုံးပြုခြင်း၊ လျှပ်စီးပတ်လမ်းကို အလိုအလျောက်ဖြတ်တောက်ပေးသော ပစ္စည်းကိရိယာများကို အသုံးပြုခြင်း၊ ဝန်အားမနိုင်လျှင် လျှပ်စီးပတ်လမ်းကို ဖြတ်တောက်ပေးသည့် ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိခြင်းများကို နားလည်တတ်ကျွမ်းသော ပညာရှင်များ၏ အကူအညီရယူဆောင်ရွက်ပါ။

(၇) နေအိမ်တွင် အသုံးပြုထားရှိသော လျှပ်စစ်ပစ္စည်းများကို နှစ်စဉ်စစ်ဆေးပြီး အသုံးပြုရန်မသင့်လျော်သော ဟောင်းနွမ်းခြင်း၊ ပေါက်ပြဲခြင်း၊ ဝန်အားမမျှခြင်း စသည့်အန္တရာယ်ရှိသည့် အစိတ်အပိုင်းများကို အစားထိုး လဲလှယ်ပါ။

(၈) နေအိမ်ခြံဝင်းအတွင်း လောင်စာဆီ၊ စားသုံးဆီ၊ စက်သုံးဆီ၊ အမွှေးဆီ စသည့်မီးလောင်လွယ်သော ဆီအမျိုးမျိုးကို သိုလှောင်ထားရှိခြင်း၊ ဖြန့်ဖြူးရောင်းချခြင်းများ မပြုပါနှင့်။

(၉) မီးခြစ်အစရှိသော မီးဖြစ်စေသော ပစ္စည်းများကို ကလေးသူငယ်များ လက်လှမ်းမမီသောနေရာ၊ အပူဒဏ် မခံစားရသောနေရာများတွင် သေချာစွာသိမ်းဆည်းထားရှိပါ။

(၁၀) ကလေးငယ်များကို မီးဖြစ်ပေါ်စေသောပစ္စည်းများ သို့မဟုတ် မီးလောင်လွယ်သောပစ္စည်းများနှင့် အသုံးပြု ချက်ပြုတ်စေခြင်း၊ ဆေးလိပ်၊ ခြင်ဆေးခွေနှင့် အမွှေးတိုင်အစရှိသော ပစ္စည်းများအား မီးညှိစေခြင်း၊ ဆော့ကစားခြင်းများ မပြုပါစေနှင့်။

(၁၁) ဆေးလိပ်ကို မီးငြိမ်းသည်ဟု သေချာမှသာ စနစ်တကျစွန့်ပစ်ပါ။

(၁၂) အိပ်ရာ၊ အဝတ်တန်း၊ အဝတ်ပုံနှင့် လောင်စာဆီများအနီးတွင် ခြင်ဆေးခွေထွန်းညှိထားခြင်း၊ ဖယောင်းတိုင် မီးထွန်းခြင်း၊ အမွှေးတိုင်ထွန်းညှိ ထားခြင်းများ မပြုပါနှင့်။

(၁၃) ဘုရားရှိခိုးအပြီး လူစောင့်မထားရှိဘဲ မီးပူဇော်ထားရှိခြင်း၊ အမွှေးတိုင် ထွန်းညှိပူဇော်ထားရှိခြင်းများ မပြုပါနှင့်။

(၁၄) ထမင်းဟင်းချက်ပြုတ်ခြင်း၊ မီးပူတိုက်ခြင်း၊ အမှိုက်မီးရှို့ခြင်းနှင့် မီးနှင့်ပတ်သက်သော သို့မဟုတ် မီးလောင် နိုင်သော ပစ္စည်းများကို ကိုင်တွယ်အသုံးပြုပြီးတိုင်း သေချာစွာစစ်ဆေးဖြတ်သိမ်းခြင်း၊ ငြိမ်းသတ်ခြင်း၊ လူစောင့်ထားရှိခြင်းများ ဆောင်ရွက်ပါ။

(၁၅) အကြောင်းကိစ္စ တစ်စုံတစ်ရာကြောင့် နေအိမ်မှထွက်ခွာလိုလျှင် မထွက်ခွာမီ မီးလောင်နိုင်သော ကိစ္စဟူသမျှသေချာစွာ စစ်ဆေးပြီး မီးမလောင်နိုင်ဟု သေချာမှသာ နေအိမ်မှထွက်ခွာပါ။

(၁၆) လူမနေသော အဆောက်အအုံ၊ ဂိုဒေါင်များကို ညစောင့်ထားရှိပါ။

(၁၇) နေအိမ်များတွင် မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲအစရှိသော မီးငြိမ်းသတ်ရေးကိရိယာများ စုံလင်စွာ ထားရှိပါ။ ငွေကြေးတတ်နိုင်ပါက မီးသတ်ဆေးဘူးထားရှိပါ။ အထပ်မြင့် အဆောက်အအုံဖြစ်ပါက အထပ်တိုင်းတွင် မီးသတ်ဆေးဘူးထားရှိပါ။

(၁၈) မီးငြိမ်းသတ်ရေးကိရိယာများကို အသုံးပြုတတ်စေရန် လေ့ကျင့်သင်ကြားပါ။ နေအိမ်ရှိလူတိုင်း အသုံးပြု တတ်အောင်လည်း သင်ကြား၍ အခါအားလျော်စွာ လေ့ကျင့်ပါ။

(၁၉) မီးချိတ်၊ မီးကတ်၊ လှေကား၊ ရေနှင့် သဲများထားရှိရာတွင် မီးချိတ်သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး ခိုစီးနိုင်လောက်အောင် ခိုင်ခံ့ရမည်။ မီးကတ်သည် လွှဲရမ်းခံနိုင်လောက်အောင် တောင့်တင်းရမည်၊ လှေကား သည် အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူ နိုင်ရမည်ဖြစ်ပြီး လူကြီးနှစ်ဦးအတက်ခံနိုင်သည်အထိ ပေါ့ပါးခိုင်ခံ့ရမည်၊ ရေနှင့်သဲကို အရွယ်ရောက်ပြီး လူငယ်တစ်ဦး သယ်ယူပက်ဖျန်းစေနိုင်သော ပုံးဖြင့်ဖြစ်စေ အများအပြားထားရှိပါက အလွယ်တကူ သယ်ယူပက်ဖျန်းနိုင်စေရန် မီးသတ်ရေပုံးထားရှိ ဆောင်ရွက်ရပါမည်။

(၂၀) မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့မှ အခါအားလျော်စွာ ထုတ်ပြန်သောညွှန်ကြားချက်များ၊ စည်းကမ်းများ၊ တားမြစ်ချက်များကို တိကျစွာလိုက်နာဆောင်ရွက်ပါ။

# မြန်မာမှု အနုလက်ရာ ကျောင်းတော်ကြီးများ

**ကိုကျော်စွာ(ကျိုက်ပိ)**

မြန်မာနိုင်ငံသည် မြန်မာမှုအနုပညာလက်ရာများ ထွန်းကားသောနိုင်ငံတစ်နိုင်ငံဖြစ်ပါသည်။ မြန်မာတို့၏ အနုပညာနှင့်ပတ်သက်၍ မည်မျှခမ်းနားဆန်းပြားသည်ကို မြန်မာနိုင်ငံရှိအနုပညာဗိသုကာလက်ရာများကို ကြည့်ခြင်းအားဖြင့် သိနိုင်ပါသည်။ ထိုအနုပညာဗိသုကာလက်ရာများကိုမူ ရှေးဟောင်းအဆောက်အအုံများနှင့် ရှေးဟောင်းဘုန်းတော်ကြီးကျောင်းများတွင် တွေ့မြင်နိုင်ပါသည်။

ထိုဗိသုကာအနုပညာပေါ်တွင် အမွှမ်းအပြောက်အဆင်တန်ဆာများ၊ ကနုတ်ပန်းများ၊ သဇင်ပန်းကိုအခြေခံထားသောသဇင်နွယ်၊ ခြူးပန်းခြူးနွယ်များ၊ အခြားသောသဘာဝပန်းများ၊ အရွက်များ၊ အခက်အလက်အသီးအပွင့်များအပြင် လူရုပ်၊ နတ်ရုပ်၊ သိကြားရုပ်၊ ဗြဟ္မာရုပ်၊ ကိန္နရီ ကိန္နရာရုပ်၊ ဆင်ရုပ်၊ မြင်းရုပ်၊ ခြသေ့ရုပ် စသည့် အရုပ်များဖြင့် တန်ဆာဆင် မွမ်းမံထားသည်မှာ မြင်ရသူအဖို့ အံ့သြဖွယ်ရာပင်ဖြစ်ပါသည်။တချို့သောအဆောက်အအုံများနှင့် ကျောင်းများတွင် ငါးရာ့ငါးဆယ်ဇာတ်နိပါတ်များကို အနုစိတ်ထုလုပ်ထားသည်မှာ အနုပညာလက်ရာမြောက်သလိုလေ့လာသူများအတွက်လည်း ဗဟုသုတ တိုးစေပါသည်။ ယခုစာရေးသူသည် မြန်မာမှုအနုပညာလက်ရာများဖြင့် ပြည့်စုံသည့် ကျောင်းတော်များကို လက်လှမ်းမီသလောက် ဖော်ပြသွားမည် ဖြစ်ပါသည်။

**မဟာအတုလကျောင်းတော်ကြီး**

မန္တလေးမြို့တည်နန်းတည် မင်းတုန်းမင်းကြီးသည် မန္တလေးမြို့တည်သည်နှင့်တစ်ချိန်တည်း မြို့လေးပြင်လေးရပ်တွင် ကျောင်းတိုက်ကြီးများကို အကွက်ချ၍ ဆောက်လုပ်ခဲ့သည်။

မင်းတုန်းမင်းသည်သာသနာပြု မင်းတစ်ပါးဖြစ်သည့်အလျောက် ဘုရားတည်၊ကျောင်းဆောက်၍ သာသနာတော်ကြီးကိုထွန်းကားစေခဲ့သည်။မဟာအတုလကျောင်းတော်ကြီးကိုမင်းတုန်းမင်းတရားကြီးသည် ၁၈၅၉ ခုနှစ်တွင် တည်ဆောက်ခဲ့ပါသည်။ ယောအတွင်းဝန်ဦးဘိုးလှိုင်က ဦးစီး၍ တည်ဆောက်ခဲ့သည်။ ထိုကျောင်းတော်ကြီးသည်သစ်သားကျောင်းမဟုတ်ပေ။ အုတ်အင်္ဂတေတို့ဖြင့် လေးထောင့်ကျကျ ဘုံအဆင့်ဆင့်ဖြင့်တည်ဆောက်ထားပါသည်။ ထိုကျောင်းတော်ကြီးကို ရုတ်တရက်ကြည့်ပါက တရုတ်ဘုံကျောင်းနှင့် ဆင်ဆင်တူသည်ဟု ထင်ရသည်။ သို့သော်လည်း မြန်မာမှုစစ်စစ်သာဖြစ်ပါသည်။ ထိုဘုံအဆင့်ဆင့်ပတ်လည်တွင် စေတီငယ်လေးများကို တည်ထားပေသည်။ မဟာအတုလကျောင်းတော်ကြီးကို ၁၈ နှစ်ကြာမျှအချိန်ယူတည်ဆောက်ခဲ့ရသည်ဟုမှတ်သားရပါသည်။ မင်းတုန်းမင်းကြီး၏ နောက်ဆုံးကုသိုလ်တော်ဟုလည်းသိရပါသည်။ ထိုကျောင်းတော်ကြီးကို ၁၈၇၈ ခုနှစ်တွင် မင်းတုန်းမင်းကရေစက်သွန်းချလှူဒါန်းခဲ့ပါသည်။

**ပခန်းကျောင်းတော်ကြီး**

ပခန်းကျောင်းတော်ကြီးသည် မြန်မာနိုင်ငံရှိ ရှေးဟောင်းသစ်သားကျောင်းကြီးဖြစ်သည်။ မကွေးတိုင်းဒေသကြီး ရေစကြိုမြို့နယ်တွင် တည်ရှိပါသည်။ ပခန်းသားတို့ ပခန်းကျောင်းတော်ကြီးကို ဝန်မင်းကျောင်းဟုလည်းခေါ်ကြပါသည်။ ပခန်းကျောင်းကြီးကို ကျီဝန်၊သက်တော်ရှည်၊ မှန်ကင်းဝန်သုံးမည်ရ ဦးဘိုးတုတ်က မိမိ၏ ငယ်ဆရာတော်



စလေရုပ်စုံကျောင်းတော်ကြီး

ဦးဂုဏ သီတင်းသုံးရန် မြန်မာသက္ကရာဇ် ၁၂၃၀ ပြည့်နှစ်၊ခရစ်သက္ကရာဇ် ၁၈၆၈ ခုနှစ် ဝန်းကျင်လောက်က တည်ဆောက်လှူဒါန်းခဲ့သည်ဟု ဆိုပါသည်။ ထိုကျောင်းကြီးကို တည်ဆောက်ရာတွင် သစ်ဖိုး မပါဘဲ သယ်ယူခနှင့် လက်သမားခသည် ၅၄၇၆၂ ကျပ်ကုန်ကျသဖြင့် "ကွမ်းသီးတစ်လုံးဖိုး"ဟု စာချိုး မှတ်သားခဲ့သည်။ အက္ခရာများကို ရေတွက်ရာတွင်မူ နေ့နံအလိုက် နောက်မှပြန်လည်ရေတွက်ထားပါသည်။

ပခန်းကျောင်းတော်ကြီးကို ကျွန်းတိုင်ပေါင်း ၂၅၄ လုံးဖြင့် တည်ဆောက်ထားပြီး တိုင်အရေအတွက်ကို "ကြောင်မျက်ရွဲ"ဟု စာချိုးမှတ်သားထားခဲ့သည်။တိုင်ကြီးများအနက် အမြင့်ဆုံးတိုင်သည် ပေ ၉၀ အထိမြင့်သည်ဟုသိရပါသည်။ကျွန်းတိုင်းများအပြင် နံ့သာဖြူတိုင် နှစ်လုံးပါဝင်နေသည်ဟုလည်း သိရပါသည်။ ထိုကျောင်းကြီးကို ဗိသုကာဆရာများဖြင့် နှစ်နှစ်ကြာတည်ဆောက်ခဲ့ရပြီး ၁၂၂၆ ခုနှစ်တွင် ပြီးစီးသည်ဟု သိရပါသည်။ ကျောင်းတော်ကြီး၏ အလျား ၂၄ ပင်ရှိသဖြင့် အလျားလိုက်အခန်း ၂၃ ခန်းရှိကာ အနံ ၁၂ ပင်ရှိ၍ ခန်းဖွင့် ၁၁ ခန်းရှိပြီး ခြေတံရှည်တည်ဆောက်ထားခြင်းဖြစ်ပါသည်။ စနုဆောင်အတွင်းမျက်နှာကြက်တွင် ပန်းပွင့်များဖြင့် ပုံဖော်ထားပြီး မျက်နှာကြက်အချို့နှင့်နံရံအချို့တွင် ခြူးပန်းခြူးနွယ်အပြောက်

**"ကျောင်းကြီး၏ အပြင်ဘက်တွင် နတ်သမီးပန်းပုရုပ်တုများ၊ ကနုတ်ပန်းနွယ်များနှင့် ရုပ်စုံကျောင်းကြီး၏ မြောက်ဘက်လက်ရန်းတိုင်များတွင် ငါးရာ့ငါးဆယ် နိပါတ်တော်နှင့် ဓမ္မပဒဝတ္ထုတော်တို့မှ မှတ်သားသင့်သည်များကို ထုဆစ်ပုံဖော်ထားပါသည်။ စလေရုပ်စုံကျောင်းကြီးတွင်အနုပညာလက်ရာ ပန်းပုရုပ်ပေါင်းများစွာရှိပါသည်။ ရုပ်စုံကျောင်းကြီး၏ အတွင်းပိုင်းတွင်လည်းရှေးဟောင်းမြန်မာမှုအနုပညာလက်ရာများကိုလည်း လေ့လာနိုင်ပါသည်။ ရုပ်စုံကျောင်းကြီး၏ ထူးခြားချက်မှာ လက်ရာမြောက်လှသော ပန်းပုရုပ်တုများပင်ဖြစ်ပါသည်"**

အမွှမ်းများရှိ၍ ကျောင်းနံရံများတွင်လည်း ခြူးပန်းကနုတ်များ၊ မှန်ကူကွက်များ၊ ကြာပွင့်များဖြင့် ပုံဖော်ထားသည်မှာ အနုပညာလက်ရာ မြောက်လှပေသည်။ သာကဝန်သစ်သား ကျောင်းတော်ကြီး။ သာကဝန်သစ်သားကျောင်းကြီးကို ကင်းဝန်မင်းကြီးဦးကောင်းက ၁၈၇၉ ခုနှစ်တွင် ဆောက်လုပ်လှူဒါန်းခဲ့ပါသည်။

ထို့ကြောင့်လည်း ကင်းဝန်မင်းတိုက်ဟု လူသိများလှပေသည်။ မန္တလေးဒေးဝန်းရပ်တွင် ၂၅ ဧကခန့် ကျယ်ဝန်းသော မြေပေါ်တွင် တည်ဆောက်ထားခြင်းဖြစ်ပါသည်။ ကင်းဝန်မင်းကြီးသည်ခေတ်အမြင်ရှိသူဖြစ်သောကြောင့် ၁၈၇၃ ခုနှစ်တွင် အင်္ဂလန်နှင့် ဥရောပနိုင်ငံများသို့ သွားရောက်ခဲ့ပြီး ထိုနိုင်ငံများ၏ ဗိသုကာလက်ရာများကိုလေ့လာခဲ့သည်။ ထိုသာကဝန်သစ်သားကျောင်းကြီးသည် ပြင်သစ်နိုင်ငံ၏ ဘုရားရှိခိုးကျောင်းပုံစံကိုယူ၍ မြန်မာမှု၊ မြန်မာ့ဟန်ဖြင့် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

သာကဝန်ကျောင်းတော်ကြီးသည် ရတနာပုံမန္တလေးခေတ်တွင် နိုင်ငံခြားပုံစံကို မြန်မာ့ဟန်ဖြင့် ပေါင်းစပ်တည်ဆောက်ထားသောကျောင်းဖြစ်ပါသည်။ ကျောင်းဝန်းအတွင်းတွင် ကျွန်းပင်များ စိုက်ပျိုးဖြစ်ထွန်းသည်ကိုအစွဲပြု၍ သာကဝန်ကျောင်းဟု ခေါ်တွင်သည်ဟု သိရပါသည်။ ကျောင်းကြီး၏ လေးမျက်နှာတွင် အုတ်လှေကားများတပ်ဆင်ထားပြီး မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာ ပန်းပု၊ ပန်းရန်လက်ရာကောင်းများကို တွေ့ရမည်ဖြစ်ပါသည်။

ကျောင်းတိုက်၏ အရှေ့အဝင်အဝတွင် ကင်းဝန်မင်းကြီး၏ အတ္ထုပ္ပတ္တိကျောက်စာရှိပါသည်။ ကျောင်းတံခါးရွက်များတွင်လည်း ကျွန်းသားပန်းပုအပြောက်အမွှမ်းများ၊ရုပ်ကြွနှင့် ရုပ်တုများရှိပါသည်။ ကျောင်း၏ အနောက်မြောက်ထောင့်တွင် သစ်လုံးတစ်လုံးတည်းကို ထွင်းထုထားသည့် ကြောင်လိမ်လှေကားကိုလည်း တပ်ဆင်ထားသည်ဟု သိရပါသည်။ ထိုကျောင်းတော်ကြီး၏ ကုန်ကျငွေမှာ ရှစ်သောင်းကျော်ဖြစ်သည်။ ထိုသာကဝန်သစ်သား ကျောင်းတော်ကြီးသည် မြန်မာတို့၏ သစ်သားဗိသုကာအနုလက်ရာကိုဖော်ညွှန်းပြသနေသော ကျောင်းတော်ကြီးတစ်ခုပင် ဖြစ်ပါသည်။

**စလေရုပ်စုံကျောင်းတော်ကြီး**

မြန်မာမှုအနုပညာ လက်ရာမြောက်သော ကျောင်းများကိုပြောမည်ဆိုလျှင် စလေရုပ်စုံကျောင်းကြီးသည် မပါမဖြစ်ပေ။ မြန်မာ့ယဉ်ကျေးမှုအနုပညာလက်ရာများ စုဝေးရာနေရာတစ်ခုလည်းဖြစ်ပါသည်။ စာရေးသူပင် လွန်ခဲ့သောလေးနှစ်ခန့်ကတစ်ခေါက်ရောက်ခဲ့ရာ မြန်မာတို့၏အနုပညာ လက်ရာကို အံ့မခန်းဖွယ်မြင်တွေ့ခဲ့သည်။ ရှေးမြန်မာလူမျိုးတို့၏ ဖန်တီးလုပ်ဆောင်နိုင်မှုစွမ်းအားကိုလည်း ချီးကျူးမိပါသည်။

စလေရုပ်စုံကျောင်းကြီးကို မြန်မာသက္ကရာဇ် ၁၂၄၄ ခုနှစ်တွင် စလေမြို့နေ ကုန်သည်ကြီးဦးကြည်နှင့် ဒေါ်ရွှေသက်တို့ဆောက်လုပ်ခဲ့သည်ဟု သိရသည်။ ကျောင်းတော်ကြီးအတွက်လိုအပ်သည့် ကျွန်းသစ်များကိုလည်း နိုင်ငံတော်၏ ဒါနအဖြစ် သီပေါမင်းက အခွန်ကင်းလွတ်စွာခုတ်ယူခွင့်ပြုသည်ဟုလည်း မှတ်သားရသည်။ စလေကျောင်းတော်ကြီးကို စလေမြို့တညောင်ကျေးရွာမှ လက်သမားများဖြင့်ဆောက်လုပ်ခဲ့ကြသည်။ သို့သော် ဆောက်လုပ်ဆဲတွင် အရှင်နှစ်ပါးပါတော်မူခဲ့သဖြင့် ၁၂၅၄ ခုနှစ်ရောက်ခါမှ သုဓမ္မာဂိုဏ်း ဆရာတော်ဦးဂုဏထံရေစက်ချ လှူဒါန်းနိုင်ခဲ့ကြောင်း သိရသည်။

စလေကျောင်းကြီး၏ အရွယ်ပမာဏမှာ အလျား ၁၅၀ ပေ၊အနံ ၇၆ ပေရှိ၍ ကျွန်းတိုင်ပေါင်း ၁၅၄ တိုင်ဖြင့်တည်ဆောက်ထားသော မြန်မာမှုအနုပညာ လက်ရာ ပန်းပုရုပ်စုံကျောင်းတော်ကြီးဖြစ်ပါသည်။ ရုပ်စုံကျောင်းကြီးရှိ ရှေးဟောင်းကျောက်စာသည် မြန်မာသက္ကရာဇ် ၅၆၀ ပြည့်နှစ်က အမျိုးသမီးတစ်ဦး ရေးထိုးခဲ့ခြင်းဖြစ်သည်။ ကျောင်းကြီး၏ အပြင်ဘက်တွင် နတ်သမီးပန်းပုရုပ်တုများ၊ ကနုတ်ပန်းနွယ်များနှင့် ရုပ်စုံကျောင်းကြီး၏ မြောက်ဘက်လက်ရန်းတိုင်များတွင် ငါးရာ့ငါးဆယ် နိပါတ်တော်နှင့် ဓမ္မပဒဝတ္ထုတော်တို့မှ မှတ်သားသင့်သည်များကို ထုဆစ်ပုံဖော်ထားပါသည်။

စလေရုပ်စုံကျောင်းကြီးတွင်အနုပညာလက်ရာ ပန်းပုရုပ်ပေါင်း များစွာရှိပါသည်။ ရုပ်စုံကျောင်းကြီး၏ အတွင်းပိုင်းတွင်လည်းရှေးဟောင်းမြန်မာမှုအနုပညာလက်ရာများကိုလည်း လေ့လာနိုင်ပါသည်။ ရုပ်စုံကျောင်းကြီး၏ ထူးခြားချက်မှာ လက်ရာမြောက်လှသော ပန်းပုရုပ်တုများပင်ဖြစ်ပါသည်။ ရုပ်စုံကျောင်းဟု ခေါ်ထိုက်လောက်အောင်ပင် ပန်းပုရုပ်များစုံလင်လှပေသည်။ ဤပန်းပုလက်ရာများကြောင့်ပင် စလေရုပ်စုံကျောင်းသည် ကမ္ဘာကျော်ခဲ့ခြင်းဖြစ်သည့်အပြင် မြန်မာတို့၏ ပန်းပုအနုပညာလက်ရာအစွမ်းကိုလည်း အံ့သြဖွယ် တွေ့မြင်ရပါသည်။

**ရွှေအင်ပင်ကျောင်းတော်ကြီး**

ရွှေအင်ပင်ကျောင်းသည် ရတနာပုံခေတ်လက်ရာသစ်သားဘုန်းကြီးကျောင်းဖြစ်ပြီး မန္တလေးတောင်ခြေတွင်တည်ရှိသည်ဟုဆိုပါသည်။ ရွှေအင်ပင်ကျောင်းသည် မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ ဒေးဝန်းအရှေ့ရပ်၊ ၃၇ လမ်းနှင့် ၃၈ လမ်းကြား၊ ၈၉ လမ်းအနောက်ဘက်ခြမ်းတွင် တည်ရှိသည်။ ရွှေအင်ပင်ကျောင်းကို သူဌေး ဦးစက်ရှင်နှင့် ဒေါ်ဘွားတို့က သီပေါမင်းပါတော်မူပြီး ၁၀ နှစ်အကြာ ခရစ်သက္ကရာဇ် ၁၈၉၅ခုနှစ်၊ မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်တွင် တိပိဋကရေ ရွှေအင်ပင်ဆရာတော်ဦးဇဝနဓဇ သီတင်းသုံးနေထိုင်ရန် ဆောက်လုပ်လှူဒါန်းခဲ့ခြင်းဖြစ်သည်။

စာမျက်နှာ ၂၆ သို့

# အမြို့မြို့အနယ်နယ်၌ ပင်စင်လစာများ စနစ်တကျထုတ်ပေးဆောင်ရွက်လျက်ရှိ



**ရန်ကုန်**

ရန်ကုန်တိုင်းဒေသကြီး မြို့နယ်များအတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်၌ နိုင်ငံ့ဝန်ထမ်း အငြိမ်းစား ဝန်ထမ်းများအတွက် ဖေဖော်ဝါရီလ ပင်စင်လစာများ ထုတ်ပေးဆောင်ရွက်လျက်ရှိရာ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျ ထုတ်ပေးဆောင်ရွက်နေကြောင်း သိရှိရသည်။

အငြိမ်းစားဝန်ထမ်းလစာများကို ယမန်နေ့က ပင်စင်လစာများ ထုတ်ပေးလျက်ရှိရာ ယနေ့တွင်လည်း ပင်စင်လစာများကိုလာရောက် ထုတ်ယူသူများစွာရှိနေသည်ကို တွေ့ရှိရသည်။ အဆိုပါ အငြိမ်းစားပင်စင်လစာများကို တစ်နေ့တည်းပင်စင်လစာငွေများကို စုပြုံထုတ်ပေးခြင်းမဟုတ်ဘဲ အငြိမ်းစားဝန်ထမ်းများ အဆင်ပြေစေရေးအတွက် အစိုးရဘဏ်ဖွင့်သည့် နေ့ရက်များတွင်လည်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

ထိုသို့ပင်စင်လစာများ လာရောက်ထုတ်ယူသူများအနေဖြင့် ပါးစပ်နှာခေါင်းစည်းများကို စနစ်တကျ တပ်ဆင်စေခြင်း၊ လက်သန့်ဆေးရည်ဖြင့် လက်ဆေးစေခြင်း၊ သက်ရွယ်ကြီးသူများအား ကူညီဆောင်ရွက်ပေးခြင်းနှင့် ပင်စင်လစာများ ထုတ်ယူရာတွင်လည်း စနစ်တကျဖြစ်စေရေးအတွက် စီစဉ်ဆောင်ရွက်ပေးခဲ့သည်။ **ကျော်ဆန်းမြင့်**

**တောင်သာ**

မန္တလေးတိုင်းဒေသကြီး မြင်းခြံခရိုင် တောင်သာမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ၌ အငြိမ်းစားဝန်ထမ်းများ၏ ပင်စင်လစာငွေများကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးအတွက် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ ညွှန်ကြားချက်များနှင့်အညီ ဒီဇင်ဘာ ၂၃ ရက်၊ နံနက် ၇ နာရီအချိန်မှစတင်၍ ပင်စင်လစာများ စနစ်တကျထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ထိုသို့ထုတ်ပေးရာတွင် ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ချက်များနှင့်အညီ ပင်စင်လာရောက်ထုတ်ယူသူများအား ကိုဗစ်-၁၉ ရောဂါကာကွယ်ထိန်းချုပ်ကုသရေးအတွက်စနစ်တကျရှိစေရန် ခြောက်ပေအကွာစည်းများ ပြုလုပ်ပေးထားခြင်း၊ လက်ဆေးဘေစင်များ ပြုလုပ်ထားခြင်း၊ မြန်မာ့စီးပွားရေးဘဏ်သို့ လာရောက်သည့်ပြည်သူများအား ကိုယ်အပူချိန်တိုင်းတာပေးခြင်း၊ နှာခေါင်းစည်းများ စနစ်တကျတပ်ဆင်စေရေး အသိပညာပေးခြင်းလုပ်ငန်းများကို တောင်သာမြို့ မြန်မာ့စီးပွားရေးဘဏ်မှစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

အဆိုပါ ပင်စင်ထုတ်ယူရာ၌ လူစုလူဝေး မဖြစ်စေရန်အတွက် ဖေဖော်ဝါရီ ၂၂ ရက်မှ ၂၆ ရက်အထိ တောင်သာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများမှ ပင်စင်စားဝန်ထမ်းများအား နေ့စဉ် နံနက် ၇ နာရီမှ ညနေ ၃ နာရီအထိ ထုတ်ပေးလျက်ရှိသည်။

ထို့ပြင် သတ်မှတ်ရက်များတွင်လာရောက်ထုတ်ယူခြင်းမရှိသော ပင်စင်စားဝန်ထမ်းများအား မတ်လဆန်းတွင် ဘဏ်လုပ်ငန်းချိန်အတွင်း၌ ပင်စင်များကို ထုတ်ပေးမည်ဖြစ်သည်။ ယမန်နေ့က ပင်စင်လစာထုတ်ယူသူ ၃၅၀ ရှိခဲ့ပြီး ယနေ့တွင် ပင်စင်လစာထုတ်ယူသူ ၄၅၀ ရှိခဲ့သည်။ တောင်သာမြို့နယ်အတွင်းရှိ မြန်မာ့စီးပွားရေးဘဏ်မှ ပင်စင်ထုတ်ယူသူ စုစုပေါင်း ၂၁၀၀ ဦးရှိကြောင်း မြန်မာ့စီးပွားရေးဘဏ် ဦးသန်းထွန်းက ပြောကြားခဲ့သည်။ **ကျော်မျိုးနိုင်(တောင်သာ)**



**စစ်ကိုင်း**

စစ်ကိုင်းမြို့ မြန်မာ့စီးပွားရေးဘဏ်မှ မြို့နယ်အတွင်းရှိ နိုင်ငံ့ဝန်ထမ်း (အငြိမ်းစား)များ၏ ပင်စင်လစာများကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်၍ အဆင်ပြေချောမွေ့စွာစတင်ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

" နိုင်ငံ့ဝန်ထမ်းများရဲ့ ပင်စင်လစာတွေကို ဖေဖော်ဝါရီ ၂၂ ရက်က စတင်ပြီး ဦးစားပေးအနေဖြင့် စတင်ထုတ်ပေးနေပါတယ်၊ စစ်ကိုင်းမြို့နယ်အတွင်းမှာဆိုရင် နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား)ပင်စင်လစာ ထုတ်ယူသူဦးရေ ၄၇၀၀ ရှိပါတယ်၊ လစဉ် ၂၁ ရက်နေ့ ဆိုရင် ပုံမှန်ထုတ်ပေးခဲ့ပါတယ်၊ တစ်နေ့ကို လူဦးရေ ၁၀၀၀ လောက်ထိထုတ်ပေးနိုင်အောင် စီစဉ်ဆောင်ရွက်ပေးထားပါတယ်၊ ပင်စင်လာရောက် ထုတ်ယူကြတဲ့ အငြိမ်းစားဝန်ထမ်းများကိုလည်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး လမ်းညွှန်ချက်များနှင့်အညီ စနစ်တကျထုတ်ပေးနေပါတယ်၊ အားလုံးမကျန်ရအောင် အဆင်ပြေစွာ ထုတ်ပေးသွားမှာပါ" ဟု မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးက ပြောပြ၍သိရသည်။

ပိုးတန်းရပ်ကွက်မှ နိုင်ငံ့ဝန်ထမ်း(အငြိမ်းစား) ပင်စင်လစာလာရောက်ထုတ်ယူသူ တစ်ဦးကလည်း မနေ့ကလာရောက်ထုတ်ယူမလို့ပါပဲ၊ လူများမယ်ထင်လို့ ဒီနေ့မှ လာထုတ်တာပါ၊ ငွေထုတ်ရတာ အဆင်ပြေပါတယ် ဘဏ်ဝန်ထမ်းများကလည်း ဦးစားပေးနာမည်ခေါ်ပြီး ထုတ်ပေးနေပါတယ်"ဟု ပြောပြခဲ့ကြောင်း သိရသည်။ **ဇော်မြင့်နိုင်**

**ကျောက်ပန်းတောင်း**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် မြန်မာ့စီးပွားရေးဘဏ်(ခွဲ)တွင် အငြိမ်းစားဝန်ထမ်းများအတွက် ပင်စင်လစာငွေများကို ဖေဖော်ဝါရီ ၂၂ ရက် နံနက် ၆ နာရီမှ စတင်၍ ကိုဗစ်-၁၉ ဆိုင်ရာစည်းကမ်းချက်များနှင့် အညီ အဆင်ပြေ လွယ်ကူစွာ ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

ကျောက်ပန်းတောင်းမြို့နယ်တွင် နိုင်ငံ့ဝန်ထမ်း အငြိမ်းစားဦးရေ ၄၄၀၀ ကျော်ရှိကြောင်းနှင့် အငြိမ်းစားပင်စင် လစာငွေများကို လစဉ် ၂၁ ရက်မှ စတင်ထုတ်ပေးလျက်ရှိကြောင်းသိရပြီး နောက်လအထိ အဆင်ပြေလွယ်ကူအောင် စီစဉ်ထုတ်ပေးခြင်းဖြစ်သည်။ ပင်စင်လစာငွေထုတ်ပေးခြင်းကို လစဉ် ၂၁ ရက်မှစတင်၍ နံနက် ၆ နာရီမှ ညနေ ၃ နာရီအထိ နေ့စဉ်ထုတ်ပေးနေခြင်းဖြစ်ပြီး ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် ကိုဗစ်-၁၉ ဆိုင်ရာစည်းကမ်းများနှင့်အညီ ထုတ်ပေးခြင်းဖြစ်သည်။ အငြိမ်းစားပင်စင်စားများအတွက် ပင်စင်လစာငွေများကို အစဉ်ပြေလွယ်ကူစွာ ထုတ်ပေးနေပြီး နိုင်ငံ့ဝန်ထမ်း လစာများကိုလည်း သတ်မှတ်ရက်အတိုင်း ထုတ်ဝေပေးနိုင်ရန် စီစဉ်ထားရှိပြီးဖြစ်သည်။ **နေအောင်(ပြန်/ဆက်)**

**မော်လိုက်**

စစ်ကိုင်းတိုင်းဒေသကြီး မော်လိုက်ခရိုင် မြန်မာ့စီးပွားရေးဘဏ်၌ အငြိမ်းစားပင်စင်စား ဝန်ထမ်းများအတွက် ပင်စင်လစာငွေများကို ဖေဖော်ဝါရီ ၂၂ ရက်မှ စတင်၍ ပုံမှန်အတိုင်း ထုတ်ပေးလျက်ရှိကြောင်း သိရသည်။

မော်လိုက်မြို့နယ်အတွင်းရှိ အငြိမ်းစားပင်စင်စားဝန်ထမ်းများအတွက် ပင်စင်လစာငွေများကို ကိုဗစ်-၁၉ ရောဂါကာကွယ်ရေး နည်းလမ်းများနှင့်အညီ ဖေဖေါ်ဝါရီလ ၂၂ ရက်နေ့စတင်၍ ပုံမှန်ထုတ်ပေးလျက်ရှိကြောင်း၊ ပင်စင်လစာငွေများထုတ်ပေးရာ၌ လူစုလူဝေး မဖြစ်ပွားစေရန် ဖေဖော်ဝါရီလ ၂၂ ရက် နောက်ပိုင်း ရုံးဖွင့်ရက်များတွင် ထုတ်ပေးသွားနိုင်ရေး စီစဉ်ဆောင်ရွက်ထားကြောင်း မော်လိုက်ခရိုင် မြန်မာ့စီးပွားရေးဘဏ်မှ တာဝန်ရှိသူတစ်ဦးထံမှ သိရသည်။ မော်လိုက်မြို့နယ်တွင် အငြိမ်းစားပင်စင်ဝန်ထမ်းပြည်သူများ ပင်စင်လစာငွေများ အဆင်ပြေ ချောမွေ့စွာ ထုတ်ယူနိုင်ရေးအတွက် မြန်မာ့စီးပွားရေးဘဏ်ဝန်ထမ်းများမှ ဝိုင်းဝန်းကူညီဆောင်ရွက် ပေးလျက်ရှိပြီး၊ မော်လိုက်မြို့နယ်တွင် အငြိမ်စားပင်စင်စားဝန်ထမ်း စုစုပေါင်း ၆၀၀ ခန့်ရှိကြောင်း မြန်မာ့စီးပွားရေးဘဏ်မှ သိရသည်။ (၁၄၂)

---

**စာမျက်နှာ ၂၅ မှ**

ရွှေအင်ပင်ကျောင်းသည် သီပေါမင်း၏ ကောင်းမှုတော်ရွှေကျောင်းပြီးလျှင် မြန်မာမှုလက်ရာပန်းပုရုပ်များ အများဆုံးတပ်ဆင်ထားသည့်ကျောင်းကြီးဖြစ်သည်။ ထို့ကြောင့် မြန်မာမှု၊ မြန်မာ့ဟန် အပြောင်အမွမ်းများကိုတွေ့မြင်နိုင်ပါသည်။

ကျောင်းတိုက် အဝင်တံခါးတစ်ဖက်စီတွင် လောကပါလ နတ်မင်းကြီးလေးပါးပုံကို တွေ့ရသည်။ ကျောင်းကြီး၏ ပတ်လည်တွင် သစ်သားခင်းစင်္ကြံလမ်းကို လေးဖက်စလုံးခင်းထားသည်။ စင်္ကြံလမ်းတစ်လျှောက် သစ်သားနံရံများတွင် ပန်းနွယ်၊ ပန်းခက်၊ ပန်းပုလက်ရာတို့ဖြင့်တန်ဆာဆင်ထားသည်။ ရွှေအင်ပင်ကျောင်းတိုက်၏ မုခ်ဦးပြာသာဒ်ကိုဘုံခုနစ်ဆင့်ဖြင့် တည်ဆောက်ထားပြီး၊ ဆောင်မကြီး၏ အရှေ့ မာရဘင်ဆောင်ကိုဘုရားဆောင်အဖြစ်အသုံးပြုထားပါသည်။"မာရဘင်"ဟူသည်ကျောင်းဆောင်ကြမ်းပြင်မှ အမိုးအထိပိတ်ထားသော အကာအရံဖြစ်ပါသည်။ ဘုရားပလ္လင်အောက်ခြေနှစ်ဖက်ရှိ လောကနတ်ရုပ်နှစ်ရုပ်သည် အလွန်လက်ရာမြောက်သည်ဟု ဆိုပါသည်။

ရွှေအင်ပင်ကျောင်း၏ တောင်ဘက်ဝရန်တာလက်ရန်းများတွင် ဇာတ်ကြီးဆယ်ဘွဲ့မှ ဝေဿန္တရာဇာတ်နှင့် ဘူရိဒတ်ဇာတ်တော်တို့ကို ထုလုပ်ထားပြီး၊ မြောက်ဘက်ဝရန်တာလက်ရန်းတွင်မူ ဝိဓူရဇာတ်နှင့်ဝေဿန္တရာဇာတ်မှ မဒီဒေဝီသစ်သီးရှာခန်းဇာတ်ကွက်များကို ထုလုပ်ထားပါသည်။ တံခါးရွက်များတွင်မူ သဏ္ဍာန်မတူသည့် နတ်ရုပ်များကို ထုလုပ်ထားသည်။ ရွှေအင်ပင်ကျောင်းကြီးကို တိုင်ပေါင်း ၁၅၄ လုံးဖြင့် တည်ဆောက်ထားသည်။ ရွှေအင်ပင်ကျောင်းကြီး၏ သက်တမ်းအားဖြင့်သည် နှစ်ပေါင်း ၁၀၀ ကျော်ပြီဟု သိရပါသည်။

မြန်မာနိုင်ငံသည် ကိုယ့်ထီးကိုယ့်နန်း ကိုယ့်ကြငှာန်းဖြင့်နေလာခဲ့ကြသလို ကိုယ်ပိုင်ယဉ်ကျေးမှု၊ ကိုယ်ပိုင်အနုပညာလက်ရာများဖြင့် တင့်တယ်စွာနေလာခဲ့သူများဖြစ်ပါသည်။ ရှေးတုန်းကဘိုးဘေးများနှင့် ရှင်ဘုရင်တို့ အံ့ဩဖွယ်ကောင်းလှသော အနုပညာလက်ရာများကိုဖန်တီးခဲ့ကြသည်။ တည်ဆောက် လှူဒါန်းခဲ့ကြသည်။ ထိုအနုပညာလက်ရာများစွာထဲကမှ အထက်တွင်စာရေးသူဖော်ပြခဲ့သော ကျောင်းတော်ကြီးများသည်လည်း တန်ဖိုးမဖြတ်နိုင်သော မြန်မာ့ဟန်၊ မြန်မာ့ဗိသုကာလက်ရာဆန်းများပင်ဖြစ်ပါသည်။

အထက်ဖော်ပြပါ ကျောင်းတော်ကြီးများသည် ယဉ်ကျေးမှုအမွေအနှစ်အဖြစ် အနုပညာဗိသုကာအစွမ်းကို ခမ်းနားထည်ဝါစွာတွေ့မြင်ကြရပြီးဖြစ်ပါသည်။ ထိုသို့သောကျောင်းကြီးများသည် ကမ္ဘာတစ်ဝန်းတွင် မြန်မာပြည်၌သာ အများအပြားတွေ့ရပါသည်။ ဂုဏ်ယူစရာကောင်းလှပေသည်။ ဒါကြောင့်မို့ အဖိုးမဖြတ်နိုင်သော ကျောင်းတော်ကြီးများသည် မြန်မာတို့၏ အတွေးအခေါ်နှင့် ယဉ်ကျေးမှုအဆင့်အတန်းကို ဖော်ပြနေပါသည်။ ထိုကျောင်းတော်ကြီးများသည် မြန်မာနိုင်ငံသူနိုင်ငံသားတို့နှင့် နှောင်းလူတို့အတွက် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုအမွေအနှစ်များဖြစ်သည့်အတွက် တန်ဖိုးထားထိန်းသိမ်းကြစေလိုကြောင်း ရေးသားတင်ပြလိုက်ပါသည်။ ။

ယခုတစ်ပတ်မှာတော့ ယူရိုပါလိဂ် ၃၂ သင်း အဆင့် ဒုတိယအကျော့ပွဲစဉ်များကို ဆက်လက်ကျင်းပသွားမှာ ဖြစ်ပါတယ်။ အဆိုပါအဆင့်မှာ နာမည်ကြီးအသင်းများဖြစ်တဲ့ မန်ယူ၊ စပါး၊ ရိုးမား၊ အေစီမီလန်၊ အာဆင်နယ်၊ နာပိုလီစသည့် အသင်းများ ပါဝင်နေတာကြောင့် စိတ်ဝင်စားဖွယ် ကောင်းပါတယ်။ ဒါကြောင့်ဘယ်အသင်းက ဒုတိယအကျော့မှာ ရလဒ်ကောင်းပိုင်ဆိုင်သွားမလဲ စောင့်ကြည့်ရမှာ ဖြစ်ပါတယ်။

# အိမ်ကွင်းမှာ ဆိုစီဒက်ကို ထပ်မံအနိုင်ယူသွားမလား



■ မိုးဇက် - စုစည်းသည်

## အိုင်းယက်စ် VS လိုင်လီ

ပ_ကျော့ရလဒ် လိုင်လီ ၁-၂ အိုင်းယက်စ်

ယူရိုပါလိဂ် ၃၂ သင်းအဆင့် ပွဲစဉ်အဖြစ် အိုင်းယက်စ်အသင်းနဲ့ လိုင်လီအသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၆ ရက် နံနက်အစောပိုင်းမှာ အိုင်းယက်စ်အိမ်ကွင်း၌ ယှဉ်ပြိုင်ကစားမှာ ဖြစ်ပါတယ်။ အိုင်းယက်စ်အသင်းက နယ်သာလန်လိဂ်မှာ ၂၂ ပွဲကစားပြီး အမှတ်ပေးဇယားကို ဦးဆောင်ထားပါတယ်။ ဒါ့အပြင် နောက်ဆုံး ယှဉ်ပြိုင်ကစားထားတဲ့ ပြိုင်ပွဲစုံ ၁၀ ပွဲမှာ ၁၀ ပွဲစလုံးနိုင်ပွဲရရှိထားတာကြောင့် အိုင်းယက်စ်အသင်း ခြေစွမ်းတည်ငြိမ်နေပြီး ယခုပွဲစဉ်ကလည်း အိုင်းယက်စ်အသင်း အိမ်ကွင်းဖြစ်တာကြောင့် ရလဒ်ကောင်းပိုင်ဆိုင်သွားဖွယ်ရှိနေပါတယ်။ လိုင်လီအသင်းကလည်း ပြင်သစ်လိဂ်မှာ အမှတ်ပေးဇယားကိုဦးဆောင်ထားပေမယ့် ခြေစွမ်းတည်ငြိမ်နေတဲ့ အိုင်းယက်စ်ကို အနိုင်ရဖို့ မလွယ်ပါဘူး။

## နာပိုလီ VS ဂရန်နာဒါ

ပ_ကျော့ရလဒ် ဂရန်နာဒါ ၂-၀ နာပိုလီ

စပိန်ကလပ် ဂရန်နာဒါအသင်းရဲ့ ခြေစွမ်းက နောက်ဆုံးခြောက်ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားနိုင်တာကြောင့် ခြေစွမ်းတည်ငြိမ်မှု မရှိပါဘူး။ နာပိုလီအသင်းကလည်း နောက်ဆုံးငါးပွဲမှာ တစ်ပွဲသာနိုင်အောင် စွမ်းဆောင်ထားပြီး ကျန်လေးပွဲစလုံးရှုံးနိမ့်ထားတာဖြစ်ပါတယ်။ ဒါပေမယ့် စီးရီးအေ ၂၂ ပွဲမှာ ရဂိုးက ၄၇ ဂိုးအထိ ရရှိထားတာကို တွေ့ရတယ်။ ဂရန်နာဒါအသင်းက လာလီဂါ ၂၄ ပွဲမှာ ရဂိုးက ၂၉ ဂိုးသာရှိတာကြောင့် နာပိုလီအသင်းရဲ့ တိုက်စစ်ပိုင်းကို မယှဉ်သာပါဘူး။ ခံစစ်ပိုင်းကလည်း ပေးဂိုး ၄၁ ဂိုးအထိ ရှိတာကြောင့် ခံစစ်အဆိုးဆုံးအသင်းအဖြစ် ရှိနေပါတယ်။ ဒါကြောင့် နာပိုလီအသင်းအနေနဲ့ ယနေ့ပွဲစဉ်မှာ တိုက်စစ်ပိုင်းကိုသာ အားပြုကစားရင် နောက်တစ်ဆင့် တက်ရောက်နိုင်ဖွယ်ရှိပါတယ်။

## အေစီမီလန် VS ဇဗက်ဒါ

ပ_ကျော့ရလဒ် ဇဗက်ဒါ ၂-၂ အေစီမီလန်

အေစီမီလန်အသင်းရဲ့ လက်ရှိခြေစွမ်းက အားရစရာမရှိဘဲ နောက်ဆုံးကစားခဲ့တဲ့ သုံးပွဲမှာ နှစ်ပွဲအထိ ရှုံးနိမ့်ထားပါတယ်။ အမှတ်ပေးဇယားမှာလည်း ဦးဆောင်သူ အင်တာမီလန်အသင်းနဲ့ လေးမှတ်အထိ ကွာဟနေပါတယ်။ ဇဗက်ဒါအသင်းက ဆားဘီးယားကလပ်မှာ ကစားနေတဲ့အသင်းဖြစ်ပြီး ဆားဘီးယားလိဂ်တွင် ၂၂ ပွဲကစားပြီး အမှတ်ပေးဇယားကို ဦးဆောင်ထားပါတယ်။ အဆိုပါ ၂၂ ပွဲမှာ တိုက်စစ်ပိုင်းက ၅၇ ဂိုးအထိရှိပြီး ခံစစ်ပိုင်းက ကိုးဂိုးသာခွင့်ပြုပေးထားရတာကြောင့် အသင်းလိုက်စွမ်းဆောင်ရည် အထူးကောင်းမွန်နေတာကို တွေ့ရတယ်။ အေစီမီလန်အသင်းအနေနဲ့ အိမ်ကွင်းဆိုသော်ငြား တိုက်စစ်အားပြုမကစားရင် နောက်တစ်ဆင့်တက်မယ့် အသင်းက ဇဗက်ဒါအသင်းဖြစ်မယ်။

## အာဆင်နယ် VS ဘင်ဖီကာ

ပ_ကျော့ရလဒ် ဘင်ဖီကာ ၁-၁ အာဆင်နယ်

အာဆင်နယ်အသင်းရဲ့လက်ရှိခြေစွမ်းက အားရစရာမကောင်းဘဲ နောက်ဆုံး ခြောက်ပွဲမှာ တစ်ပွဲသာ နိုင်ပွဲရရှိထားပါသေးတယ်။ ဘင်ဖီကာအသင်းကလည်း နောက်ဆုံးခြောက်ပွဲမှာ နှစ်ပွဲသာ နိုင်ပွဲရရှိပြီး လေးပွဲသရေကျထားပါတယ်။ ပေါ်တူဂီလိဂ်မှာ ပွဲ ၂၀ ကစားပြီး ပေးဂိုးက ၁၇ ဂိုးသာ ခွင့်ပြုပေးထားရပါတယ်။ အာဆင်နယ် အသင်းက ပရီမီယာလိဂ် ၂၅ ပွဲမှာ ၂၆ ဂိုးခွင့်ပြုပေးထားရပါတယ်။ ဒါကြောင့် အာဆင်နယ်အသင်းထက် ဘင်ဖီကာအသင်း ခံစစ်ပိုင်းက သာလွန်နေတာကို သတိပြုရမယ်။ ပထမအကျော့မှာ တစ်ဖက်တစ်ဂိုးစီသရေဆိုပေမယ့် ယခုပွဲစဉ်က အာဆင်နယ်အိမ်ကွင်းဖြစ်တာကြောင့် ဘင်ဖီကာအသင်း နောက်တစ်ဆင့်တက်ဖို့ ရေကုန်ရေခန်းယှဉ်ပြိုင်ကစားရမယ်။

## မန်ယူ VS ဆိုစီဒက်

ပ_ကျော့ရလဒ် ဆိုစီဒက် ၀-၄ မန်ယူ

ပထမအကျော့မှာ ဆိုစီဒက်အသင်းကို လေးဂိုးပြတ်အနိုင်ရရှိထားပြီး ဖေဖော်ဝါရီ ၂၈ ရက်မှာ ချယ်ဆီးအသင်းနဲ့ ယှဉ်ပြိုင်ကစားရဖို့ရှိတာကြောင့် မန်ယူအသင်းအနေနဲ့ ယနေ့ပွဲစဉ်မှာ လူစုံထုတ်ကာရင်ဆိုင်လာမလား စောင့်ကြည့်ရမယ်။ မန်ယူအသင်းက နောက်ဆုံးနှစ်ပွဲမှာ တိုက်စစ်က ခုနစ်ဂိုးအထိရှိပြီး ပေးဂိုးက တစ်ဂိုးသာရှိတာကြောင့် အသင်းလိုက်စွမ်းဆောင်ရည်ထက်မြက်နေတာကို တွေ့ရတယ်။ ဆိုစီဒက်အသင်းက ပြီးခဲ့တဲ့ပွဲစဉ်မှာ အလာဗက်စ်အသင်းကိုလေးဂိုးပြတ်အနိုင်ရရှိထားတာကြောင့် ခြေစွမ်းအတက်ဘက်ရောက်နေတယ်။ ဒါပေမယ့်လည်း ယခုပွဲစဉ်က မန်ယူအိမ်ကွင်းဖြစ်တာကြောင့် ဆိုစီဒက်အသင်းနိုင်ဖွယ်ရာရှိသော်လည်း နောက်တစ်ဆင့်တက်မယ့်အသင်းက မန်ယူအသင်းဖြစ်မယ်။

## လက်စတာ VS ပရော့

ပ_ကျော့ရလဒ် ပရော့ ၀-၀ လက်စတာ

လက်စတာအသင်းက နောက်ဆုံးခြောက်ပွဲဆက် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိပါဘူး။ ဒါကြောင့် ခြေစွမ်းကျစ်လျစ်မှုရှိတယ်လို့ ဆိုရမယ်။ ပရော့အသင်းကလည်း နောက်ဆုံးပြိုင်ပွဲစုံ ၁၂ပွဲဆက် ရှုံးပွဲကြုံတွေ့ထားခြင်းမရှိပါဘူး။ ဒါကြောင့် ပရော့အသင်းကလည်း တည်ငြိမ်နေတာကို တွေ့ရတယ်။ ချက်လိဂ်အမှတ်ပေးဇယားမှာ ပရော့အသင်းက ပွဲ ၂၀ ကစားပြီး ရှုံးပွဲကြုံတွေ့ထားခြင်းမရှိဘဲ သရေလေးပွဲနဲ့ ၁၆ ပွဲ နိုင်ပွဲရရှိအောင် စွမ်းဆောင်ထားပါတယ်။ ဒါ့အပြင် ပေးဂိုးကလည်း ၁၂ ဂိုးသာရှိတာကြောင့် ခံစစ်အကောင်းဆုံးအသင်းအဖြစ် ရှိနေပါတယ်။ ကျစ်လျစ်မှုရှိတဲ့ လက်စတာအသင်းက အိမ်ကွင်းလည်းဖြစ်တာကြောင့် နောက်တစ်ဆင့်တက်ဖို့ ရလဒ်ကောင်းပိုင်ဆိုင်သွားဖွယ်ရှိနေပါတယ်။

## နောက်ဆုံးရ သတင်းတိုများ



■ စီးရီးအေ ချန်ပီယံ ဂျူး ဗင် တပ်စ် အသင်းသည် အသက် (၂၇ နှစ်) အရွယ် အာဂျင်တီးနား တိုက်စစ်ကစားသမား ဒိုင်ဘာလာကို ယခုနှစ်နွေရာသီတွင် ရောင်းထုတ်သွားဖွယ်ရှိနေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ၎င်းသည် ယခုနှစ်ရာသီ စီးရီးအေတွင် ၁၁ ပွဲပါဝင်ကစားခွင့်ရရှိထားပြီး နှစ်ဂိုးသာ သွင်းယူထားနိုင်သည်။ ပရီမီယာလိဂ်ကလပ်များဖြစ်သည့် လီဗာပူး၊ မန်ယူနှင့် စပါးအသင်းတို့သည် ဒိုင်ဘာလာ၏ အခြေအနေကို စောင့်ကြည့်လျက်ရှိနေကြောင်း သိရသည်။

■ စပါးအသင်းနှင့် ဒေါ့မွန်အသင်းတို့သည် မန်ယူအသင်းမှ အင်္ဂလန်ဂိုးသမား ဒိန်းဟန်ဒါဆင် (၂၃နှစ်) ကို ခေါ်ယူရေး ကြိုးစားလျက်ရှိနေကြောင်း သိရသည်။

■ ချယ်ဆီးအသင်းသည် ယခုနှစ်နွေရာသီတွင် ဂျာမန်ကလပ် ဒေါ့မွန်အသင်းမှ အသက် ၂၀ အရွယ် နော်ဝေတိုက်စစ်ကစားသမား ဟာလန်းကို ခေါ်ယူနိုင်လိမ့်မည်ဟု ယုံကြည်နေကြောင်း သတင်းများတွင် ဖော်ပြထားသည်။ ချယ်ဆီးအသင်းပိုင်ရှင် အေဗရာမိုဗစ်သည် လာမည့်အပြောင်းအရွှေ့ကာလ ကစားသမားခေါ်ယူမှုအတွက် နည်းပြ တူချယ်အား ပေါင်သန်း ၂၆၀ ထုတ်ပေးသွားဖွယ်ရှိကြောင်း သိရသည်။

■ ဝက်စ်ဟမ်းအသင်းသည် အသင်းမှ အသက် (၂၂ နှစ်)အရွယ် အင်္ဂလန်ကွင်းလယ်ကစားသမား ရိုက်စ်အတွက် ပေါင်သန်း ၁၀၀ ကျော် ကမ်းလှမ်းမှုများကိုသာ လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်း သိရသည်။

■ အာဆင်နယ်အသင်းသည် အသင်းမှ အသက် (၂၁နှစ်)အရွယ် နယ်လ်ဆင်အတွက် ကမ်းလှမ်းမှုများကို ရာသီကုန်တွင် စဉ်းစားသွားဖွယ်ရှိကြောင်း သိရသည်။

■ မန်ယူအသင်းသည် ဖီအိုရင်တီးနားအသင်းမှ နီကိုလာ မီလန်ကိုဗစ်ကို ခေါ်ယူရန် စိတ်ဝင်စားနေကြောင်း သိရသည်။ အဆိုပါ ခံစစ်ကစားသမားကို ဒေါ့မွန်အသင်းကလည်း ခေါ်ယူရန် ပစ်မှတ်ထားနေကြောင်း သိရသည်။

# လာဇီယိုအိမ်ကွင်းမှာ ဂိုးပြတ်အနိုင်ယူခဲ့သည့် ဂျာမန်ချန်ပီယံ ဘိုင်ယန်

ယူအီးအက်ဖ်အေချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်အဖြစ် အီတလီကလပ် လာဇီယိုအသင်းနှင့် ဂျာမန်ကလပ် ဘိုင်ယန်မြူးနစ်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဘိုင်ယန်မြူးနစ်အသင်းက လေးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိကာ နောက်တစ်ဆင့်တက်ရောက်ရန် အခြေအနေကောင်းတစ်ခုပိုင်ဆိုင်ခဲ့သည်။

လာဇီယိုအသင်းက ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန်အတွက် ရိန်နာ၊ ပါထရစ်၊ အကာဘီ၊ အယ်ဘတ်တို၊ မာရူဆစ်၊ ကော်ရဲရား၊ အင်မိုဘိုင်းစသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းကလည်း အင်အားအတောင့်တင်းဆုံးပုံစံဖြစ်သည့် နူအာ၊ ဒေးဗီးစ်၊ မူဆီလာ၊ အယ်ဘာ၊ ဘိုတန်၊ ကင်မစ်ချ်၊ ကိုးမန်း၊ ဆာနေး၊ လီဝမ်ဒေါစကီးစသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

ယနေ့ပွဲစဉ်တွင် နှစ်သင်းစလုံးအပြန်အလှန်ထိုးဖောက်တိုက်စစ်ဆင်မှုကို တွေ့ခဲ့ရသော်လည်း အဆုံးသတ်သေချာသည့် ဘိုင်ယန်မြူးနစ်အသင်းက ဦးဆောင်ဂိုးစတင်ရှိခဲ့သည်။ အဆိုပါ ဦးဆောင်ဂိုးကို ပွဲချိန် ကိုးမိနစ်တွင် လီဝမ်ဒေါစကီးက သွင်းယူပေးခဲ့သည်။ ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် လာဇီယိုအသင်းက ဖိအားပေးကစားလာနိုင်ခဲ့သော်လည်း ဘိုင်ယန်မြူးနစ်အသင်းကသာ ဂိုးရရှိခဲ့သည်။ ဘိုင်ယန်မြူးနစ်အသင်းအတွက် ဒုတိယဂိုးကို မူဆီလာက ပွဲချိန်၂၄ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။ တတိယဂိုးကို ဆာနေးက ပွဲချိန် ၄၂ မိနစ်တွင် သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို သုံးဂိုး-ဂိုးမရှိဖြင့် ဘိုင်ယန်မြူးနစ်အသင်းက ဦးဆောင်နိုင်ခဲ့သည်။ ဒုတိယပိုင်းပြန်အစတွင် လာဇီယိုအသင်းမှ အကာဘီက ကိုယ့်ဂိုးကိုယ်သွင်းယူမိသလိုဖြစ်ခဲ့သည့်အတွက် ဘိုင်ယန်မြူးနစ်အသင်း စတုတ္ထဂိုးရရှိခဲ့သည်။ လာဇီယိုအသင်းအတွက် ချေပဂိုးကို ပွဲချိန် ၄၉ မိနစ်တွင် ကော်ရဲရားက သွင်းယူပေးခဲ့သည်။ ယနေ့ပွဲစဉ်တွင် ဘိုင်ယန်မြူးနစ်အသင်းအတွက် တစ်ဂိုးသွင်းယူနိုင်ခဲ့သော လီဝမ်ဒေါစကီးသည် ချန်ပီယံလိဂ်သွင်းဂိုးအများဆုံးစာရင်းတွင် ရာအူးလ်ကို ကျော်ဖြတ်ကာ ၇၂ ဂိုးဖြင့် တတိယမြောက်သွင်းဂိုးအများဆုံးကစားသမားဖြစ်လာခဲ့သည်။



# ဆောက်သမ်တန်ကို အနိုင်ယူပြီး အဆင့် (၁၀) အထိ တက်လှမ်းလာတဲ့ လိဒ်စ်

**ပရီမီယာလိဂ်ပွဲစဉ် (၁၈)မှ လက်ကျန်ပွဲစဉ်ဖြစ်သည့် လိဒ်စ်အသင်းနှင့် ဆောက်သမ်တန်အသင်းတို့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားရာ လိဒ်စ်အသင်းက သုံးဂိုးပြတ် အနိုင်ရရှိကာ အမှတ်ပေးဇယား အဆင့် (၁၀) အထိ တက်လှမ်းလာနိုင်ခဲ့သည်။**

လိဒ်စ်အသင်းသည် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန်အတွက် မက်စ်လီယာ၊ လော်ရန်တေး၊ ကူပါ၊ ဟာရစ်ဆင်၊ ကလစ်ချ်၊ ဒါးလပ်စ်၊ ရာဖင်ဟာ၊ ရောဘတ်စ်၊ ဘမ်းဖို့ဒ်စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ဆောက်သမ်တန်အသင်းက နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲပျောက်ဆုံးနေမှုကို ချေဖျက်နိုင်ရန်အတွက် မက္ကာသီ၊ ဘာထရန်၊ ဆာ လီဆူ၊ ဗက်စ်တာဂတ်၊ တယ်လာ၊ ရိုမီယူ၊ ဝပ်ပရောက်စ်၊ အမ်းစ်ထရောင်း၊ ရက်မွန်၊ အဒမ်စ်စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။



လိဒ်စ်ကစားသမား ရာဖင်ဟာကို ဆောက်သမ်တန်အသင်းမှ ရိုမီယူဖျက်ထုတ် ဟန့်တားစဉ်။

လိဒ်စ်အသင်းသည် နောက်ဆုံးကစားခဲ့သည့် အာဆင်နယ်၊ ဝုဖ်အသင်းတို့ကို နှစ်ပွဲဆက်ရှုံးနိမ့်ထားသောကြောင့် ယနေ့ပွဲစဉ်ကို အနိုင်ရရှိရန် အားစိုက်ကစားလာခဲ့သည်ကို တွေ့ရသည်။ ပထမပိုင်းပွဲချိန်အတွင်း အပြန်အလှန်ထိုးဖောက်မှု၊ ဂိုးပေါက်ကန်သွင်းမှုများရှိခဲ့သော်လည်း လိုအပ်နေသည့်ဂိုးများကို မြင်တွေ့ခဲ့ရခြင်းမရှိပေ။ ဒုတိယပိုင်းအစတွင် လိဒ်စ်အသင်းက ကစားကွက်အပြောင်းအလဲလုပ်ကာ လူစားလဲမှုပြုလုပ်ခဲ့ပြီး ဟာရစ်ဆင်၏နေရာကို ကော့စ်တာဖြင့် အစားထိုးခဲ့သည်။ လူစားလဲမှုပြုလုပ်ပြီးနောက် မကြာမီ လိဒ်စ်အသင်းက ဦးဆောင်ဂိုး ရရှိခဲ့သည်။ အဆိုပါဂိုးကို ရောဘတ်စ်၏ ဖန်တီးပေးမှုတစ်ဆင့် ဘမ်းဖို့ဒ်က သွင်းယူပေးနိုင်ခဲ့သည်။

ဦးဆောင်ဂိုးခွင့်ပြုပေးလိုက်ရပြီးနောက် ဆောက်သမ်တန်အသင်းကလည်း ကစားကွက်အပြောင်းအလဲလုပ်ကာ လူစားလဲမှုများပြုလုပ်လာခဲ့သည်။ ရက်မွန်၏နေရာကို အင့်စ်၊ တယ်လာ၏နေရာကို မီနာမီနိုဖြင့် အစားထိုးလဲလှယ်ခဲ့သည်။ သို့သော်လည်း ဆောက်သမ်တန်အသင်းအနေဖြင့် လိုအပ်နေသည့် ချေပဂိုးရရှိခဲ့ခြင်း မရှိပေ။ ပွဲကစားချိန် ၇၈ မိနစ်တွင် လိဒ်စ်အသင်း ဒုတိယမြောက်ဂိုး ရရှိခဲ့ပြီး ကော့စ်တာ၏ ဖန်တီးပေးမှုမှတစ်ဆင့် ဒါးလပ်စ်က သွင်းယူပေးနိုင်ခဲ့သည်။ လိဒ်စ်အသင်းအတွက် တတိယဂိုးကို ပွဲကစားချိန် ၈၄ မိနစ်တွင် ရရှိခဲ့ပြီး ရာဖင်ဟာက သွင်းယူပေးနိုင်ခဲ့သည်။

ယနေ့ပွဲစဉ်တွင် ဆောက်သမ်တန်အသင်းအနေဖြင့် လိဒ်စ်အသင်းအပေါ် ဂိုးပေါက်ကန်သွင်းမှု၊ ဘောလုံးပိုင်ဆိုင်မှု အသာစီးရယူနိုင်ခဲ့သော်လည်း အဆုံးသတ် မသေချာမှုကြောင့် လိုအပ်နေသည့်ဂိုးများ မရရှိခဲ့ခြင်းဖြစ်သည်။

လိဒ်စ်အသင်းသည် ယခုပွဲစဉ်အနိုင်ရရှိမှုကြောင့် ၂၅ ပွဲ ကစားပြီး ရမှတ် ၃၅ မှတ်ဖြင့် အမှတ်ပေးဇယား အဆင့် (၁၀) နေရာအထိ တက်လှမ်းလာနိုင်ခဲ့ပြီဖြစ်သည်။ ဆောက်သမ်တန်အသင်းက ယခုပွဲစဉ်ရှုံးနိမ့်မှုကြောင့် ၂၅ ပွဲကစားပြီး ရမှတ် ၃၀ ဖြင့် အဆင့် (၁၄) နေရာတွင် ရပ်တည်နေသည်။

လိဒ်စ်အသင်းသည် လာမည့်ပွဲစဉ်အဖြစ် ဖေဖော်ဝါရီ ၂၈ ရက်တွင် အက်စ်တွန်ဗီလာအသင်းနှင့် ယှဉ်ပြိုင်ကစားရမည်ဖြစ်သည်။ ဆောက်သမ်တန်အသင်းက လာမည့်ပွဲစဉ်အဖြစ် မတ် ၂ရက်တွင် အဲဗာတန်အသင်းနှင့် ယှဉ်ပြိုင်ကစားရမည် ဖြစ်သည်။

■ **အောင်ဇော် - စုစည်းသည်**

❖ *ကျောဖုံးမှ*

ပွဲအစသုံးမိနစ်တွင် အက်စပီလီကျူတာ ဖြတ်တင်ပေးမှုကို အေတီမက် ခံစစ်ဖျက်ထုတ်ပုံ ကောင်းခဲ့သည့်အတွက် ချယ်ဆီးအသင်း ဦးဆောင်ဂိုးနှင့် ဝေးကွာခဲ့ရသည်။ ပွဲကစားချိန် ၁၃ မိနစ်တွင် အေတီမက်အသင်းမှ ဆွာရက်ဇ် ဂိုးရှေ့ ဖြတ်တင်ပေးလိုက်သည့် ဘောလုံးကို ပိတ်သွင်းယူမည့် ကစားသမား အဆင်သင့်မရှိသောကြောင့် ချယ်ဆီးအသင်း သက်သာရာရခဲ့သည်။ ပွဲချိန် ၁၆ မိနစ်တွင် အေတီမက် ခံစစ်ကစားသမား များ ချယ်ဆီးအသင်းမှ ဝါနာကို ဂိုးဧရိယာအတွင်း ဖျက်ထုတ်ပုံ ကြမ်းတမ်းခဲ့သော်လည်း ပယ်နယ်တီသတ်မှတ်ပေးခဲ့ခြင်း မရှိပေ။

### အနီးကပ်ပိတ်သွင်းခွင့် အသုံးမချနိုင်ခဲ့

ပွဲကစားချိန် မိနစ် ၃၀ ကျော်လွန်လာသည်အထိ နှစ်သင်းစလုံး ထိရောက်သည့် ဂိုးပေါက်ခြိမ်းခြောက်မှုများကို မြင်တွေ့ခဲ့ရခြင်း မရှိပေ။ သို့သော်လည်း ပွဲချိန် ၃၈ မိနစ်တွင် ချယ်ဆီးအသင်းမှ ဝါနာက အနီးစပ်ဆုံး ဂိုးပေါက်ကန်သွင်းမှုပြုလုပ်နိုင်ခဲ့သော်လည်း အေတီမက်ဂိုးသမား အော့ဘလက်ကာကွယ်နိုင်ခဲ့သည့်အတွက် ချယ်ဆီးအသင်း နစ်နာခဲ့ရသည်။ ပထမပိုင်းပွဲချိန်ပြီးခါနီးတွင် အေတီမက်အသင်းမှ ဆွာရက်ဇ် အနီးကပ်ပိတ်သွင်းခွင့်ရရှိခဲ့သော်လည်း အသုံးမချနိုင်ခဲ့ပေ။ ယနေ့ပွဲစဉ်တွင် အေတီမက် တိုက်စစ်ကစားသမား ဆွာရက်ဇ်ပုံမှန်ခြေစွမ်းပြသထားနိုင်ခြင်း မရှိသည်ကို တွေ့ရသည်။ ထို့နောက် နှစ်သင်းစလုံး ဂိုးသွင်းယူနိုင်ခြင်း မရှိသောကြောင့် ပထမပိုင်းကို ဂိုးမရှိသရေဖြင့် အဆုံးသတ်ခဲ့သည်။

ဒုတိယပိုင်းတွင် ချယ်ဆီးအသင်း ဦးဆောင်ဂိုးရရှိရန် အားစိုက်ကစားလာခဲ့သည်ကို တွေ့ရသည်။ ပွဲချိန် ၆၆ မိနစ်တွင် ချယ်ဆီးအသင်း ဦးဆောင်ဂိုးရရှိခဲ့ပြီး အဆိုပါဂိုးကို တိုက်စစ်ကစားသမား ဂျီရုဒ်က နောက်ပြန်ကန်ချက်ဖြင့် သွင်းယူပေးနိုင်ခဲ့သည်။ ထို့နောက် နှစ်သင်းစလုံး လူစားလဲမှုများပြုလုပ်ခဲ့သော်လည်း ဒုတိယပိုင်းပွဲချိန်ပြီးဆုံးသည်အထိ ဂိုးထပ်မံသွင်းယူနိုင်ခြင်း မရှိသောကြောင့် ဧည့်သည် ချယ်ဆီးအသင်းက တစ်ဂိုး-ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

### ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးခြောက်ဂိုးအထိ ရှိလာ

ချယ်ဆီးနည်းပြ တူချယ်သည် ဒီမတ်တီယိုနှင့် ဂူဟာစ်ဒင့်တို့ပြီးနောက် ပထမဆုံးချန်ပီယံလိဂ်ပြိုင်ပွဲတွင် နိုင်ပွဲရရှိခဲ့သည့် တတိယမြောက် ချယ်ဆီးနည်းပြဖြစ်လာခဲ့သည်။ ယနေ့ပွဲစဉ်တွင် တစ်ဂိုးသွင်းယူနိုင်ခဲ့သော ချယ်ဆီးတိုက်စစ်ကစားသမား ဂျီရုဒ်သည် ယခုနှစ်ရာသီ ချန်ပီယံလိဂ်ပြိုင်ပွဲတွင် သွင်းဂိုးခြောက်ဂိုးအထိ ရှိလာခဲ့ပြီဖြစ်သည်။ ထို့အပြင် အသက် ၃၄ နှစ်နှင့် ၁၄၆ ရက်ရှိပြီ ဖြစ်သော ဂျီရုဒ်သည် ချန်ပီယံလိဂ်ရှုံးထွက်အဆင့်တွင် ချယ်ဆီးအသင်းအတွက် ဂိုးသွင်းယူနိုင်ခဲ့သည့် အသက်အကြီးဆုံး ကစားသမားအဖြစ်လည်း မှတ်တမ်းဝင်ခဲ့သည်။

ပွဲချိန် ၅၅ စက္ကန့်တွင် ချယ်ဆီးအသင်းမှ မေဆင်မောင့်ကို ပြသခဲ့သော အဝါကတ်သည် ယခုနှစ်ရာသီချန်ပီယံလိဂ်တွင် အလျင်မြန်ဆုံးပြသခံရသည့် အဝါကတ်ဖြစ်ခဲ့ပြီး မေဆင်မောင့်မှာ နောက်ပွဲ ပါဝင်ကစားခွင့်နှင့် လွဲချော်ဖွယ်ရှိနေသည်။

## မြန်မာနိုင်ငံတော်ဗဟိုဘဏ် အိတ်ဖွင့်တင်ဒါကြော်ငြာ ထပ်မံပြင်ဆင်ချက်

၁။ မြန်မာနိုင်ငံတော်ဗဟိုဘဏ်၊ ရုံးလုပ်ငန်းများတွင် အသုံးပြုရန်အတွက် ရုံးသုံးစက်ပစ္စည်း (၁၂)မျိုး၊ ပရိဘောဂပစ္စည်း (၉)မျိုးနှင့် ရုံးသုံးစက်ပစ္စည်း (၁၁)မျိုးတို့ကို တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်တို့အား ၁၁-၂-၂၀၂၂ ရက်နေ့ ကြေးမုံသတင်းစာနှင့် ၁၂-၂-၂၀၂၂ရက်နေ့ မြန်မာ့အလင်းသတင်းစာများတွင် အိတ်ဖွင့်တင်ဒါကြော်ငြာပြင်ဆင်ချက်ဖြင့် ရွှေ့ဆိုင်းခဲ့ပါ သည်။

၂။ အဆိုပါ ပြင်ဆင်ထားသည့် တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက်နှင့် တင်ဒါဖွင့်လှစ်မည့်ရက်တို့အား အောက်ပါအတိုင်း ထပ်မံရွှေ့ဆိုင်းဆောင်ရွက်မည်ဖြစ်ပါသည်-

(က) ရုံးသုံးစက်ပစ္စည်း (၁၂)မျိုးနှင့် ရုံးသုံးပရိဘောဂပစ္စည်း (၉)မျိုး

| စဉ် | အကြောင်းအရာ | ရွှေ့ဆိုင်းမည့်ရက် |
|---|---|---|
| ၁ | တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | ၂-၄-၂၀၂၂ ညနေ ၄:၃၀နာရီ |
| ၂ | တင်ဒါဖွင့်လှစ်မည့်ရက် | ၅-၄-၂၀၂၂ နံနက် ၁၀:၀၀နာရီ |

(ခ) ရုံးသုံးစက်ပစ္စည်း (၁၁)မျိုး

| စဉ် | အကြောင်းအရာ | ရွှေ့ဆိုင်းမည့်ရက် |
|---|---|---|
| ၁ | တင်ဒါနောက်ဆုံးတင်သွင်းရမည့်ရက် | ၆-၄-၂၀၂၂ ညနေ ၄:၃၀ နာရီ |
| ၂ | တင်ဒါဖွင့်လှစ်မည့်ရက် | ၇-၄-၂၀၂၂ နံနက် ၁၀:၀၀နာရီ |

၃။ အသေးစိတ်သိရှိလိုသော အချက်များရှိပါက ဖုန်း-၀၆၇-၃၄၁၈၅၉၃၊ ၀၆၇-၃၄၁၈၂၈၃ (အင်ဂျင်နီယာဌာနစိတ်၊ စက်မှု) သို့ ရုံးချိန်အတွင်း စုံစမ်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ (၂၀)ရပ်ကွက်၊ ရန်ကင်းလမ်း၊ အမှတ် (၁၅၃)နေ ဦးမောင်မြင့် ၁၂/တမန(ပြု)၀၀၀၈၅၇နှင့် ဒေါ်ကာလီရာနီ ၁၂/တမန(နိုင်)၀၉၃၄၅၆တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် ကြေညာအပ်ပါ သည်။

ဦးမောင်မြင့်နှင့် ဒေါ်ကာလီရာနီတို့၏သားဖြစ်သူ ဦးရာဂျား ၁၂/တမန(နိုင်)၀၈၃၄၂၄ အမှတ် (၉၂၁)၊ ၃-လွှာ၊ ၁၁ လမ်း၊ သမိုင်း (၁)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၌ နေထိုင်သူသည် မိဘများ၏ ဆိုဆုံးမမှုကို မနာခံဘဲ စိတ်ဆင်းရဲအောင် အကြိမ်ကြိမ်ပြုလုပ်ခဲ့သည့်အပြင်၊ မိမိသဘောဆန္ဒအလျောက် နေအိမ်မှ ဆင်းသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ကြောင်းနှင့် သီရိမင်္ဂလာဈေးသစ်တွင် ဖွင့်လှစ်ထားသော ဦးမောင်မြင့် ပုဇွန်ခြောက် အရောင်းဆိုင်နှင့်လည်း သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း၊ ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စအဝဝကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားသူများ-**
**ဦးမောင်မြင့် (ဖခင်)**
**ဒေါ်ကာလီရာနီ (မိခင်)**

**ညွှန်ကြားချက်အရ-**
**ဒေါ်ဇင်မာမင်း**
**LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ**
**(စဉ်-၁၁၆၅၁/၁၅-၁၂-၂၀၁၆)**
**အမှတ် (၁၁၇)၊ အောင်မင်္ဂလာ ပတ်လမ်း၊ ကျောက်မြောင်းကြီး ရပ်ကွက်၊ တာမွေမြို့နယ်၊**
**ဖုန်း-၀၉-၄၂၀၀၃၁၃၅၂**

## ကန့်ကွက်နိုင်ပါကြောင်း

မြောင်းမြမြို့၊ ကွယ်လွယ်မြစန္ဒာရပ်ကွက်၊ ကွင်းအမှတ်(၂၀၆-က)၊ ကွယ်လွယ်ကွင်း၊ ဦးပိုင်အမှတ်(၃၄-က)၊ ဧရိယာ(၀ဒသမ၀၃)ကေရှိ မြေကွက်အား ဦးအောင်ပြည့်ဖြိုး ၁၄/မမန(နိုင်) ၁၇၄၀၆၅အမည်ဖြင့် အမည်ပြောင်း လျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးအောင်ပြည့်ဖြိုး**
**၁၄/မမန(နိုင်) ၁၇၄၀၆၅**

## အများသိစေရန်ကြေညာချက်

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ နဝဒေးရပ်ကွက်၊ ပုန်းညက်လမ်း၊ မြေတိုင်းရပ်ကွက်အမှတ် (၁၃/နဝဒေးရပ်)၊ မြေကွက်အမှတ်- ပစ(B)၂၀၈၉၊ အလျား(၈၀)ပေx အနံ(၆၀)ပေ ဧရိယာ ၀ဒသမ၁၁၀ ကေရှိ နှစ်(၃၀)အငှားဂရန်မြေကွက်နှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အားလုံးကို အရောင်းအဝယ်စာချုပ် အဆက်ဆက်ဖြင့် ပိုင်ဆိုင်ခဲ့ပြီး ဒေါ်ကေသီမြင့် ၉/အမဇ(နိုင်)၀၃၁၉၈၇ မှ ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံ၍ ကျွန်မ ဒေါ်ဇင်မာမိုးမှ ၁၆-၁၂-၂၀၂၀ ရက်တွင် အပြီးအပိုင်ဝယ်ယူပြီးဖြစ်ပါသဖြင့် ယခုလက်ရှိ ကျွန်မပိုင်မြေကွက်ဖြစ်ကြောင်းနှင့် ကျွန်မပိုင်ရေးဆိုင်ခွင့်အကျိုးစီးပွားကို ထိခိုက်နစ်နာစေရန်ရည်ရွယ်၍ ကျွန်မ၏ခွင့်ပြုချက်မရှိဘဲ ဝင်ရောက်ကျူးကျော်နေထိုင်ခြင်း ခွင့်ပြုချက်နှင့်နေသူတို့အား ဥပဒေမဲ့ ခြိမ်းခြောက်ဟန့်တားနှောင့်ယှက်ခြင်းတို့ ပြုလုပ်သူမည်သူကိုမဆို ဥပဒေအရတရားစွဲဆို အရေးယူသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဇင်မာမိုး**
**၁၂/လမန(နိုင်)၁၁၄၀၈၃**
**အမှတ်(၂၀၄၉၁)၊ ရွှေလီ(၁၀)လမ်း၊ မင်္ဂလာဒီပရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်**
**ဖုန်း-၀၉-၃၀၃၀၆၁၄၄၊ ၀၉-၄၃၂၀၄၀၅၉**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ပုဗ္ဗသီရိမြို့၊ ဇဝနဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၆/မြို့မရပ်မှ မြေဧရိယာ ၀ ဒသမ ၁၁၄ ဧကရှိ မြေကွက်အမှတ်(ပ-၂၂၁၀၂)၊ ဦးဇော်ဇော်အေး ၁၂/ဥကတ(နိုင်)၀၅၆၆၄၇ (ဘ)ဦးထွန်းအေး အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်မိုမိုအောင် ၉/ငဇန(နိုင်)၀၇၈၃၁၀ (ဘ)ဦးမျိုးအောင်မှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၁၈၄၆/၂၀၂၀ တင်ပြ၍ ဦးဂျူးသက်ပိုင် ၉/မထလ(နိုင်)၂၆၄၈၁၃၊ ဒေါ်မိုမိုအောင် ၉/ငဇန(နိုင်)၀၇၈၃၁၀ နှင့် မှတ်ပုံတင် အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန်အတွက် မြေပုံ/မြေရာဇဝင်ရေးကူးပေးပါရန် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်ရေးကူးခွင့် လျှောက်ထားမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးသုတေသနဦးစီးဌာန၏ သုတေသနစာတမ်းဖတ်ပွဲ ကျင်းပမည့်ရက် ရွှေ့ပြောင်းကြောင်း ကြေညာခြင်း

စိုက်ပျိုးရေးသုတေသနဦးစီးဌာနမှ ဦးဆောင်၍ တတိယအကြိမ် သုတေသနစာတမ်းဖတ်ပွဲကို သဘာဝအရင်းအမြစ်များ ရေရှည်တည်တံ့စေချင်၊ ရှုထောင့်စုံလင် ဆန်းသစ်တီထွင်(Innovative Inclusive and Sustainable Natural Resource Management) ခေါင်းစဉ်ဖြင့် စိုက်ပျိုးရေး သုတေသနဦးစီးဌာန၊ ရေဆင်း၌ ၂၀၂၂ခုနှစ် မတ် ၄ ရက်နှင့် ၅ ရက်တို့တွင် ကျင်းပပြုလုပ်မည်ဖြစ်ကြောင်း မြန်မာ့အလင်းသတင်းစာ၌ ကြေညာခဲ့ပါသည်။

အဆိုပါ သုတေသနစာတမ်းဖတ်ပွဲကို သတ်မှတ်ရက်ထက် (၁)လခန့် နောက်ကျ၍ ကျင်းပမည်ဖြစ်ပါသဖြင့် စာတမ်းဖတ်ပွဲ ကျင်းပပြုလုပ်မည့်ရက်အား ထပ်မံအသိပေး ကြေညာသွားမည်ဖြစ်ပါသည်။

**သုတေသနစာတမ်းဖတ်ပွဲကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/လှိုင်ထိပ်ခေါင်တင်၊ ဦးပိုင်အမှတ်(၂၇၄/၂၇၅)၊ ဧရိယာ(၀ဒသမ၁၄၆)ကေအား ဒေါ်နုနုအေး (ဘ)ဦးနု ၉/တကန(နိုင်) ၀၀၃၈၁၅မှ ပိုင်ဆိုင်ကြောင်းကျမ်းကျိန်လွှာအမှတ် (၁၂/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်း မူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာနမှလုပ်ထုံးလုပ်နည်းနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ တပ်ကုန်းမြို့နယ်၊ မြဝတီရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၃၃/လှိုင်ထိပ်ခေါင်တင်၊ ဦးပိုင်အမှတ် (၂၇၇)၊ ဧရိယာ ၀ဒသမ၀၇၃ကေအား ဒေါ်နုနုအေး (ဘ)ဦးနု ၉/တကန(နိုင်)၀၀၃၈၁၅မှ ပိုင်ဆိုင်ကြောင်း ကျမ်းကျိန်လွှာအမှတ် (၁၃/၂၀၂၂)၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးထောက်ခံချက်၊ တပ်ကုန်းမြို့နယ် လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနထောက်ခံချက်၊ နိုင်ငံသားစိစစ်ရေးကတ်ပြား၊ အိမ်ထောင်စုလူဦးရေစာရင်းမူရင်းများတင်ပြပြီး မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများဖြင့် အထောက်အထားခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှု မရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## သားအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တောင်ကြီးမြို့၊ ကျောင်းကြီးစုရပ်ကွက်၊ နယ်မြေ(၁၁)၊ စောစီလမ်း၊ အိမ်အမှတ်(မ/၂၃)နေ ဦးထွန်းဝင်း ၁၃/တကန(နိုင်)၁၀၀၂၃၄-ဒေါ်နုနုထွေး ၁၃/တကန(နိုင်)၁၁၆၅၉၂ တို့၏သား မောင်ဇော်လင်းထက် ၁၃/တကန(နိုင်) ၃၁၆၀၂၈သည် မိဘတို့၏ဆိုဆုံးမမှုကိုမနာခံဘဲ မိဘတို့အား အကြိမ်ကြိမ် စိတ်ဆင်းရဲအောင်ပြုလုပ်ပြီး (၁၀-၂-၂၀၂၂)ရက်တွင် အိမ်မှထွက်သွားပါသဖြင့် ယနေ့မှစ၍ သားအ ဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါသည်။ နောက်နောင် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးထွန်းဝင်း-ဒေါ်နုနုထွေး**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်၊ ဒက္ခိဏသီရိရပ်ကွက်ရှိ မြေကွက်အမှတ် (ဒ-၂၅၁၃၊ ၂၅၁၄)၊ အကျယ်အဝန်းအလျား ပေ ၁၀၀xအနံ ပေ ၁၀၀ စီ ကျယ်ဝန်းသောမြေကွက် နှစ်ကွက်၏ အကျိုးခံစားခွင့်အရပ်ရပ်တို့အား အဆင့်ဆင့်စာချုပ်ချုပ်ဆိုဝယ်ယူပိုင် ဆိုင်ထားသူ ဒေါ်မေပုလဲ ၁၂/မဂဒ(နိုင်)၀၀၉၇၆၈မှ ၎င်းသာလျှင် တရားဝင်ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိသူဖြစ်သောကြောင့် ရောင်းချရန်အဆိုပြုကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူလိုပါသဖြင့် ရောင်းကြေးငွေများ၏ တစ်စိတ်တစ်ဒေသဖြစ်သော စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါမြေကွက်နှစ်ကွက် အရောင်းအဝယ်ပြုလုပ်ခြင်းနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက သက်ဆိုင်သူမည်သူမဆို ပိုင်ဆိုင်မှု စာရွက်စာတမ်း အထောက်အထား(မူရင်း)များ၊ တရားရုံးအမိန့်ဒီကရီများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက် ခုနစ်ရက်အတွင်း ကန့်ကွက်မည့်သူတစ်ဦးတစ်ယောက်မျှမရှိပါက ကျွန်ုပ်မိတ်ဆွေမှ ကျန်ငွေများအားပေးချေပြီး အရောင်းအဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးအောင်နိုင်ဝင်း LL.B, WIPO (Switzerland)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၃၉၄)**
**အမှတ် (၈/၈၂)၊ ပန်းခြင်း (၁)၊ စံပယ်လမ်း၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်၊**
**ဖုန်း-၀၉-၄၀၁၅၃၄၆၆၈၊ ၇၉၇၇၀၄၄၅၇**

## အများသိစေရန် အသိပေးကြေညာချက်

Visionfund Myanmar ကုမ္ပဏီလီမိတက်သည် အသေးစား ငွေရေးကြေးရေး လုပ်ငန်းကြီးကြပ်မှုကော်မတီမှ လိုင်စင်အမှတ် (အမြဲတမ်း) ၀၂၁၇/၂၀၁၆ ဖြင့် လိုင်စင်ရယူပြီး အသေးစားငွေရေးကြေးရေးလုပ်ငန်းများ လုပ်ကိုင်လျက်ရှိပါသည်။ Visionfund Myanmar ကုမ္ပဏီလီမိတက်တွင် Board Member အဖွဲ့ဝင်(၉)ဦး အဖြစ် Samuel Sureshkumar Bartlett, Saw Ivan, Michael John Spingler, Christopher John Bryan, Susu Thatun, Adrian Iver Merryman , Soe Kyaw Kyaw, Launce Moses, Aude Marie-Odile Schonbachler E.P.Chanudet တို့မှ ဆောင်ရွက်လျက်ရှိပါသည်။

ယခုအခါ အဆိုပါ Board Member အဖွဲ့ဝင်တွင် Sureshkumar Bartlett နှင့် Susu Thatun မှ ၎င်း၏ဆန္ဒအလျောက်နုတ်ထွက်သွားပြီး Aung Myaing Htay, Christine Lee Yip Yin နှင့် Richard Grenville Hopkinson တို့မှ အဖွဲ့ဝင်အသစ်(၃)ဦးအဖြစ် ထပ်မံပါဝင်လာပြီး စုစုပေါင်း အဖွဲ့ဝင်(၁၀)ဦးအဖြစ် လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်လုပ်ကိုင်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

**Mr.Michael John Spingler**
**Chief Executive Officer (Vision Fund Myanmar Co.,Ltd)**
**အမှတ်(၉၅)(က)၊ ၇လွှာ၊ ကျိုက်ဝိုင်းဘုရားလမ်း၊ ၈မိုင်စီးပွားရေး စင်တာ၊ ၈ မိုင်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့**
**ဖုန်း- ၀၉- ၇၅၀၀၆၇၀၀၃**

## သစ်တောနှင့် သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး

## ကြက်ငှက်တုပ်ကွေးရောဂါကြိုတင်ကာကွယ်ရေး အသိပေးနှိုးဆော်ချက်

၁။ ကြက်ငှက်တုပ်ကွေးရောဂါသည် ဗိုင်းရပ်စ်ပိုးကြောင့် ဖြစ်ပွားရခြင်းဖြစ်ပြီး ရာသီ မရွေး ကူးစက်ကျရောက်ဖြစ်ပွားတတ်သဖြင့် မိမိတို့ ကြက်/ ဘဲ/ငုံးခြံများတွင် အဆိုပါ ရောဂါကူးစက်ကျရောက်ခြင်းမရှိစေရေးအတွက် မွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို စနစ်တကျမြှင့်တင်ရန် လိုအပ်ပါသည်။ ကြက်ငှက်တုပ်ကွေးရောဂါကြိုတင် ကာကွယ်နိုင်ရန်အတွက် အောက်ပါအတိုင်း လိုက်နာဆောင်ရွက်နိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများ၏ ဇီဝလုံခြုံမှုကို အထူးဂရုပြု ဆောင်ရွက်ရန်၊

(ခ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများနှင့် ကြက်၊ ဘဲ၊ ငုံးအရှင်ဈေးများတွင် စနစ်တကျ ပိုးသတ်ဆေးဖျန်းခြင်း ပုံမှန်ပြုလုပ်ဆောင်ရွက်ရန်၊

(ဂ) အခြားခြံများမှ အသုံးအဆောင်ပစ္စည်းများ ငှားရမ်းသုံးစွဲခြင်း မပြုရန်နှင့် လူနှင့် ယာဉ်အဝင်/အထွက် ထိန်းချုပ်ရန်၊

(ဃ) ကြက်၊ ဘဲ၊ ငုံးမွေးမြူရေးခြံများအတွင်း အပူချိန်၊ စိုထိုင်းဆ၊ လေဝင်/ လေထွက် ကောင်းမွန်စေရေးဆောင်ရွက်ရန်၊

(င) မွေးမြူရေးခြံအတွင်းသို့ ဝင်ရောက်ပါက နှာခေါင်းစည်း၊ လက်အိတ် စသည့် အကာအကွယ်ပစ္စည်းများ စနစ်တကျဝတ်ဆင်ရန်၊

(စ) ကြက်၊ ငှက်များကိုကိုင်တွယ်ပြီးတိုင်းနှင့် ကြက်၊ ဘဲ၊ ငုံးမွေးမြူရေး ခြံများမှ ထွက်သည့်အခါတိုင်း ဆပ်ပြာဖြင့် လက်ဆေးခြင်းနှင့် တစ်ကိုယ်ရေသန့်ရှင်း ရေးပြုလုပ်ခြင်းများ ဆောင်ရွက်ရန်၊

(ဆ) အသားနှင့် ဥတို့ကို သေချာစွာကျက်အောင်ချက်ပြုတ်ပြီးမှ စားသုံးရန်၊

(ဇ) ကြက်၊ ငှက်များ ပုံမှန်မဟုတ်ဘဲ ရုတ်တရက်သေဆုံးပါက နီးစပ်ရာ အုပ်ချုပ် ရေးအဖွဲ့၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ မြန်မာနိုင်ငံ မွေးမြူရေးလုပ်ငန်းအဖွဲ့ထံသို့ ချက်ချင်းသတင်းပို့ရန်၊

(ဈ) ရောဂါကြိုတင်ကာကွယ်ရေးနှင့် ရောဂါစူးစမ်းရှာဖွေခြင်းလုပ်ငန်းများတွင် သက်ဆိုင်ရာဌာန၊ အဖွဲ့အစည်းများနှင့် ပူးပေါင်းပါဝင်ဆောင်ရွက်ရန်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**
**စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**

## အိတ်ဖွင့်တင်ဒါ ဖွင့်လှစ်မည့်ရက်အား ရွှေ့ဆိုင်းခြင်း

တနင်္သာရီတိုင်းဒေသကြီး၊ လမ်းဦးစီးဌာန၊ မြိတ်ခရိုင်မှ (၄-၃-၂၀၂၂)ရက်တွင် ဖွင့်လှစ်မည့် အိတ်ဖွင့်တင်ဒါအခမ်းအနားအား ရွှေ့ဆိုင်းပါကြောင်းနှင့် ဖွင့်လှစ်မည့်ရက်ကို ထပ်မံ၍ ကြေညာမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရွေးချယ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့နယ်၊ ဝဏ္ဏဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၉/ပုဗ္ဗသီရိအနောက်ရပ်)၊ မြေကွက်အမှတ် (ပ-၃၁၉၀၁)ဟုခေါ်တွင်သော မြေအကျယ်အဝန်း အလျားxအနံ ပေ (၄၀x၆၀)ရှိ နှစ် ၃၀ မြေငှားဂရန် မြေကွက်နှင့် အဆောက်အအုံအပါ အဝင် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက် ပိုင်ဆိုင်သူ ဦးသန်းဝင်း ၁၂/ဒဂန(နိုင်)၀၀၁၈၂၃ထံမှ ဆက်စပ်စာချုပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးဝင်းဟန် ၈/မလန(နိုင်)၀၀၇၃၈၁ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးဖွဲ့ပြည့်ကျော် ၁၄/ဖပန(နိုင်)၁၅၃၀၉၉က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ယင်းအရောင်းအဝယ်ပြုလုပ်မည့် အထက်ပါ ပစ္စည်းစာရင်းများနှင့် စပ်လျဉ်း၍ ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တိကျခိုင်လုံသော တရားဝင်စာချုပ်စာတမ်းမူရင်းများနှင့်တကွ ယခုကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အပြီးသတ် အရောင်းအဝယ်စာချုပ်ပြုလုပ်ချုပ်ဆိုခြင်းကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ဖြူ(စဉ်-၁၃၈၈၉)**
**တရားလွှတ်တော်ရှေ့နေ**
**ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်၊**
**ဖုန်း-၀၉-၇၉၃၃၃၃၇၅၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(စ-၁၃/နန္ဒဝန်မြို့သစ်)၊ ဦးပိုင်အမှတ်(၄၃ လမ်း-၈)၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိမြေအား အမှုတွဲအမှတ် ၂၂၀၆/၁၉၉၂-၁၉၉၃အရ (၁-၁၂-၁၉၉၃)မှ (၃၀-၁၁-၂၀၂၃)အထိ ဦးကျော်တင် အမည်ဖြင့် နှစ်(၃၀) မြေငှားဂရန်ရရှိထားသော ဝင်းမြေနှင့် မုံရွာမြို့၊ နန္ဒဝန်ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည်(စ-၁၃/နန္ဒဝန်)၊ ဦးပိုင်အမှတ်(ဇီဇဝါလမ်း-၁၆)၊ ဧရိယာ(၀ဒသမ၁၁၀)ကေရှိ မြေအား အမှုတွဲအမှတ်၂၂၁၈/၁၉၉၃-၁၉၉၄အရ (၁-၁၂-၁၉၉၃)မှ (၃၀-၁၁-၂၀၂၃)ထိ ဦးမြင့်သိန်းအမည်ဖြင့် နှစ်(၃၀)မြေငှားဂရန်ရရှိထားသောဝင်းမြေ (ယခုစက်မှုဇုန်)ရပ်ကွက်ရှိ စုစုပေါင်းမြေဧရိယာ (၀ဒသမ၂၂၀)ကေအား ဦးရွှေမိုး၊ ဒေါ်ကြည်ကြည်ဝင်း အမည်ဖြင့် မြေငှားစာချုပ် (အမည်ပြောင်း) လျှောက်ထားရာ ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းကို ဆောင်ရွက်မပေးသင့်ကြောင်း အထောက်အထားခိုင်လုံစွာဖြင့် ကန့်ကွက်လွှာများကို ဤရုံးသို့ကြော်ငြာသည့်ရက်မှစ၍ ရက်ပေါင်း (၁၅)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား အထက်မြန်မာပြည်မြေနှင့် အခွန်စည်းမျဉ်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ မြေငှားစာချုပ်(အမည်ပြောင်း)ခွင့်ပြုမည်ဖြစ် ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ကော်လိတ္တော်အရာရှိ**
**မုံရွာခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန**

## အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မြို့နယ်၊ နဘူးတောရွာနေ ဦးလှရွှေ ၅/ယမပ(နိုင်)၀၂၇၉၈၅၏သမီး မတင်မြင့်မြင့် မော် ၅/ယမပ(နိုင်)၀၀၀၈၄၄သည် မိဘစိတ်ဆင်းရဲအောင် အကြိမ်ကြိမ် ပြုလုပ်ပါသဖြင့် အမွေစား အမွေခံသမီးအဖြစ်မှ စွန့်လွှတ်ပါသည်။ နောက်နောင်တွင် သူမနှင့်ပတ်သက်၍ မည်သည့်ကိစ္စကိုမျှ တာဝန်ယူဖြေရှင်းမည်မဟုတ်ပါကြောင်း ကြေညာအပ်ပါသည်။ (စုံစမ်းမေးမြန်းခြင်းသည်းခံပါ။)

**ဦးလှရွှေ ၅/ယမပ(နိုင်) ၀၂၇၉၈၅**

## အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၄)ရပ်ကွက်၊ ရွှေဘုံသာလမ်း(အလယ်)၊ တိုက်အမှတ်(၂၃၁/၂၃၇)၊ (၂)ခန်းတွဲ (၁၂)ထပ်တိုက်၏ (၆-ထပ်) (တိုက်ကိုမျက်နှာမူလျှင်ဝဲဘက်အခန်း)၊ အခန်းအမှတ်(၅၀၁)၊ အကျယ်အဝန်းအားဖြင့် ပေ(၂၅x၆၀)ရှိသည့် တိုက်ခန်းနှင့် ပတ်သက်သည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို တရားဝင် လက်ရှိထားနေထိုင်ပိုင်ဆိုင်၍ လွှတ်လပ်စွာလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ ဒေါ်နီလာခင် ၁၂/ပဘတ(နိုင်)၀၀၃၂၃၇ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်သူ မိုဟာမက်ယာဆင်(ခ)ဦးသန်းဟန် ၁၂/ပဘတ(နိုင်)၀၀၃၁၃၇နှင့် ဒေါ်ခင်မာသိန်း ၁၂/ကတတ(နိုင်) ၀၀၇၁၁၇တို့နှစ်ဦး အမည်ဖြင့် တရားဝင်နည်းလမ်းတကျဥပဒေနှင့်အညီ (၂၄-၂-၂၀၂၂)ရက်တွင် နှစ်ဦးသဘောတူ တိုက်ခန်းအပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်ကို ချုပ်ဆို၍ ပိုင်ဆိုင်မှု စာချုပ်စာတမ်းများနှင့်တကွ ဝယ်ယူသည့်တိုက်ခန်းကို (နေသူမဲ့) လက်ရောက်ရရှိခဲ့ပြီဖြစ်၍ ကျွန်ုပ်မိတ်ဆွေဖြစ်သူများသည် ယနေ့တိုင်ဝယ်ယူသည့် တိုက်ခန်းအား လက်ရှိထားပိုင်ဆိုင်နေထိုင်လျက်ရှိကြောင်းကို အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်အေးသီတာမော်(LL.B,D.B.L)**
**THAN THAH WIN & ASSOCIATES(LAW FIRM)**
**(တရားလွှတ်တော်ရှေ့နေ)(စဉ်-၈၄၂၉/၁၂)**
**အမှတ်(၉၉/၁၀၁)၊ မလွကုန်းလမ်းနှင့်ကျောက်မြောင်းလမ်းထောင့်၊ ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**
**ဖုန်း-၀၉-၅၁၄၃၁၂၄၊ ၀၉-၅၀၄၈၂၂၁**

## အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ပန်းတနော်မြို့နယ်၊ ဇရပ်လှကြီးအုပ်စု၊ လက်ခုပ်စုကျေးရွာနေ (ဘ)ဦးလှစိန်၏သမီး နမ့်တင်တင်ဝင်း ၁၄/ပတန(နိုင်)၀၁၅၈၄၂၏ အမည်မှန်မှာ မတင်တင်ဝင်းဖြစ်ပြီး မွေးသက္ကရာဇ်အမှန်မှာ ၃-၇-၁၉၆၁ ဖြစ်ပါသည်။

## မတည်ငွေရင်း လျှော့ချမည်ဖြစ်ကြောင်း ကြေညာခြင်း

အင်နိုအင်တာနေရှင်နယ် ဒီပလော့မန့်(တ်)ကုမ္ပဏီလီမိတက် (ကုမ္ပဏီမှတ်ပုံတင် အမှတ်-၁၁၄၄၃၁၆၀၅) ၏ မတည်ငွေရင်း လျှော့ချရန်အတွက် အစုရှယ်ယာရှင် အစည်းအဝေး ကျင်းပမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**အင်နိုအင်တာနေရှင်နယ် ဒီပလော့မန့်(တ်)ကုမ္ပဏီလီမိတက်**
**ဖုန်း-၀၉-၄၃၁၉၃၅၅၈**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ်(၁)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်(၁၈၃၇/မွေ့ရိုးကြီးကွင်း)၊ ဦးပိုင်အမှတ်(၁/၄၈၇)၊ မြေဧရိယာ (၀ဒသမ၀၆၈) ကေရှိ အစိုးရ(မြို့မြေ)ကွက်အား ဦးမြတ်မင်းထွန်း(ဘ)ဦးစိန်မြင့် ၉/လဝန(နိုင်)၁၅၂၃၀၂မှ အရောင်းအဝယ်ကတိစာချုပ်၊ တရားရုံး ကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက် မူရင်းများ တင်ပြ၍ အဆောက်အအုံ ဆောက်လုပ်ခွင့်ပြုမိန့်တင်ရန် မြေပုံ၊ မြေရာ ဇဝင်လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏ လုပ်ထုံးလုပ်နည်းများ နှင့်အညီ မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

လယ်ဝေးမြို့၊ အမှတ် (၆)ရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် (၂/မြို့သစ်တောင်ရပ်)၊ ဦးပိုင်အမှတ် (၅၁)၊ မြေဧရိယာ ၀ဒသမ၀၈၇ ကေရှိ ဦးလှမောင်၊ ဒေါ်သန်းရွှေအမည်ပေါက် မြို့မြေကွက်အား ဒေါ်ထက်ထက်ခိုင် (ဘ) ဦးလှမောင် ၉/လဝန (နိုင်)၀၄၈၈၅၁မှ မိသားစုစီမံခန့်ခွဲမှုကတိစာချုပ်၊ အရောင်းအဝယ် ကတိစာချုပ်၊ ရောင်းသူ/ဝယ်သူ တရားရုံးကျမ်းကျိန်လွှာ၊ ရပ်ကွက်ထောက်ခံချက်၊ ဝယ်ယူသူမှ ဝန်ခံကတိပြုချက်မူရင်းများတင်ပြ၍ မြေငှားစာချုပ် လျှောက်ထားလာရာ ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြော်ငြာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေငှားစာချုပ် လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း အသိပေးကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေး ကော်မတီ**

## အထူးဝမ်းနည်းကြေကွဲခြင်း

## သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်ရွှေ(ခ)Shri B.L Goenka

နာယက၊ မဟတ္တမ ဂန္ဒီအထိမ်းအမှတ်အဆောက်အအုံ ဂေါပကအဖွဲ့သစ်

နာယက၊ သနန္တနဓမ္မပါလကအဖွဲ့ချုပ်

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်(၂၀၀၄-၂၀၁၈)

အသက် (၇၅)နှစ်

ကမ္ဘာ့ဝိပဿနာသာသနာပြုတရားပြဆရာကြီး(ဦးဂိုအင်ကာ)၏ ဒုတိယသားဖြစ်သူ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ကြီး၏ နာယက၊ နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ စိစစ်ရွေးချယ်ခံရ၍ အိန္ဒိယနိုင်ငံသမ္မတကြီး H.E Mr. Ramnath Kovind က လက်ရောက်ချီးမြှင့်သော The Pravasi Bharatiya Samman Awards (နိုင်ငံရပ်ခြားနေ အိန္ဒိယနွယ်ဖွားဂုဏ်ထူးဆောင်သားကောင်းဆု) ရရှိသူ ဦးမောင်ရွှေ(ခ) Shri B.L Goenka သည် ၂၂-၂-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**မဟတ္တမ ဂန္ဒီအထိမ်းအမှတ် အဆောက်အအုံဂေါပကအဖွဲ့သစ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## သီရိသုဓမ္မမဏိဇောတဓရ ဦးမောင်ရွှေ(ခ)Shri B.L Goenka

ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်(၂၀၀၄-၂၀၁၈)

အသက် (၇၅)နှစ်

ကမ္ဘာ့ဝိပဿနာသာသနာပြု တရားပြဆရာကြီး (ဦးဂိုအင်ကာ)၏ ဒုတိယသားဖြစ်သူ အပြည်ပြည်ဆိုင်ရာ ဓမ္မဂီရိဝိပဿနာအဖွဲ့ကြီး၏ နာယက၊ သနန္တနဓမ္မပါလက အဖွဲ့ချုပ်၏နာယက၊ မဟတ္တမဂန္ဒီအထိမ်းအမှတ် အဆောက်အအုံဂေါပကအဖွဲ့သစ်၏ နာယက၊ နိုင်ငံပေါင်း ၁၉၃ နိုင်ငံမှ စိစစ်ရွေးချယ်ခံရ၍ အိန္ဒိယနိုင်ငံသမ္မတကြီး H.E Mr. Ramnath Kovind က လက်ရောက်ချီးမြှင့်သော The Pravasi Bharatiya Samman Awards (နိုင်ငံရပ်ခြား နေ အိန္ဒိယနွယ်ဖွားဂုဏ်ထူးဆောင်သားကောင်းဆု) ရရှိသူ ဦးမောင်ရွှေ(ခ) Shri B.L Goenka သည် ၂၂-၂-၂၀၂၁ရက် (တနင်္လာနေ့) နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူဝမ်းနည်း ကြေကွဲရပါသည်။

**မြန်မာနိုင်ငံလုံးဆိုင်ရာ ဟိန္ဒူဘာသာရေးဗဟိုအဖွဲ့ချုပ်**

## အထူးဝမ်းနည်းကြေကွဲခြင်း

## ဦးမောင်ရွှေ(ခ)ဦးဘီအယ်လ်ဂိုအင်ကာ

အပြည်ပြည်ဆိုင်ရာဓမ္မဂီရိဝိပဿနာအဖွဲ့(မြန်မာနိုင်ငံ)

အသက် (၇၅)နှစ်

ရန်ကုန်မြို့၊ ပြည်လမ်း၊ အမှတ် ၁၂(အေ)နေ အထက (၂) ဒဂုံ(မြို့မ)၊ (ယခင် မြို့မအမျိုးသား အထက်တန်းကျောင်း) ကျောင်းအကျိုးတော်ဆောင်အဖွဲ့ ဒုတိယဥက္ကဋ္ဌ ဦးမောင်ရွှေ (ဗန္ဓုလကုမ္ပဏီလီမိတက်)သည် ၂၂-၂-၂၀၂၁ရက် နံနက် ၆:၃၀နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့် ထပ်တူကြေကွဲဝမ်းနည်းရပါသည်။

**ကျောင်းအကျိုးတော်ဆောင်အဖွဲ့**
**အထက (၂) ဒဂုံ(မြို့မ)**
**အထက်တန်းကျောင်း၊ ရန်ကုန်**

## ဦးဝင်းကြိုင်

## (အထွေထွေအတွင်းရေးမှူး)

## မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ်

## အသက်(၆၄)နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ ခရမ်းမြို့နယ်၊ကမာမတ်စံပြကျေးရွာနေ (သခင်အုန်းမောင်-ဒေါ်အေးညွန့်)တို့၏မြေး၊ (ဦးသိန်းဟန်)(အငြိမ်းစားကျောင်းအုပ်)-ဒေါ်ခင်နွဲ့တို့၏ သားကြီး၊ ဦးလှဦး(တပ်မတော်-ငြိမ်း)-ဒေါ်ခင်မြင့်မြင့်ဆွေ (ကျောင်းဆရာမ-ငြိမ်း)တို့၏ သားသမက်၊ ဦးလွင်ကြည်-ဒေါ်ထား၊ ဦးလှဝင်းရီ-ဒေါ်သန္တာထွန်း၊ ဦးမောင်ဌေး(နှင်းဝတီပုံနှိပ်တိုက်)-ဒေါ်ညွန့်ညွန့်ရီ(ကျောင်းအုပ်ဆရာမကြီး)၊ ဦးအောင်ဇင်သက်-ဒေါ်တင်အေးမူ၊ ဦးသိန်းလွင် (ရောဝတီခေတ်မီ ငါးသားဖောက်စခန်း)-ဒေါ်စန်းစန်းတိုး (ဦးစီးအရာရှိ/ငါးလုပ်ငန်းဦးစီးဌာန)၊ဦးရဲထွဋ်နိုင်(ညွှန်ကြားရေးမှူး) (စားသုံးသူရေးရာဦးစီးဌာန)-ဒေါ်အေးချမ်းမွန် (ရှေ့နေ)တို့၏ အစ်ကိုကြီး၊ တူ/တူမ (၉)ဦးတို့၏ ဘကြီး၊ ဒေါ်ခိုင်သဉ္ဇာဦး (မြန်မာ့ကုန်သွယ်မှုမြှင့်တင်ရေးအဖွဲ့၊ ပြည်တွင်းကုန်သွယ်မှုဌာနခွဲ) (ရန်ကုန်)၏ ချစ်လှစွာသော ခင်ပွန်း၊ မောင်ဘုန်းပြည့်စုံကမ္ဘာကြိုင်စိုး၏ ချစ်လှစွာသောဖေဖေ ဦးဝင်းကြိုင် (အထွေထွေအတွင်းရေးမှူး) မြန်မာနိုင်ငံငါးလုပ်ငန်းအဖွဲ့ချုပ် အသက်(၆၄)နှစ်သည် ၂၁-၂-၂၀၂၁ ရက် (တနင်္ဂနွေနေ့) နံနက်(၉:၀၀) နာရီတွင် ကွယ်လွန်ပြီး (၁၂:၃၀)နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်သင်္ဂြိုဟ်ပြီးဖြစ်၍ ၂၇-၂-၂၀၂၁ ရက် (စနေနေ့) နံနက် ၇:၀၀ နာရီတွင် ကမာမတ်စံပြကျေးရွာ (ဦးသိန်းဟန်)(အငြိမ်းစားကျောင်းအုပ်)-ဒေါ်ခင်နွဲ့ တို့၏နေအိမ်တွင် ရက်လည်ဆွမ်းသွတ်တရားတော်နာယူမည် ဖြစ်ပါသောကြောင့် နေအိမ်သို့ ကြွရောက်ပါရန် ညှိုးငယ်သော စိတ်ထားဖြင့် ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့

## ဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)

အသက်(၉၃)နှစ်

၂၀-၂-၂၀၂၁ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားသော မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့နာယကတစ်ဦးဖြစ်သည့် ဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း) အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

## ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်နွယ်နွယ်ဝင်း

## အသက်(၈၁)နှစ်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ (၈)ရပ်ကွက်၊ ပြည်ရိပ်သာလမ်း၊ အမှတ် (၅၀၅/၆က)နေ (ဦးဟုတ်စွမ်-ဒေါ်သန်းရီ)တို့၏သမီး၊ (ဦးဘစန်း-ဒေါ်ခင်ခင်သိုက်)တို့၏ သမီးချွေးမ၊ (ဦးလှိုင်မြင့်စန်း-ဦးဆောင်ညွှန်ကြားရေးမှူး-ငြိမ်း)(မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း)၏ချစ်လှစွာသော ဇနီး၊ ဦးဌေးအောင်-ဒေါ်ခင်ကြည်၊ ပါမောက္ခ ဒေါက်တာ ဦးကြည်စိုး-ဒေါက်တာ ဒေါ်လှလှတင့်၊ ဦးထွန်းရင်-ဒေါ်သန်းသန်း ဆင့်၊ ဒေါ်ကြည်ကြည်လှိုင် တို့၏ချစ်လှစွာသောအစ်မကြီး၊ Mr.Woon Tien Teck – ဒေါ်အေးချိုချိုစန်း၊ ဦးရဲမြင့်စန်း-ဒေါ်ရွှေစင်မြင့်၊ ဒေါ်နွယ်နီစန်းတို့၏ မိခင်၊ Ms. Woon Yong Xin, Mr. Andrew Woon Yong Tian, မောင်အာကာမြင့်စန်းတို့၏ အဘွားသည် ၁၉-၂-၂၀၂၁ရက် နံနက် ၄:၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ ညနေ ၃နာရီတွင် ရေဝေးသုသာန်၌ သင်္ဂြိုဟ်ပြီးစီးပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေး အကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

မင်္ဂလာဗျူဟာ အသင်းချုပ်

## ဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း)

အသက်(၇၅)နှစ်

၂၀-၂-၂၀၂၁ရက် (တနင်္လာနေ့) ည ၈:၃၅နာရီတွင် ကွယ်လွန်သွားသော မင်္ဂလာဗျူဟာ အသင်းချုပ်အမှုဆောင်တစ်ဦးဖြစ်သည့် ဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း) အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

မင်္ဂလာဗျူဟာ ပရဟိတအဖွဲ့

## ဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း)

အသက်(၇၅)နှစ်

၂၂-၂-၂၀၂၁ရက် (တနင်္လာနေ့) ည ၈:၃၅နာရီတွင် ကွယ်လွန်သွားသော မင်္ဂလာဗျူဟာပရဟိတအဖွဲ့ ဒု-ဥက္ကဋ္ဌ(၂) ဖြစ် သည့် ဗိုလ်မှူးကြီးမြင့်ဦး(ငြိမ်း) အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

## ဝမ်းနည်းကြေကွဲခြင်း

စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးမြင့်အောင်၏ချစ်လှစွာသောမိခင် ဒေါ်ကြည်ဝင်း အသက်(၈၁)နှစ်သည် ၂၄-၂-၂၀၂၁ ရက်တွင် ရေစကြိုမြို့၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ**
**စီမံကိန်းရေးဆွဲရေးဦးစီးဌာန**

## ရဟန်း၊သိမ်၊ ကျောင်း ဒါယိကာမကြီး

## ဒေါ်ခင်ဆွေသိန်း(ဒုရဲအုပ်-ငြိမ်း)

CADET-14(82)

B.Sc(Physics)

အသက်(၆၄)နှစ်

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ရွှေဘိုလမ်း၊ အမှတ်(၅) နေ(ဦးချစ်ထွန်း-ဒေါ်စံရွှေဘုံ)တို့၏သမီးလတ်၊ ဒေါ်ခင်ဆွေဦး(ဒုရဲမှူး-ငြိမ်း)၏ညီမ၊ ဦးဝင်းမြင့်-(ဒေါ်ခင်ဆွေနု)တို့၏အစ်မ၊ ကိုဇေယျာဖြိုး၊ကိုမျိုးမင်းဖြိုး၊ ဒေါက်တာ သဇင်ဖြိုး(လ/ထ ဆရာဝန်-ဖျာပုံဆေးရုံ)တို့၏အဒေါ်သည် ၂၃-၂-၂၀၂၁ ရက်(အင်္ဂါနေ့) နံနက် ၁၁:၃၀နာရီတွင် (၉၆)ပါးရောဂါဖြင့် ကွယ်လွန်သွားပြီး၂၃-၂-၂၀၂၁ ရက် ညနေ ၄:၀၀ နာရီတွင် ရေဝေးသုသာန်၌ မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း၊ ကွယ်လွန်သူအားရည်စူး၍ ၁-၃-၂၀၂၁ ရက်(တနင်္လာနေ့)နံနက် ၇:၀၀ နာရီမှ ၁၀:၀၀ နာရီနေအိမ်သို့ ရက်လည် အရုဏ်ဆွမ်းကျွေး တရားတော်နာ ကြွရောက်ပါရန် ဆွေမျိုးမိတ်သင်္ဂဟများအား ဖိတ်ကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဦးထိန်လင်း

## အသက်(၆၅)နှစ်

ရန်ကုန်မြို့နေ ဦးကြည်အောင်-(ဒေါ်ရင်မေ)တို့၏သားကြီး၊ (ဦးညီကောင်း-ဒေါ်မြင့်မြင့်)တို့၏ သမက်၊ ရန်ကုန်မြို့၊(၈)လမ်း၊ အမှတ်(၈၄)နေ ဒေါ်ချိုချိုဝင်း ထ/၄ ပုဇွန်တောင် အလပြ (ငြိမ်း)၏ ချစ်လှစွာသောခင်ပွန်း၊ ဒေါ်သန်းသန်းနွဲ့၏မောင်၊ ဦးထိန်ရောင်-ဒေါ်တင်တင်ခိုင်၊ (ဦးဝင်းအောင်)၊ ဒေါက်တာ ညီညီကျော်-ဒေါက်တာ ဝင်းဝင်းရီ၊ ဒေါက်တာ ညီညီထွန်း၊ ဦးညီညီနိုင်-ဒေါ်မွိုင်မေခင်၊ ဒေါက်တာ ညီညီလွင် တို့၏အစ်ကို၊ ကိုလင်းထက်အောင်၊ ကိုတင်ကျော်လင်းတို့၏ ဖခင်သည် ၂၃-၂-၂၀၂၁ ရက်(အင်္ဂါနေ့) ညနေ ၅:၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၂-၂၀၂၁ ရက် (ကြာသပတေးနေ့) နံနက် ၁၁:၀၀ နာရီတွင် ရေဝေးသုသာန်သို့ပို့ဆောင်သင်္ဂြိုဟ်မည် ဖြစ်ပါကြောင်း ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြားအပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

မင်္ဂလာဗျူဟာ အသင်းချုပ်

## ဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း)

အသက်(၉၃)နှစ်

၂၀-၂-၂၀၂၁ရက် (စနေနေ့) မွန်းတည့် ၁၂နာရီတွင် ကွယ်လွန်သွားသော မင်္ဂလာဗျူဟာ အသင်းချုပ်နာယကတစ်ဦးဖြစ်သည့် ဗိုလ်မှူးကြီးစိုးလွင်(ငြိမ်း) အတွက် ကျန်ရစ်သူမိသားစုနှင့် ထပ်တူဝမ်းနည်းကြေကွဲရပါသည်။

**အမှုဆောင်အဖွဲ့**

## ဒေါ်ခင်ဌေးရီ

## အသက်(၈၉)နှစ်

ရန်ကုန်မြို့ လမ်းမတော်မြို့နယ်၊ (၇)ရပ်ကွက်၊ လမ်းမတော်လမ်း၊ အမှတ် (၁၆၉)နေ (ဦးခင်မောင်) မြန်မာ့မီးရထား(ငြိမ်း)၏ဇနီး ဒေါက်တာ ဌေးမိုး-Mrs Mun Wai ၊ ဦးခင်မောင်အေး-ဒေါ်ခင်မြင့်မြင့်(မိုးမခဓာတ်ပုံဆိုင်)၊ဒေါ်စန္ဒာဌေးတို့၏မိခင်၊မြေးငါးယောက်တို့၏ အဘွားသည် ၂၃-၂-၂၀၂၁ရက်(အင်္ဂါနေ့)နံနက် ၈:၃၀နာရီတွင်(Green Cross)ဆေးရုံ၌ (၉၆) ပါးရောဂါဖြင့် ကွယ်လွန်သွားပါ၍ ယင်းနေ့ မွန်းလွဲ ၁:၀၀ နာရီတွင် ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း။

**ကျန်ရစ်သူမိသားစု**

## ဝမ်းနည်းကြေကွဲခြင်း

## ဗိုလ်မှူးချုပ် တင်လတ်

## လေ ၁၃၄၁၊ စစ်တက္ကသိုလ်အမှတ်စဉ်(၃)

## သူရဲကောင်းမှတ်တမ်းဝင်

## တပ်မတော်(လေ)(ငြိမ်း)၊ သံအမတ်ကြီး(ငြိမ်း)

## အသက်(၇၉) နှစ်

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဒဂုံမြို့နယ်၊ (၃၄)ရပ်ကွက်၊ ပိတောက်မြိုင်(၅)လမ်း၊ အမှတ်(၁၂၃၅)နေ (ဦးခင်မောင်-ဒေါ်ခင်မြင့်)တို့၏သားကြီး၊ ဒေါ်ခင်ဆွေဝင်း၏ ချစ်လှစွာသောခင်ပွန်းသည် ၂၃-၂-၂၀၂၁ရက် (အင်္ဂါနေ့) ညနေ ၆:၄၈ နာရီတွင် ပင်လုံဆေးရုံ၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**တပ်မတော်(လေ) အရာရှိ၊ အရာခံ၊ အကြပ်စစ်သည် မိသားစုများ**

## ဦးအေးလွင်

## ဒုတိယညွှန်ကြားရေးမှူး (ငြိမ်း)

## အကောက်ခွန်ဦးစီးဌာန

## အသက် (၆၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ တိုက် ၂၉၇၊ အခန်း ၁၃ နေ ဦးဘတင် (လ/ထ ညွှန်မှူး-ငြိမ်း၊ ထွေ/အုပ်)-(ဒေါ်မြသောင်း)တို့၏သားကြီး၊ [(ဦးအေးဝင်း (စတသ-၁၈)]၊ (ဦးကိုလေး)-ဒေါ်လဲ့လဲ့ဝင်း(ကျောင်းအုပ်-ငြိမ်း၊ အထက (၄)အလုံ)၊ ဒေါ်မြင့်မြင့် သွယ် (ညွှန်မှူး-ငြိမ်း၊ ပြည်ထောင်စုအစိုးရအဖွဲ့ရုံး)၊ (ဒေါ်ကြည်ကြည်ဆွေ ကထိက၊ မြန်မာစာဌာန၊ ဒဂုံတက္ကသိုလ်)တို့၏အစ်ကို၊ ဒေါက်တာကြည်ဇော်ဝင်း-မိုးပွင့်ဖြူ နှင်းပွင့်ဖြူတို့၏ဖခင်၊ ဦးဝင်းဟံသာ(မီးသတ်ဦးစီးဌာန)-ဒေါ်သဲစုလာဘ်ဝင်းတို့၏ ဘကြီး၊ (ဒေါ်မိုးမိုး)၏ခင်ပွန်းသည် အိမ်အမှတ် ၁၁၇၀၊ ရွှေပြည်သာ (၅)လမ်း၊ ၃၂ ရပ်ကွက်၊ မြောက်ဒဂုံနေအိမ်၌ ၂၃-၂-၂၀၂၁ရက် နံနက် ၃:၃၄နာရီတွင် ကွယ်လွန်သွားပါသဖြင့် ယင်းနေ့ မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသင်္ဂြိုဟ်ပြီးဖြစ်ပါကြောင်း ရပ်နီးရပ်ဝေးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

**ကျန်ရစ်သူမိသားစု**

## ကျေးဇူးတင်ရှိခြင်း

(၁၉-၂-၂၀၂၁)ရက်တွင် ကွယ်လွန်ခဲ့သည့် မိခင်ကြီး ဒေါ်သန်းရင် အသက် (၈၈)နှစ်၏ နာရေးအား အဘက်ဘက်မှကူညီ ဆောင်ရွက်ပေးခဲ့သူများ၊ လိုက်ပါပို့ဆောင်ပေးခဲ့သည့်သူများ၊ လိုက်ပါပို့ဆောင်ပေးခဲ့သည့် အလုပ်သမား၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာနမှ ဆရာသမားများ၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဦးစီးဌာနများ၊ ပြည်ထောင်စုနယ်မြေ(နေပြည်တော်) သင်တန်းကျောင်းမှ အရာထမ်း/အမှုထမ်းများ၊ ဆွေမျိုးမိတ်သင်္ဂဟများ၊ သူငယ်ချင်းမိသားစုများ၊ လိုက်ပါမပို့ဆောင်နိုင်၍ တယ်လီဖုန်း၊ လူမှုကွန်ရက်တို့မှ မေးမြန်းအားပေးကူညီခဲ့သူများ၊ တိုင်းဒေသကြီးနှင့်ပြည်နယ် အသီးသီးမှ အရာထမ်း/အမှုထမ်းများ၊ မိတ်ဆွေများ၊ မကျန်းမာစဉ် အနီးကပ်ပြုစုစောင့်ရှောက်ပေးခဲ့သည့်သူများ၊ မြတ်ပါရမီလူမှုကူညီရေးအသင်း(နေပြည်တော်) ကျေးဇူးတင်ထိုက်သူများအားလုံးကို ကျေးဇူးတင်ရှိပါသည်။

**ကျန်ရစ်သူမိသားစု**

## သတိပေး

## နှိုးဆော်ချက်

နေပြည်တော်တွင် မော်တော်ဆိုင်ကယ်စီးနင်းသူများသည် ဆိုင်ကယ်စီးဦးထုပ်ကို မေးသိုင်းကြိုးတပ်၍ စီးနင်းကြရန်နှင့် နှစ်ဦးထက်ပိုမို စီးနင်းခြင်းမပြုကြရန်၊ ထို့အပြင် လိုင်စင်မဲ့ဆိုင်ကယ်များ စီးနင်းခြင်းမပြုကြရန် နှိုးဆော်အပ်ပါသည်။ လိုက်နာခြင်းမရှိပါက တည်ဆဲဥပဒေအရ ထိရောက်စွာ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတိပေးနှိုးဆော်အပ်ပါသည်။

**နေပြည်တော်ယာဉ်စည်းကမ်းထိန်းသိမ်းရေး**
**ကြီးကြပ်မှုကော်မတီ**

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်

## ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ ၂၄ ရက်

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့် စပ်လျဉ်း၍ လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ နေပြည်တော် ၈ မြို့နယ်၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန်အခြေအနေများကို သက်ဆိုင်ရာမြို့နယ်အလိုက် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာန ဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက် စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

မြေပြင်စစ်ဆေးချက်များအရ နေပြည်တော် ၈ မြို့နယ် မဲရုံပေါင်း ၆၄၆ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၉၉၄၇၅၁ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၈၇၉၀၃၊ ကျန်ရှိရမည့်အရေအတွက်မှာ ၃၀၆၈၄၈၊ မြေပြင်လက်ကျန် ၂၉၁၅၀၉ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့် အရေအတွက်ထက် လျော့နည်းသော မဲလက်မှတ်အရေအတွက် ၁၆၉၀၀ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၁၅၅၈ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင် အပိုရရှိနေခြင်းတို့ကို တွေ့ရှိရသည်။ မဲဆန္ဒနယ်အလိုက် ဆန္ဒမဲများ သတ်မှတ်အရေအတွက်ဖြင့် ရိုက်နှိပ်ထားခြင်းဖြစ်ရာ အပိုတွေ့ရှိမှုသည် ဆန္ဒမဲလက်မှတ်များ တရားမဝင် ရိုက်နှိပ်သုံးစွဲကြောင်း သံသယဖြစ်ဖွယ် တွေ့ရှိရသည်။

*စာမျက်နှာ ၅ ကော်လံ ၁* ✻



# ပြည်ပမှ ပြန်လည်ရောက်ရှိလာသူများအား တပ်မတော်ဆေးအဖွဲ့က ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ ကျန်းမာရေးစစ်ဆေးပေး

**နေပြည်တော် ဖေဖော်ဝါရီ ၂၄**

မွန်ပြည်နယ်နှင့် ကရင်ပြည်နယ်အတွင်းရှိ ပြည်ပမှပြန်လည်ဝင်ရောက်လာသူများအား ကိုဗစ်-၁၉ ရောဂါနှင့်ပတ်သက်၍ လိုအပ်သည့်စစ်ဆေးမှုများ ပြုလုပ်ရန် အခက်အခဲဖြစ်ပေါ်လျက်ရှိသဖြင့် မော်လမြိုင်မြို့ရှိ တက္ကသိုလ်(၁၀)မြို့နယ် အဆောင်၌ Quarantine ထားရှိ၍ စစ်ဆေးဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။**(အပေါ်ပုံ)**

ထိုသို့ Quarantine ထားရှိသည့် ပြည်ပမှပြန်လည်ဝင်ရောက်လာသူ ၂၉၃ ဦးကို ယနေ့နံနက်ပိုင်းတွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်ဆေးရုံမှ ဆရာဝန်များ၊ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများက မြို့နယ်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များနှင့် ပူးပေါင်း၍ ကိုဗစ်-၁၉ ရောဂါနှင့် ပတ်သက်၍ နှာခေါင်းတို့ဖတ်၊ အာခေါင်တို့ဖတ်ရယူခြင်း၊ RDT နည်းဖြင့် စစ်ဆေးခြင်းများကို ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ဒီးမော့ဆိုမြို့နယ်နှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

စာ » ၁၂

. . . . . . . . . . . . .

## သီရိလင်္ကာနိုင်ငံတွင် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှုများ အရှိန်အဟုန်ဖြင့် ဆောင်ရွက်

စာ » ၁၃

. . . . . . . . . . . . .

## ချမ်းသာတဲ့နိုင်ငံတွေအနေနဲ့ ကာကွယ်ဆေးကို အစုလိုက် အပြုံလိုက် ရယူထားခြင်းဟာ ကိုဗစ်- ၁၉ ကပ်ရောဂါ ဖြစ်ပွားမှုကို ပိုမိုရှည်ကြာစေ

စာ » ၁၄

# စပိန်မြေမှာ နိုင်ပွဲရယူနိုင်ခဲ့သည့် နည်းပြတူချယ်၏ ချယ်ဆီးအသင်း

စပိန်ကလပ် အက်သလက်တီကို မက်ဒရစ်အသင်းနှင့် ပရီမီယာလိဂ်ကလပ် ချယ်ဆီးအသင်းတို့၏ ချန်ပီယံလိဂ် ၁၆ သင်းအဆင့် ပထမအကျော့ပွဲစဉ်ကို ဖေဖော်ဝါရီ ၂၄ ရက် နံနက်ပိုင်းက ယှဉ်ပြိုင်ကစားခဲ့ရာ ဧည့်သည်ချယ်ဆီးအသင်းက တစ်ဂိုး-တစ်ဂိုးမရှိဖြင့် အနိုင်ရရှိခဲ့သည်။

အက်သလက်တီကိုမက်ဒရစ်အသင်းက နောက်ဆုံးနှစ်ပွဲဆက် နိုင်ပွဲမရမှုကို အဆုံးသတ်ရန် အတွက် ယနေ့ပွဲစဉ်တွင် အော့ဘလက်၊ လော်ရန်တေး၊ ဆာဗစ်၊ ဖီးလစ်ပီ၊ ဟာမိုဆို၊ ကော်ရဲရား၊ ကိုကီ၊ နီဂွက်ဇ်၊ လီမာ၊ ဆွာရက်ဇ်၊ ဖီးလစ်စသည့် ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။ ချယ်ဆီးအသင်းက အနိုင်ရရှိရေးကိုသာ ဦးတည်လာခဲ့ပြီး မန်ဒီ၊ ရူဒီဂါ၊ ခရစ္စတန်ဆန်၊ အက်စပီလီကျူတာ၊ အလွန်ဆို၊ ကိုဗာဆစ်၊ ဂျော်ဂျင်ဟို၊ အိုဒွိုင်း၊ ဝါနာ၊ မေဆင်မောင့် စသည့်ကစားသမားများဖြင့် ပွဲထွက်လာခဲ့သည်။

ယနေ့ပွဲစဉ်တွင် အက်သလက်တီကို မက်ဒရစ်အသင်းက ခံစစ်အသားပေးကစားမှုကြောင့် ချယ်ဆီးအသင်း၏ ထိုးဖောက်တိုက်စစ်ဆင်မှုများကိုသာ မကြာခဏမြင်တွေ့ခဲ့ရသည်။

*စာမျက်နှာ ၂၈ ကော်လံ ၁* ❖



အနိုင်ဂိုးသွင်းယူသည့် ချယ်ဆီးတိုက်စစ်မှူး ဂျီရုဒ် အက်သလက်တီကိုအသင်းဘက်သို့ ဘောလုံးကန်သွင်းယူစဉ်။